# ကြေးမုံ

**The Mirror**

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ တနင်္လာနေ့ (2-3-2015) (၈၁၃၂)


နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခုဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်းလိုက်နာနေပါ။ နိုင်ငံရေးနှင့်စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

# နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၅ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနားသဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား အထူးအလေးအနက်ဂုဏ်ပြုသတ်မှတ်ထားရှိသည့် သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။ ဤကဲ့သို့အစဉ်အလာကြီးမားသော မင်္ဂလာရက်မြတ်အချိန်အခါသမယတွင် တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြလျက် ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့အချိန်ကာလသည် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပြည်သူလူထုမှ ကိုယ်တိုင်ပါဝင်ဆန္ဒပြုကြပြီး ရွေးချယ်တင်မြှောက်ခဲ့သော ပါတီစုံဒီမိုကရေစီစနစ်အရ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ စတင်ဖွဲ့စည်းပြီး

**မျိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းကို ပုဂ္ဂလိကအခန်းကဏ္ဍမှ ပိုမိုတိုးတက်ပါဝင်ဆောင်ရွက်လာလျက်ရှိ။**

တာဝန်ယူခဲ့သည့် အစိုးရသစ်၏ သက်တမ်းကာလ လေးနှစ်ပြည့်မြောက်သော အချိန်အခါသို့ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဓိကရည်မှန်းချက် တာဝန်ဖြစ်သော တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးတည်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ လေးနှစ်တာကာလအတွင်း ရေရှည်အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းတာဝန်များအား လုပ်ငန်းစဉ် (၈)ရပ် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာအကြံပြုချက်

စာမျက်နှာ » ၆၊ ၇

မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် အခြေချ မှီတင်းနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုများ၏ သဘောထားခံယူချက် ထုတ်ပြန်ကြေညာ

စာမျက်နှာ » ၈

# ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျောက်တံခါးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်တံခါးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့တက်ရောက်၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက က မိမိတို့နိုင်ငံတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိရန် လိုအပ်ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်းထားသည့် အဖြေရလဒ်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးကဏ္ဍ တာဝန်ရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများနှင့် အမြဲထိတွေ့

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

# ယောဒေသ ကျေးလက်ပြည်သူများအား အကျိုးပြုနေသော ကားရထား



(ကလေး-ဝင်းသူ)

**ဤခရီးနီးသလား။**
**ငါးနာရီလာရ၏။**
**မီးရထားစီးလာပါ။**
**အလကားမစီးရ။**
**ဤအရာသတိထားပါ။**

ကျွန်တော်မူလတန်းပြ ဆရာဘဝက သူငယ်တန်းတွင် သင်ပေးခဲ့ရသော သူငယ်တန်းဖတ်စာပါ သင်ခန်းစာဖြစ်ပါသည်။ မူလတန်းပြဆရာအဖြစ် နှစ် ၂၀ တာဝန်ထမ်းဆောင်ခဲ့ရာ သူငယ်တန်းမှစတုတ္ထတန်းအထိ မသင်ဖူးသော အတန်းမရှိ။ သူများမသင်ချင်သော သူငယ်တန်းနှင့် စတုတ္ထတန်းတို့ကို အကြိမ်ကြိမ်သင်ပေးခဲ့သဖြင့် ယခုပင်စင်ယူပြီးသော်လည်း မမေ့သေး။ အလွတ်ရနေဆဲဖြစ်သည်။

ကျွန်တော်တို့ကလေးဒေသနှင့် ဂန့်ဂေါဒေသတွင် ၁၉၉၅ ခုနှစ်ရောက်မှ **စာမျက်နှာ ၈ ကော်လံ ၄ သို့**

**တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏**

**ကြေးမုံစာတည်းရှုထောင့်** **၂-၃-၂၀၁၅၊ တနင်္လာနေ့**

# ဂုဏ်ပြုရမည့် ကျေးဇူးရှင်များ

လူ့သမိုင်းအဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာပုံတို့ကို ပြန်ကြည့်မည်ဆိုပါက စက်မှုထွန်းကားလာခြင်း၊ အတတ်ပညာ၊ နည်းပညာမြင့်မားတိုးတက်လာခြင်းတို့ကြောင့်ဖွံ့ဖြိုးတိုးတက်လာခြင်းဟု ယတိပြတ် မဆိုနိုင်ချေ။ အမှန်တွင် လူ့သမိုင်းစတင်ဖွံ့ဖြိုးတိုးတက်လာခြင်းသည် လူတို့အတွက်မရှိမဖြစ်လိုအပ်သည့် အရေးသုံးပါးအနက် စားရေးတည်းဟူသော စားနပ်ရိက္ခာတို့ကို အဆင့်ဆင့်တိုးတက် လုပ်ကိုင်နိုင်ခဲ့သောကြောင့်ဖြစ်ပါသည်။

လူသားများအသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် လိုအပ်သော စားနပ်ရိက္ခာများကို တောင်သူလယ်သမားဦးကြီးများက ရှေးဦးကာလကပင် လယ်ယာမြေများတွင် ရုန်းကန်လှုပ်ရှား လုပ်ကိုင်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ထို့ကြောင့် တောင်သူလယ်သမားဦးကြီးများကို လူသားများ၏ အသက်သခင်ကျေးဇူးရှင်ဟု တင်စားခေါ်ဆိုချင်ပါသည်။

လူသားများအနေဖြင့် တောင်သူလယ်သမားကြီးများအား အစဉ်သဖြင့် ဂုဏ်ပြုကျေးဇူးတင်ကြရပေမည်။ ထိုသို့ ဂုဏ်ပြုကျေးဇူးတင်အပ်သည်ဆိုရာ၌ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ ၂ ရက်(ယနေ့)သို့ရောက်တိုင်း အဆိုပါ တောင်သူလယ်သမားဦးကြီးများအား ဂုဏ်ပြုသောအားဖြင့် တောင်သူလယ်သမားနေ့ကို ကျင်းပလေ့ရှိပါသည်။ တောင်သူလယ်သမားနေ့တွင် တောင်သူလယ်သမားဦးကြီးများအား ဂုဏ်ပြုခြင်းသည် မြန်မာနိုင်ငံသားအားလုံးကိုယ်စား ကျေးဇူးတင်အသိအမှတ်ပြုခြင်းလည်း မည်ပေသည်။

မြန်မာနိုင်ငံ၏လူဦးရေသည် ၁၉ ရာစုခေတ်က ၁၀ သန်းကျော်သာရှိသော်လည်း ယခု ၂၁ ရာစုခေတ်တွင် လူဦးရေ သန်းပေါင်း ၅၀ ကျော်ရှိနေလေပြီ။ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသော လူဦးရေအတွက် စားနပ်ရိက္ခာများကို ဖြည့်ဆည်းပေးနေသည်မှာ တောင်သူလယ်သမားဦးကြီးများပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာ ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြပါသည်။

လယ်ယာစိုက်ပျိုးသူများနှင့် ပြည်သူပြည်သားများ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အပြန်အလှန်ကျေးဇူးပြုသောအားဖြင့် တောင်သူလယ်သမားဦးကြီးများအား ပြည်သူပြည်သားများကိုယ်စား နိုင်ငံတော်က လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သော စိုက်ပျိုးရေရရှိစေရန် ဆည်မြောင်းတာတမံများကို နိုင်ငံအနှံ့တည်ဆောက်ပေးပြီး ဖြည့်ဆည်းပေးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် နှစ်စဉ်လိုအပ်သည့် အရင်းအနှီးဖြစ်သော စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။ စပါးအထွက်တိုးရေးအတွက် နည်းပညာနှင့် အထွက်တိုးနည်းနှင့်ပစ္စည်းများကို ကူညီပေးလျက်ရှိသည့်အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက်လည်း လိုအပ်သော လယ်ယာသုံးစက်ကိရိယာနှင့် ပစ္စည်းများကို အရစ်ကျ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရပါသည်။

ထို့အပြင် တောင်သူလယ်သမားဦးကြီးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို နိုင်ငံတော်က လုပ်ငန်းစဉ်(၈) ရပ်ချမှတ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးနေပါသည်။ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်ဖြင့် အဘက်ဘက်က တိုးတက်လာအောင် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ပေးလျက်ရှိရာ ယခုအခါ ကျေးလက်ဒေသအများစု ယခင်နှင့်မတူ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ အများဆုံးဖြစ်ပါသည်။ ပြည်တွင်းစားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေရုံသာမက ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနေသောလုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် တိုင်းပြည်ဝင်ငွေတိုးတက်ရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကအရင်းအမြစ်ဖြစ်သော လယ်ယာလုပ်သားများ ဖွံ့ဖြိုးရေး တစ်နည်းအားဖြင့် တောင်သူလယ်သမားဦးကြီးများဘဝ မြင့်မားတိုးတက်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ။

# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဖွဲ့ချုပ်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ငါးစားသုံးမှုကဏ္ဍတွင် သဘာဝအင်းအိုင်၊ မြစ်ချောင်းများနှင့်ပင်လယ်ပြင်မှ ဖမ်းဆီးရရှိသည့် ငါး၊ ပုစွန်များရှားပါးဈေးကြီးမြင့်မားမှုများဖြစ်ပေါ်ခဲ့မှုများကြောင့် မွေးမြူရေးငါးများသည် ပြည်တွင်းငါးစားသုံးမှုလိုအပ်ချက်မှာ အဓိကနေရာသို့ တစ်နှစ်ပြီးတစ်နှစ် အရေးပါရောက်ရှိလာသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေး (GST) များ ခွင့်ပြုထားသည်။ ယခုအချိန်အခါကောင်းတွင် ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားမြင့်မားကာ မွေးမြူချိန်ကာလတိုတောင်းပြီး တစ်ဧက ထွက်နှုန်းမြင့်မားသည့် တီလားပီးယား၊ ကကတစ်၊ မျိုးစပ်ငါးခူ၊ ငါးရံ့စသည့် ငါးမျိုးများနှင့် တိုင်းရင်းငါးမျိုးများကို တိုးချဲ့ပြောင်းလဲမွေးမြူ ထုတ်လုပ်ကြမည်ဖြစ်ကြောင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများမှ အစာကဏ္ဍ၏ အရေးပါ အရာရောက်မှုများအပေါ်တွင် မူတည်ပြီး ခေတ်မီအစာစပ် စက်ရုံများကလည်း HACCP၊ GMP၊ ISO ကျင့်စဉ်များကို လိုက်နာကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ ခေတ်မီမွေးမြူရေးစနစ်များဖြစ်သည့် ကောင်းမွန်မည့်မွေးမြူရေးကျင့်စဉ် (GAP) များ မဖြစ်မနေလိုက်နာကျင့်သုံးကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားအတည်ပြုချက်ရယူသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူ သုံးဦး၊ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူ ငါးဦး၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ (FAO) ဆုရရှိသူများနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အသင်းသူ အသင်းသားများ၏ သားသမီးများ ပညာရည်ချွန်ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များဖိတ်ခေါ်

**နေပြည်တော် မတ် ၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ် မတ် ၂၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အတွက် ဆောင်ပုဒ်မှာ Forests/Climate/Change ဖြစ်ပြီး "ဥတုရာသီ တောကိုမှီ" ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများကျင်းပသည်။

သို့ပါ၍ အထက်ပါခေါင်းစဉ်ဖြင့် ဆောင်းပါးနှင့် ဓာတ်ပုံများကို ပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ လည်းကောင်း၊ ကွန်ပျူတာစာလုံး Win-Innwa သို့မဟုတ် Myanmar Unicode (Myanmar 2) စာလုံး အရွယ်အစား ၁၈(Fontsize 18)၊ ကွန်ပျူတာစာလုံး Myanmar Unicode (Myanmar 3)စာလုံး အရွယ်အစား ၁၄ (Fontsize 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်ဖြစ်သည်။

ဓာတ်ပုံများ ရိုက်ကူးပေးပို့ရာတွင် ပြိုင်ပွဲဝင်သူ တစ်ဦးသည် ပြိုင်ပွဲဝင် ဓာတ်ပုံအား (၁၀ × ၁၂)လက်မထက် မငယ်သော၊ (၁၀×၁၅)လက်မထက် မကြီးသော အရွယ်အတွင်း ဓာတ်ပုံများကို တစ်ဦးလျှင် လေးပုံနှုန်းဖြင့် တင်သွင်းနိုင်ပြီး မူရင်းဖိုင်မှာ CD(300 dpi) ပုံကြီး ချဲ့နိုင်သော အဆင့်ရှိရမည်။ မည်သည့် ကင်မရာအမျိုးအစားကိုမဆို အသုံးပြုခွင့်ရှိပြီး ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ထားသော ပုံများမဖြစ်စေရ။ ကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရပမည်။ ဓာတ်ပုံတစ်ပုံစီအတွက် ဓာတ်ပုံအကြောင်းအရာအပြည့်အစုံ၊ တည်နေရာအပြည့်အစုံ ဖော်ပြရမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် အထောက်အကူပြုပုံများ ဖြစ်ရမည်။

ပြိုင်ပွဲဝင်ဆောင်းပါးနှင့် ဓာတ်ပုံများပေးပို့ရာတွင် (Hard Copy) တစ်စုံနှင့် CD ဖြင့် (Soft Copy)တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဖအမည်၊ ကိုယ်ရေးရာဇဝင်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ သစ်တောဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၉) နေပြည်တော် ဖုန်း ၀၆၇-၄၀၅၃၉၄၊ ၀၆၇-၄၀၅၁၁၃၊ e-mail fdextension39@gmail.com သို့ မတ် ၉ ရက်(တနင်္လာနေ့) ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်သည်။

ဆုရရှိသူများကို နေပြည်တော်၌ ကျင်းပမည့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ်အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

**(ကြေးမုံ)**

# တိုက်ပွဲရှောင်ပြည်သူများအား လှူဒါန်း

**လားရှိုး မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိမ်းလန်းမြေလူငယ်ဖွံ့ဖြိုးရေးပရဟိတအသင်းမှ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၊ လားရှိုးမြို့စစ်ဆေးရုံအတွင်းရှိ တိုက်ပွဲအတွင်း ဒဏ်ရာရတပ်မတော်သားများအတွက် တစ်ဦးလျှင် ငါးသေတ္တာ၊ လက်ဖက်နှင့် အကြော်စုံ၊ မာမားခေါက်ဆွဲခြောက်၊ ကွေကာအုပ်၊ ကော်ဖီမစ်၊ ဘီစကွတ်၊ ပေါင်မုန့်၊ ပဲစိမ်းကြော်နှင့် ငါးခြောက်ကြော်စသည့် စားစရာပစ္စည်း ကိုးမျိုးကို ပေးအပ်လှူဒါန်းခဲ့ပြီး ရှေ့တန်းရောက်စစ်သည်များအတွက် စားစရာပစ္စည်းများပေးအပ်လှူဒါန်းခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀ ရှိကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**







**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း**
**အထူးစီမံကိန်းကြီးအဖွဲ့(၅)**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်တည်ဆောက်မည့် သံလွင်တံတား(ချောင်းဆုံ) တည်ဆောက် ရေးစီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ) ဖြင့်ဝယ်ယူလိုပါသည်။

(က) 20' x 5' x 5/16"(8mm)thick M.S Plate - 500Ton

| | |
|---|---|
| တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - ၁၁-၃-၂၀၁၅၊ (၁၂:၀၀)နာရီ |
| တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - ၁၁-၃-၂၀၁၅၊(၁၄:၀၀)နာရီ |
| တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ | - ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။ |

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို(၂-၃-၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၅)ရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။

# တောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့

**✻ ရွှေဖုံးမှ**

တောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ထင်ရှားမြင်သာသောအောင်မြင်မှုများ အထိုက်အလျောက် ရရှိခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် တောင်သူလယ်သမားထုအား ကိုယ်စားပြုသော လယ်ယာကဏ္ဍကို အဓိကအားထားနေရသည့် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်အရင်းအနှီးအထောက်အကူဖြစ်စေရန် သင့်တင့်သောချေးငွေများအကူအညီပေးရေး၊ လယ်ယာထွက်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသောဈေးနှုန်းနှင့် ခိုင်မာသောဈေးကွက်ရရှိရေး၊ နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ လွယ်ကူအဆင်ပြေစေရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်နစ်နာမှုများအတွက် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများ အကျိုးငှာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် နည်းဥပဒေများအား ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ယခင်က သဘာဝမိုးရေကိုသာ မှီခိုအားထားပြီး စိုက်ပျိုးကြရသည့် လယ်မြေများကို ဆည်ရေသောက်စနစ်များ တည်ဆောက်ပေးနိုင်ခြင်းအားဖြင့် မူလက တစ်သီးပင်လျှင် မသေချာသည့်အခြေအနေမှ သီးထပ်သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ကြမည်ဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။

ယခင် အစိုးရအဆက်ဆက်ကာလ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ၊ ပိုမို၍ထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းမွမ်းမံလုပ်ဆောင်ခြင်းအပါအဝင်၊ မပြီးပြတ်သေးသော စီမံကိန်းလုပ်ငန်းကြီးများ၊ ရေပေးမြောင်းစနစ်များအား ရာနှုန်းပြည့်ပြီးစီးရေးအတွက် မျက်ခြည်မပြတ် မူလစီမံကိန်းအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မိရိုးဖလာစနစ် လယ်ကွက်ငယ်များကို ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာစနစ် ဧကကွက်၊ ဟက်တာကွက်များအဖြစ်သို့ လယ်ယာမြေအဆင့်မြှင့်တင် ဖော်ထုတ်ကူးပြောင်းပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြုပြီး ပြည်ထောင်စုတစ်ဝန်းလုံး ပျံ့နှံ့အကောင်အထည်ဖော်နိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲကြိုးပမ်းလျက် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖော်ဆောင်ပေးလျက်ရှိနေပါသည်။

စိုက်ပျိုးသီးနှံများ၏ အရည်အသွေးနှင့် တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ တီထွင်ကြံဆပြီး၊ တောင်သူလယ်သမားများ၏ လက်ဝယ်အရောက် လေ့ကျင့်ပညာပေးခြင်းလုပ်ငန်းများအား တောင်သူလယ်သမားများနှင့်အတူ လက်ချင်းတွဲပြီး ကြိုးပမ်းဆောင်ရွက်နေကြသည်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ အခိုင်အမာတည်ဆောက်ပေးနေခြင်းဖြစ်ပါသည်။

နိုင်ငံနှင့်အဝန်း မြို့နယ်တိုင်း၊ ကျေးရွာတိုင်းတွင် တောင်သူပညာပေး စံနမူနာပြစိုက်ကွင်းများ ထူထောင်စိုက်ပျိုးပြသပြီး တစ်နိုင်ငံလုံးပျံ့နှံ့အောင် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သော စပါးသီးနှံအပါအဝင် ဝင်ငွေရသီးနှံအမယ်အလိုက် အရည်အသွေးများ တိုးတက်မြင့်မားရေးနှင့် တစ်ဧကအထွက်နှုန်းများ ထိထိရောက်ရောက် တိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၏ အဆင့်မြင့် ခေတ်မီနည်းပညာစွမ်းအားဖြင့် စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ စပ်မျိုးနေကြာ၊ စပ်မျိုးဟင်းသီးဟင်းရွက် မျိုးစေ့များကို ခေတ်မီမျိုးစေ့ထုတ်နည်းပညာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းကို ပုဂ္ဂလိကအခန်းကဏ္ဍမှ ပိုမိုတိုးတက်ပါဝင်ဆောင်ရွက်လာလျက်ရှိနေသည်မှာ တောင်သူလယ်သမားများအတွက် အလားအလာကောင်းများအဖြစ် အားရဖွယ်မြင်တွေ့နေရပြီဖြစ်ပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိရေးနှင့် အခြေခံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိနိုင်ရေးအတွက် အဓိက အခြေခံလိုအပ်ချက်ဖြစ်သည့် ခိုင်မာသောဈေးနှုန်းဖြင့် ရောင်းချနိုင်မည့် ပြည်တွင်း၊ ပြည်ပဈေးကွက်နေရာ ရရှိနိုင်ရေးအချက်အပေါ်တွင် ယခင်က စိုက်ပျိုးရေးထုတ်ကုန်သီးနှံများကို ကုန်ကြမ်းအဆင့်အနေဖြင့်သာ တင်ပို့ရောင်းချခဲ့သည့် အနေအထားမှ တန်ဖိုးမြင့်ထုတ်ကုန် ကုန်ချောများအဖြစ်သို့ အဆင့်မြှင့်တင်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် ခေတ်မီအဆင့်မြင့် ဆန်စက်နှင့် ဆီစက်များ၊ အဆင့်မြင့် သစ်သီးဝလံသန့်စင်စက်နှင့် ခေတ်မီထုပ်ပိုးစက်များဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး လုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

နိုင်ငံနှင့်အဝန်း ကျယ်ပြန့်စွာ ဖြန့်ကြက်တည်ရှိနေထိုင်နေကြသည့် လူများစုဖြစ်သော လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏အားကို လယ်ယာထုတ်ကုန် သမဝါယမအသင်းအဖွဲ့များဖွဲ့စည်းထူထောင်ပြီး "မျိုးစေ့ချ စတင်စိုက်ပျိုးသည့်အဆင့်"မှ "ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့်ထိ"လုပ်ငန်းစဉ် အဆင့်အားလုံးတွင် တောင်သူလယ်သမားများ လက်တွေ့ပါဝင်လုပ်ဆောင်ခွင့်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများ ခံစားခွင့်ရရှိရေးအတွက် "သမဝါယမကဏ္ဍ"မှ ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်ကြရမှာဖြစ်ပါသည်။

တောင်သူလယ်သမားများ ရာသီအလိုက် တစ်ရာသီပြီးတစ်ရာသီ စိုက်ပျိုးထုတ်လုပ်ထွက်ရှိလာသော သီးနှံများအပေါ် ခိုင်မာသောဈေးနှုန်းနှင့် ဝင်ငွေပိုမိုတိုးတက်ရရှိနိုင်မည့် ပြည်တွင်းပြည်ပမှ ခိုင်မာသောဈေးကွက်နေရာရရှိရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ခြင်းကြောင့် လယ်ယာထွက်ကုန်သီးနှံများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့်စနစ်ဖြစ်သော နိုင်ငံတကာအဆင့်မီ **"လက်ကားဈေးကွက်" "Wholesale Market"**များ ပေါ်ပေါက်လာရေးအတွက်လည်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ခေတ်မီစိုက်ပျိုးနည်းပညာများ တောင်သူလက်ဝယ်အရောက် အလွယ်တကူရောက်ရှိရေး ပညာပေးလုပ်ငန်းအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များဖြစ်သည့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တောင်သူလယ်သမားကြီးများ သိရှိအသုံးချနိုင်ရေးအပါအဝင် တောင်သူလယ်သမားများ၏ စိတ်လက်အပန်းဖြေအနားယူမှုကို အထောက်အပံ့ဖြစ်စေမည့် လယ်ယာကဏ္ဍဆိုင်ရာ သတင်းများ၊ ပညာပေးနှင့် ဖြေဖျော်ရေးအစီအစဉ်များ ကဏ္ဍစုံပါဝင်သော "တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း(Farmer Channel)"အစီအစဉ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေး လျက်ရှိနေပြီဖြစ်ပါသည်။

နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားကြီးများကို ဂုဏ်ပြုသောအားဖြင့် ဂီတပညာရှင်များ ရေးစပ်သီကုံးသော တောင်သူလယ်သမားဂုဏ်ပြုတေးသီချင်းပြိုင်ပွဲများကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိနေပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

လူသားတိုင်း၏ နေ့စဉ်ဘဝတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးဆိုင်ရာ အခြေခံလိုအပ်ချက်များအနက် နေ့စဉ်မရှိမဖြစ် အဓိကလိုအပ်ချက်ကြီးမှာ **"စားရေရိက္ခာနှင့် အာဟာရ"**လိုအပ်ချက် ဖြစ်ပါသည်။ ကမ္ဘာကြီး၏ အရွယ်အစားကို တိုးချဲ့ပြောင်းလဲရန် မဖြစ်နိုင်သော်လည်း ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးတက်လျက်ရှိရာ လက်ရှိယနေ့လူဦးရေ သန်းပေါင်း ၇၀၀၀ ကျော်မှာ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၉၀၀၀ ရှိလာမည်ဖြစ်သည့်အတွက် လိုအပ်လာမည့် စားရေရိက္ခာကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ပါသည်။

ကမ္ဘာကြီးပူနွေးလာနေမှုနှင့် တစ်ဆက်တည်း ကမ္ဘာ့ရာသီဥတု၏ ပြင်းထန်စွာ ပူပြင်းခြောက်သွေ့ခြင်း၊ လွန်ကဲစွာ မိုးသည်းထန်ခြင်း၊ အအေးလွန်ခြင်းကြောင့် ဆီးနှင်းကျခြင်း၊ လေမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ငလျင်ကြီးများ လှုပ်ခြင်း၊ ဆူနာမီလှိုင်းများ ကျရောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားရေရိက္ခာ မလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတိုင်းအလေးထား ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်နေကြလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်လည်း လာမည့်မကြာတော့မည့် နှစ်အနည်းငယ်အတွင်း တိုးပွားလာမည့် လူဦးရေသန်း ၁၀၀ ကျော်အတွက် နိုင်ငံ၏ စားရေရိက္ခာလုံခြုံစိတ်ချမှုရှိရုံသာမက နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံ၏ သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝမှုနှင့် စိုက်ပျိုးရေးအတွက် အလွန်ကောင်းမွန်သော သဘာဝမှပေးသည့် ရာသီဥတုအခြေအနေကောင်းများနှင့် အလွန်ရိုးသားဖြူစင်ကြပြီး အလွန်အလုပ်ကြိုးစားကြသည့် တောင်သူလယ်သမားတို့၏ အင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်ပါသည်။

အခြေအနေအချိန်အခါကောင်းကို အထိရောက်ဆုံး၊ အကျိုးရှိဆုံး၊ အသုံးချ အကောင်အထည်ဖော်ရာတွင် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့်ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရန် ကိုယ်ကိုယ်တိုင်ကြီးပွားအောင်မြင်လိုစိတ်ဖြင့် ကိုယ်တိုင်ပါဝင် ကြိုးစားလုပ်ဆောင်ကြရန် စိတ်ဓာတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း၊ ခေတ်မီဆည်ရေသောက်လယ်ယာမြေစနစ်သို့ပြောင်းလဲခြင်း၊ သမားရိုးကျလက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်း၊ မိရိုးဖလာ မျိုးစေ့များအစား အထွက်နှုန်းကောင်းမျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြောင်းလဲအသုံးပြုခြင်း၊ သီးနှံစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေး ပညာပေးဆောင်ရွက်ခြင်း၊ ဈေးကွက်ကိုယှဉ်ပြိုင်နိုင်မည့် အဆင့်မြင့်လယ်ယာထွက်ကုန်များ၊ အဆင့်မြင်အရည်အသွေးကောင်း တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့ကို ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ကြမှသာလျှင် လယ်ယာကဏ္ဍကြီးတစ်ခုလုံး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားအားလုံးတို့၏ အခြေခံလိုအင်ဆန္ဒအစစ်အမှန်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအား အရှိန်အဟုန်မြှင့်တင် တည်ဆောက်အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြံဆရှာဖွေကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

**ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွားအတွက် "တစ်လှေတည်းစီး၊ တစ်ခရီးတည်း အတူသွားခရီးသွားဖော်" များအဖြစ် ရှေ့တွင်ကြုံတွေ့ရင်ဆိုင်ကြရမည့်စိန်ခေါ်မှုများနှင့် အတားအဆီးများ၊ အခက်အခဲမှန်သမျှတို့ကို "အေးအတူတူ၊ ပူအမျှ" အတူတကွလက်တွဲရင်ဆိုင်ကျော်ဖြတ်ကြပြီး ရည်မှန်းချက်ပန်းတိုင်သို့အရောက်ချီတက်ကြပါစို့ဟု အလေးအနက်တိုက်တွန်းအပ်ပါသည်ခင်ဗျား။**

---

**○ တောင်သူမှ**

၁၃ ၊၁၄ ၊၁၅ ၊၁၆ ရက်မှာ ပြုလုပ်ကြပါတယ်၊ မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများမှာရှိတဲ့ ဟိန္ဒူဘာသာဝင် တမီလ်မျိုးနွယ်စုအတွက်ကတော့ အလွန်အရေးကြီးတဲ့ပွဲဖြစ်ပါတယ်။ ဒီလိုနိုင်ငံခြားက အဆိုတော်တွေကို ပင့်ဖိတ်တာဒါပထမဆုံးအကြိမ်ပါ။ ဒါကြောင့် မြန်မာနိုင်ငံမှာ အထိမ်းအမှတ်နေ့ဖြစ်တဲ့ တောင်သူလယ်သမားနေ့နဲ့လည်း တိုက်ဆိုင်နိုင်တဲ့ရက်ကို ရွေးပြီးကျင်းပတာဖြစ်ပါတယ်" ဟု ဆိုသည်။

တောင်သူလယ်သမားနေ့အထိမ်းအမှတ်ဂုဏ်ပြုအခမ်းအနား ညနေပိုင်းအစီအစဉ်၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော တမီလ် ဟိန္ဒူမျိုးနွယ်စုများအတွက် အိန္ဒိယနိုင်ငံ SIMS Hospital (Chennai) မှ Free Medical Check Up နှင့် လေယာဉ်လက်မှတ်အသွားအပြန်အတွက် Lucky Draw အစီအစဉ်များပါဝင်ကာ ကံထူးရှင် ၁၀ ဦး၏ ပေါက်မဲနံပါတ်များအား အိန္ဒိယနိုင်ငံမှ နာမည်ကြီးအနုပညာရှင်များက ရွေးချယ်ကြေညာပေးခဲ့ပြီး ည ၉ နာရီထိဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်ခဲ့ကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**

---

# ကံမမြို့နယ်မှ ရေရှားပါးသောကျေးရွာများတွင် မိုးရေလှောင်ကန်များ တူးဖော်ထားရှိ

**ကံမ မတ် ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်း ကံမ-ပြည် မော်တော်ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများနှင့် အခြားရေရှားပါးသောကျေးရွာများတွင် သောက်သုံးရေအခက်အခဲမရှိစေရန် မြို့နယ်မှ တာဝန်ရှိသူများနှင့်ပညာရှင်များ ပူးပေါင်း၍ စက်ရေတွင်းများတူးဖော်ပေးရန်အတွက် ခေတ်မီစက်ကိရိယာများဖြင့် မြေအောက်ရေကို စမ်းသပ်တိုင်းတာရာ အနက်ပေ ၁၀၀၀ ကျော်သည့်တိုင်အောင် ရေမတွေ့ရှိရသဖြင့် စက်ရေတွင်းတူးဖော်ရန်မှာ အခက်အခဲများစွာရှိနိုင်ကြောင်း၊ မိုးရေလှောင်ကန်များ တူးဖော်ပေးခြင်းဖြင့်သာလျှင် အဆိုပါကျေးရွာများ၌ နေထိုင်ကြသော ပြည်သူတို့၏ သောက်သုံးရေရှားပါးသည့် ပြဿနာကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတို့က ဆုံးဖြတ်ခဲ့ကြသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ခွင့်ပြုငွေဖြင့် သစ်မယ်ဇီ၊ ဒါန်းကိုင်း၊ ဒဂုံကွင်း၊ ပြောင်ကျ၊ ပယ်ကျ၊ ညောင်ကိုင်း၊ သက္ကယ်မြောင်၊ ထောက်ကြံ့ကွင်း၊ သာစည်၊ ဇီးဖြူကွင်း၊ ရွာသာလှ၊ ဘန့်ဘွေးကျင်း အစရှိသည့်ကျေးရွာ ၁၂ ရွာတို့တွင် ပေ ၁၀၀ ပတ်လည်၊ အနက် ခြောက်ပေရှိ ရေဂါလန် နှစ်သိန်းခန့်ဆံ့သော မိုးရေလှောင်ကန်များကို တူးဖော်ပေးခဲ့သည်။ အလားတူ လိန်တုန်းကျေးရွာနှင့် ပေပင်ကျေးရွာတို့၌လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အလှူရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် မိုးရေလှောင်ကန်များ တူးဖော်ပေးခဲ့သည်။ ထို့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း မုန်းဒါးကြီးကျေးရွာနှင့် မုန်းဒါးလေးကျေးရွာတို့တွင်လည်းမိုးရေလှောင်ကန်များတူးဖော်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

မိုးရေလှောင်ကန်များ အစဉ်သဖြင့် သန့်ရှင်းနေစေရေးအတွက် ကျွဲနွားတိရစ္ဆာန်များ ဝင်ရောက်နိုင်ခြင်းမရှိစေရန် ခြံစည်းရိုးများကာရံထားရှိပြီး ရေသုံးစွဲသူများအနေဖြင့်လည်း လက်နှိပ်တုံကင်များမှ တစ်ဆင့်ခပ်ယူကြရသည်။ အဆိုပါမိုးရေလှောင်ကန်များ တူးဖော်ထားရှိပေး၍ ပြည်သူများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိသည့်အပြင် ရေရှားပါးသည့် အခက်အခဲများကိုဖြေရှင်းနိုင်ခဲ့ပြီး ယခုနှစ်နွေရာသီကာလတွင် ရေလုံလောက်မှုအပြည့်အဝရှိနိုင်ကြောင်းသိရသည်။ **ကျော်ဇေယျဝင်း(iprd)**

# မင်းသားဝီလျံ ဂျပန်ခရီးစဉ်တွင် ဆူနာမီဘေးဒဏ်မှ လွတ်မြောက်သူများနှင့် တွေ့ဆုံ

**တိုကျို မတ် ၁**

ကင်းဘရစ်မြို့စား ဗြိတိသျှတော်ဝင်မင်းသား ဝီလျံ၏ ဂျပန်နိုင်ငံခရီးစဉ်တွင် ဆူနာမီသဘာဝ ဘေးဒဏ် ခံစားခဲ့ရသည့် ဂျပန်လူမျိုးများနှင့် တွေ့ဆုံခဲ့ပြီး ထိတ်လန့်ဖွယ်ရာ အဖြစ်အပျက်များကို နားထောင်ခွင့်ရခဲ့သည်။

မင်းသားဝီလျံသည် ၎င်း၏ ဂျပန်နှင့် တရုတ်နိုင်ငံတို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၁၁ ခုနှစ်က သဘာဝဘေးဒဏ်ကြောင့် လူထောင်ပေါင်းများစွာ သေဆုံးခဲ့သည့် ဂျပန်နိုင်ငံအရှေ့မြောက်ကမ်းရိုးတန်းဒေသသို့ သွားရောက်လေ့လာခဲ့သည်။

ဝီလျံသည် အိုင်ရှီနိုမာကီမြို့တွင် အိုင်ရှီနိုမာကီနေ့စဉ်သတင်းစာမှ အငြိမ်းစားသတင်းစာဆရာ ဟီရိုယူကီ တာကူချီနှင့် တွေ့ဆုံခဲ့သည်။ အဆိုပါသတင်းစာသည် ဆူနာမီသဘာဝဘေး ဖြစ်ပေါ်ခဲ့သည့်နေ့များအတွင်း သတင်းစာကို လက်ရေးဖြင့် တည်းဖြတ်ရေးသားထုတ်ဝေခဲ့ရသည့် သတင်းစာဖြစ်သည်။

“၉/၁၁ ဖြစ်ရပ်လိုပါပဲ။ ဆူနာမီဖြစ်ပေါ်ခဲ့တဲ့ပုံရိပ်တွေကို လူတိုင်းသတိရနေမှာပါ။ အဲဒီအချိန်တုန်းက ကိုယ်ဘယ်နေရာမှာ ရှိနေတယ်ဆိုတာကို မှတ်မိနေကြမှာဖြစ်သလို ခင်ဗျားတို့ရော အခြားလူတွေရော မယုံနိုင်စရာ အဖြစ်အပျက်တွေကို ထိတ်လန့်ကြောက်ရွံ့နေခဲ့ကြမှာပါ” ဟု မင်းသားဝီလျံက ပြောကြားသည်။

မစ္စတာ တာကူချီက “ရုတ်တရက် ငရဲပြည်ရောက်သွားသလိုပါပဲ။ လမ်းမတွေပေါ်မှာ လူတွေသေကုန်ကြတာ အတုံးအရုံးပဲ။ ခုထိ ကျွန်တော့်မျက်စိထဲမှာ မြင်ယောင်နေတုန်းပဲ” ဟု ပြောကြားသည်။




၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ဂျပန်နိုင်ငံတွင် ပြင်းအား ၉ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၁၉၀၀၀ နီးပါး သေဆုံးခဲ့သည်။ အိုင်ရှီနိုမာကီမြို့သည် တိုကျိုမြို့ အရှေ့မြောက်ဘက် မိုင် ၂၂၀ အကွာတွင် တည်ရှိပြီး ၂၀၁၁ ခုနှစ်က သဘာဝဘေးဒဏ်ကြောင့် လူပေါင်း ၃၀၀၀ သေဆုံးခဲ့ရသလို အိမ်ခြေ ၄၀၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။

မင်းသားဝီလျံသည် မစ္စတာ တာကူချီကို သဘာဝဘေးအန္တရာယ် မှတ်တမ်းပြတိုက်ငယ်တစ်ခုတွင် တွေ့ဆုံခဲ့ပြီး ယင်းပြတိုက်တွင် လက်ရေးဖြင့် ရေးသားထုတ်ဝေခဲ့သည့် ပိုစတာအရွယ်အစားရှိသော သတင်းစာများကို ပြသထားသည်။ **(အပေါ်ပုံ)**

မင်းသား ဝီလျံ၏ ဂျပန်နိုင်ငံခရီးစဉ်သည် နှစ်ပေါင်း ၃၀ ကာလအတွင်း ဗြိတိသျှတော်ဝင် မိသားစုဝင်တစ်ဦး၏ ပထမဆုံး တရားဝင်ခရီးစဉ်တစ်ခုဖြစ်သည်။

**ဘီဘီစီ။**

# အီဂျစ်ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ အချိန်ဇယားသစ်ရေးဆွဲရန် လုပ်ဆောင်



**ကိုင်ရို မတ် ၁**

အီဂျစ်ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲအတွက် အချိန်ဇယားသစ်ရေးဆွဲရန် ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ရွေးကောက်ပွဲဥပဒေတွင် ပါဝင်သောဆန္ဒမဲပေးနိုင်သည့်ဒေသများမှာ အခြေခံဥပဒေနှင့် မညီညွတ်ဟုတရားရုံးက ဆုံးဖြတ်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ရွေးကောက်ပွဲ ကော်မရှင်က မတ် ၁ ရက်တွင် ပြောကြားလိုက်သည်။

ရွေးကောက်ပွဲအတွက် အချိန်ဇယားအသစ်သတ်မှတ်ခြင်းသည် မဲပေးခြင်းကို နှောင့်နှေးစေပြီး ယင်းသည် တပ်မတော်ကသတ်မှတ်ထားသော နိုင်ငံရေးလမ်းပြမြေပုံ၏ နောက်ဆုံးအဆင့်ဖြစ်သည်။

လိုအပ်သောဥပဒေပြင်ဆင်ချက်များ ထုတ်ပြန်ပြီးလျှင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အချိန်ဇယားအသစ်အတွက်ပြင်ဆင်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။

သမ္မတရုံးမှထုတ်ပြန်ချက်အရ ရွေးကောက်ပွဲများ စောလျင်စွာကျင်းပနိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုကို သမ္မတ အယ်လ်စီစီ **(ဝဲပုံ)** က လိုလားလျက်ရှိပြီး ၎င်းအချက်သည် အီဂျစ်လူမျိုးများအတွက် ပြီးပြည့်စုံသည့် နိုင်ငံရေးလမ်းပြမြေပုံဖြစ်ကြောင်း သိရသည်။

အီဂျစ်ပြည်သူ့လွှတ်တော်တွင် အမတ်နေရာ ပေါင်း ၅၆၇ နေရာရှိပြီး ၎င်းတို့အနက် ၄၂၀ ကိုလွတ်လပ်စွာ ရွေးချယ်ပြီး ၁၂၀ ကို လူကြိုက်အများဆုံးပုဂ္ဂိုလ်များအား ရွေးချယ်လေ့ရှိသည်။ ကျန်အမတ်နေရာများကို သမ္မတက ခန့်အပ်သည်။

**ရိုက်တာ။**

■

# မော်စကိုမြို့တော်တွင် ဘောရစ်နမ်ဆော့ဗ်အမှတ်တရ လူထောင်ပေါင်းများစွာ စုပေါင်းချီတက်

**မော်စကို မတ် ၁**

လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ထင်ရှားသော ရုရှားအတိုက်အခံနိုင်ငံရေးခေါင်းဆောင် ဘောရစ်နမ်ဆော့ဗ်ကို အောက်မေ့သတိရခြင်းအထိမ်းအမှတ် လမ်းလျှောက်ချီတက်ခြင်းကို မော်စကိုမြို့တော်တွင် ပြုလုပ်ခဲ့သည်။

နမ်ဆော့ဗ်သည် စစ်ဆန့်ကျင်ရေးနှင့် သမ္မတပူတင်ဆန့်ကျင်ရေး စုဝေးပွဲတစ်ခုကို မော်စကိုမြို့တော်တွင် ဦးဆောင်လှုပ်ရှားရန် စီစဉ်ထားသည်။ ယင်းအတွက်သူ့ကို အမှတ်တရ ဂုဏ်ပြုသည့်အနေဖြင့် လူ ၅၀၀၀၀ ခန့်အထိ စုပေါင်းချီတက်ခဲ့ကြသည်။ နမ်ဆော့ဗ် သည် ရုရှားလူထု၏ အခွင့်အရေးအတွက် အမြဲတမ်းလှုံ့ဆော်စည်းရုံးခဲ့သူဖြစ်ကြောင်း အမေရိကန်သမ္မတ ဘာရက် အိုဘားမားက ပြောကြားသည်။

အဆိုပါလုပ်ကြံသတ်ဖြတ်မှုသည် လူငှားသတ်ခြင်းဖြစ်ဖွယ်ရှိပြီး သွေးထိုးလှုံ့ဆော်သည့် လုပ်ရပ်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။ လူသတ်မှု စုံစမ်းစစ်ဆေးခြင်းကို ပူတင်ကိုယ်တိုင် ကြီးကြပ်မည်ဟု ကရင်မလင်နန်းတော်ကပြောကြားသည်။မစ္စတာပူတင်က နမ်ဆော့ဗ်၏ မိခင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ပြီး ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် နမ်ဆော့ဗ်သေဆုံးရခြင်းသည် ထာဝရဆုံးရှုံးမှုတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဗွီအိုအေ။**




# ရုရှားသမ္မတရုံးဝန်ထမ်းများ လစာငွေ ၁၀ ရာခိုင်နှုန်းလျှော့ချမည်

**မော်စကို မတ် ၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်း၏ ဝန်ထမ်းများ လစာကို ၁၀ ရာခိုင်နှုန်းဖြတ်တောက်မည်ဖြစ်ကြောင်း ကြေညာသည်ဟု ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လွှတ်တော်အမတ်များ၏ လစာငွေနှင့် ဝန်ကြီးဌာနများ၏ အသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်းလျှော့ချရန် အဆိုပြုပြီးနောက် သမ္မတ၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယူကရိန်းအရေးအခင်းတွင် ရုရှားနိုင်ငံ၏ ပါဝင်ပတ်သက်သည့် အခန်းကဏ္ဍအတွက် အနောက်အုပ်စု၏ စီးပွားရေးအရေးယူဒဏ်ခတ်မှုနှင့် ရေနံဈေးနှုန်းကျဆင်းမှုတို့က ရုရှား၏ စီးပွားရေးကို ဆိုးရွားစွာ ထိခိုက်ခဲ့သည်။

အဆိုပါ လစာဖြတ်တောက်မှုသည် မည်သည့်အချိန်တွင် စတင်မည်နှင့် သမ္မတပူတင်၏ လစာငွေသည်လည်း လျှော့ချမည့်စာရင်းတွင် ပါဝင်သည်၊ မပါဝင်သည်တို့မှာ ရှင်းရှင်းလင်းလင်းမရှိဟု ဆိုသည်။

ယင်းလုပ်ဆောင်ချက်သည် ရုရှားနိုင်ငံစီးပွားရေးအခက်အခဲနှင့် ကြုံတွေ့နေရသောအချိန်တွင် နမူနာတစ်ခုအဖြစ် လုပ်ပြခြင်းဖြစ်သည်ဟု ရှုမြင်ရကြောင်း သတင်းများက ဆိုသည်။

ရေနံဈေးနှုန်းကျဆင်းလာခြင်းနှင့်အတူ ရုရှားနိုင်ငံ၏ ဝင်ငွေကျဆင်းလာသဖြင့် အသုံးစရိတ်များ တင်းကျပ်စွာ ကိုင်တွယ်လာခြင်း၏ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။

ရုရှားနိုင်ငံ၏ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်များသည် လူမှုရေးနှင့် စီးပွားရေးပြဿနာများကို ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် ဆွေးနွေးခဲ့ကြသည်ဟု ကရင်မလင်က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးအစီအစဉ်တွင် ပါဝင်ခြင်းမရှိသော သမ္မတရုံးဝန်ထမ်းလစာလျှော့ချမည့် ဆုံးဖြတ်ချက်ကို ပူတင်က ကောင်စီသို့အကြောင်းကြားခဲ့သည်ဟုလည်း ဖော်ပြထားသည်။

ယခုသီတင်းပတ်စောစောပိုင်းတွင် အောက်လွှတ်တော် ဥက္ကဋ္ဌ ဆာဂျီနာရီရှာခင်က နိုင်ငံကြုံတွေ့နေရသော ဘဏ္ဍာရေးအခက်အခဲကို ကူညီသောအားဖြင့် အမတ်များက လစာငွေကို ၁၀ ရာခိုင်နှုန်း လျှော့ယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီး အန်တွန်စီလူယာနော့ဗ်ကလည်း ၂၀၁၅ ခုနှစ်တွင် ဗဟိုအစိုးရဝန်ကြီးဌာနများနှင့် အစိုးရအေဂျင်စီများ၏ အသုံးစရိတ်များကို ၁၀ ရာခိုင်နှုန်း လျှော့ချရန် ကတိပြုခဲ့သည်။

**ဘီဘီစီ။**

# ရုရှားအန္တရာယ် ဗြိတိန် အမ်အိုင်-၆ အကြီးအကဲဟောင်း သတိပေး

**လန်ဒန် မတ် ၁**

ရုရှားနိုင်ငံသည် ဗြိတိန်နိုင်ငံအတွက် အန္တရာယ်တစ်ခုဖြစ်လာသည့်အတွက် ဗြိတိန်သည် မိမိနှင့် မဟာမိတ်များကို ကာကွယ်နိုင်သည့်အဆင့်များအထိ ပြင်ဆင်ထားရမည်ဟု အမ်အိုင်-၆ အကြီးအကဲဟောင်းက ယနေ့ပြောကြားသည်။

လျှို့ဝှက်ထောက်လှမ်းရေးအကြီးအကဲအဖြစ် ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူ ဆာဂျွန်ဆာဝါး(စ်)က ဘီဘီစီရေဒီယို တူဒေးပရိုဂရမ်ကို ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့သော ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ကာကွယ်ရေးအသုံးစရိတ်မြှင့်တင်ရန် လိုအပ်ကြောင်း ဆာဂျွန်ကပြောကြားသည်။ သို့သော် ရုရှားအရေးကို ဆွေးနွေးမှုများတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းရန် တောင်းဆိုသည်။

စစ်အေးကာလ ပြီးဆုံးသွားပြီးနောက် ရုရှားနှင့် ဥရောပနိုင်ငံများ၏ သွားရာလမ်းကြောင်းများ မဆုံစည်းကြခြင်းသူအလွန် စိတ်ပျက်မိသည်ဟု ပြောကြားသည်။

ရုရှားနိုင်ငံသည် ၎င်း၏ နယ်နိမိတ်အပြင်မှ နိုင်ငံများသို့မဟုတ်ဘဲ ဗြိတိန်နိုင်ငံသို့ တိုက်ရိုက်ခြိမ်းခြောက်လာခြင်းမှာ မလိုအပ်ကြောင်း၊ ၎င်း၌ နျူကလီးယားလက်နက်များရှိသည်ဟု ဗြိတိန်နိုင်ငံသို့ သတိပေးနေကြောင်း၊ ရုရှားနည်းတူ အမေရိကန်နိုင်ငံတွင် နျူကလီးယားလက်နက်များရှိကြောင်း ၎င်းကပြောကြားသည်။

**ဘီဘီစီ။**



# ထုံးမီစံမျှ 'အုန်း' လောက ဇီဝလောင်စာ ထုတ်တော့မည်

အိန္ဒိယနိုင်ငံ ကိုချီမြို့ရှိ ဇီဝသိပ္ပံနှင့် ဇီဝနည်းပညာ သုတေသနတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် အုန်းဆီမှ ထုတ်ယူမည့် ဇီဝလောင်စာနည်းစဉ်နှင့် ပတ်သက်၍ မူပိုင်ခွင့်ရရှိနိုင်ရန် အမေရိကန်ပြည်ထောင်စုရှိ မူပိုင်ခွင့်မှတ်ပုံတင်ရုံးသို့ မကြာမီက လျှောက်ထားလိုက်ပြီဟု နိုင်ငံတကာသတင်းတစ်ပုဒ်အရ ကျွန်ုပ်သိရလေ၏။

ထိုစဉ်အတွင်း ကမ္ဘာ့အကြီးဆုံး အဖျော်ယမကာ ကုမ္ပဏီကြီးဖြစ်သည့် ကိုကာကိုလာကလည်း သကြားများများပါဝင်သော အချိုရည်များ သောက်သုံးရန် မချင့်မရဲဖြစ်နေကြသည့် ကျန်းမာရေးလိုက်စားသူ ပြည်သူများအတွက် အုန်းစိမ်းရည်ဘူးများ ရောင်းချပေးရန် စီစဉ်နေပြီဟု ကျွန်ုပ်မှတ်သားရပြန်သည်။

အိန္ဒိယသိပ္ပံပညာရှင်များသည် အုန်းဆီမှ ဇီဝလောင်စာ ထုတ်လုပ်မှုကို စီးပွားဖြစ် လုပ်ဆောင်နိုင်ရေးအတွက် အိန္ဒိယပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဝန်ကြီးဌာနသို့လည်း တင်ပြထားလေသည်။

ဒေါက်တာမိုဟန်ကူးမား ဦးဆောင်သောအဖွဲ့က အောင်မြင်စွာ သုတေသနပြုလုပ်နိုင်ခဲ့ပြီး အိန္ဒိယသိပ္ပံနှင့် စက်မှုလုပ်ငန်းဆိုင်ရာ သုတေသနဌာနက သုတေသနလုပ်ငန်း ဆက်လက်လုပ်ဆောင်နိုင်စေရန် ရန်ပုံငွေ ထောက်ပံ့ပေးမည်ဆို၏။

ဤနေရာတွင် အုန်းဆီ၏ ဂုဏ်သတ္တိများ ထူးခြားဆန်းကြယ်ပုံကို ကျွန်ုပ်တွေးတောမိသည်။ အုန်းဆီသည် အခြားသော ဟင်းသီးဟင်းရွက်ဆီများထက် ပိုမိုထူးခြားသော အာနိသင်များရှိသည်။

ကျွန်ုပ်တို့၏ မြန်မာနိုင်ငံ၌ ဘိုးတော်ဘုရား လက်ထက်ကပင် ပိတုန်းရောင်ကေသာဖြစ်စေရန်နှင့် ဦးရေပြားခြောက်သွေ့ခြင်းမှ ကာကွယ်ရန် အုန်းဆီကို အသုံးပြုခဲ့ကြသည်ဟု ကျွန်ုပ်မှတ်သားဖူး၏။ လောရစ်အက်စစ် (Lauric Acid) ပေါကြွယ်ဝသော အုန်းဆီသည် ဆံကေသာကို ပိုးသားကဲ့သို့ နူးညံ့တောက်ပြောင်စေပြီး ဒဏ်ပေါက်ခြင်းမှလည်း ကင်းဝေးစေနိုင်သည်။

အုန်းဆီသည် ဝက်ခြံကို အမြန်ဆုံး ကုသပေးနိုင်သော ဂုဏ်သတ္တိရှိသည်။ အုန်းဆီတွင် ဗက်တီးရီးယားပိုးမွှားများကို သေစေနိုင်သော သတ္တိထူးလည်း ပါဝင်သည်။ နံနက်တိုင်း အုန်းဆီပါးပါးပွတ်လိမ်းပေးခြင်းဖြင့် ဝက်ခြံများ လျော့ပါးပျောက်ကွယ်သွားနိုင်သည်ဟု ကျွန်ုပ်ဖတ်ရှုရဖူးလေသည်။

တောင်ပစိဖိတ် ကျွန်းသူ၊ ကျွန်းသားများသည် အုန်းဆီကို နေ့စဉ်မှန်မှန် အသုံးပြုကြသည်။ အုန်းဆီသည် အကောင်းဆုံးသော နေရောင်ကာ ခရင်မ်တစ်မျိုးဖြစ်သဖြင့် နေရောင်ဖြာချိန် အိမ်အပြင်ထွက်လျှင် အုန်းဆီလိမ်းပြီးမှ သွားလေ့ရှိကြသည်။ အုန်းဆီကို နေလောင်ဒဏ်ခံ အသားအရေကို ကုစားနိုင်ရန် အသုံးပြုလေ့ရှိကြပြီး အသားပပ်ခြင်း၊ ခြောက်သွေ့ခြင်း၊ အက်ကွဲခြင်းတို့မှ ကာကွယ်ပေးသည်။

၎င်းအပြင် ထိပ်ကပ်နာပေါက်ခြင်း၊ ထိပ်ပြောင်ခြင်း၊ အပူလောင်ဒဏ်ရာရခြင်း၊ ပန်းနာ၊ အအေးမိဖျားနာ၊ ချောင်းဆိုးခြင်း၊ နားကိုက်ခြင်း စသည်တို့အတွက် အုန်းဆီကို ဆေးမြီးတိုအဖြစ် အသုံးပြုကြကြောင်း၊ ခံတွင်းနံ့ကောင်းမွန်စေရန် သွားဖုံးနှင့် သွားများကို အုန်းဆီဖြင့် ပွတ်တိုက်ပေးနိုင်ကြောင်း၊ ခြေဖဝါး နုနုကွဲအက်မှုဖြစ်ပေါ်ပါက အုန်းဆီကို ခြေဖနောင့်နေရာတွင် လိမ်းပေးခြင်းပြုလုပ်နိုင်ကြောင်း မီးဖိုချောင်ထွက်ဆေးဝါးအဖြစ် ကျွန်ုပ်မှတ်သားရလေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ မုန့်အများအပြားတွင် အုန်းနို့ ပါဝင်တတ်သည်။ အုန်းရည်သည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော်လည်း သွေးတိုးရောဂါသည်များမှာ အုန်းနို့ကို အလွန်အကျွံ စားသုံးခြင်းမပြုအပ်ပေ။

ဒုတိယကမ္ဘာစစ် ကာလအတွင်းက ရှေ့တန်း၌ ဒဏ်ရာရစစ်သည်များအတွက် သွေးသွင်းကုသရန် လိုအပ်ချိန်တွင် သွေးရည်ကြည်ပုလင်းများ မရနိုင်သည့်အဆုံး အုန်းသီးနုနု၏ သန့်စင်သော အုန်းရည်ကို သွေးရည်ကြည်အဖြစ် အစားထိုးအသုံးပြုခဲ့ကြသည်ဟု ကျွန်ုပ် သိရှိရလေသည်။

ဒုတိယကမ္ဘာစစ်အတွင်းမှာပင် ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇယ်အင်ဂျင်များလည်ပတ်ရေးအတွက် အုန်းဆီကို အစားထိုးလောင်စာအဖြစ် အသုံးပြုခဲ့ဖူးလေသည်။

ပါပူဝါနယူးဂီနီနိုင်ငံ၌ ကုန်သွယ်ရေးပိတ်ဆို့မှု ခံရစဉ်က ဒီဇယ်ဂျင်နရေတာများနှင့် ထရပ်ကားများ မောင်းနှင်နိုင်ရန် ပြည်တွင်း၌ ထုတ်လုပ်သည့် အုန်းဆီဖြင့် အစားထိုး အသုံးပြုခဲ့ကြလေသည်။

ဗင်နွာတူနိုင်ငံ၌မူ အုန်းဆီနှင့် ဒီဇယ်ဆီတို့ကို ရောစပ်ကာ ဇီဝလောင်စာအဖြစ် အသုံးပြုလျက်ရှိသည်။

ဩစတြေးလျနိုင်ငံ ဝူလောင်ဂွန်းတက္ကသိုလ် (University of Wollongong) ၏ စက်မှုအင်ဂျင်နီယာဌာနသည် ဒီဇယ်၊ ရေနံဆီနှင့် အက်သနောတို့ကို အုန်းဆီဖြင့် ရောသမမွှေကာ ဇီဝလောင်စာအဖြစ် အသုံးပြုနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ခဲ့ဖူးလေသည်။

အမေရိကန် ဘေလာတက္ကသိုလ် (Baylor University) မှ သိပ္ပံပညာရှင်များသည် ပါပူဝါနယူးဂီနီနိုင်ငံမှ သုတေသီများနှင့်အတူ အုန်းဆီကို လောင်စာအဖြစ် အသုံးပြုနိုင်ရန် လေ့လာမှု ပြုလုပ်ခဲ့သည်။

ဇီဝလောင်စာအဖြစ် အသုံးပြုသည့် အုန်းဆီသည် ရေနံ၊ ဒီဇယ်စက်သုံးဆီနှင့် နှိုင်းယှဉ်လျှင် လေထုညစ်ညမ်းစေနိုင်သော အခိုးအငွေ့ထုတ်လွှတ်မှု ပိုမိုလျော့နည်းကြောင်း၊ ဝေးလံသီခေါင်သော ဒေသများ၌ စက်ယန္တရားများ လည်ပတ်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းတို့အတွက် အုန်းဆီကို အသုံးပြုရန် သင့်လျော်ကြောင်း၊ အုန်းဆီသည် သဘာဝပတ်ဝန်းကျင်မပျက် ရေရှည်ခရီးဆက်နိုင်မည့် အရင်းအမြစ်တစ်ရပ်ဖြစ်ကြောင်း သုတေသီတို့က ပြောကြားကြလေသည်။

အုန်းတောကြီးများ တစ်မျှော်တစ်ခေါ် ရှိသည့် ဆော်လ်မွန်ကျွန်းစုနိုင်ငံ၌ ကားများနှင့် လယ်ထွန်စက်များကို အုန်းဆီနှင့် ဒီဇယ်ဆီအရောအနှောဖြင့် မောင်းနှင်လျက်ရှိကြလေသည်။

အုန်းဆီလောင်စာ၏ ထူးခြားချက်မှာ အနည်အနှစ်ကျခြင်းမရှိဘဲ မီးခိုးမှာ သင်းပျံ့သောရနံ့ရှိကာ ပိုမိုချောမွေ့စွာ အင်ဂျင်စက်များ လည်ပတ်နိုင်ခြင်းဖြစ်သည်။ သို့ရာတွင် အုန်းဆီဇီဝလောင်စာ၏ ပြဿနာမှာ အပူချိန် ၂၂ ဒီဂရီစင်တီဂရိတ်အောက်တွင် အစိုင်အခဲအဖြစ်သို့ ပြောင်းလဲပြီး ၁၄ ဒီဂရီစင်တီဂရိတ်အရောက်တွင် လုံးဝအေးခဲသွားခြင်းဖြစ်သည်။

အာရှ၊ အာဖရိက၊ တောင်အမေရိက၊ အလယ်ပိုင်းအမေရိကနှင့် သမုဒ္ဒရာဒေသတို့ဖြစ်သည့် ကမ္ဘာ့အရပ်ရပ်တွင် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း အုန်းထုတ်လုပ်မှုမြင့်တက်လာခဲ့သည်။

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့၌ အခွံခွာထားသော အုန်းခွံများကို ပင်းမင်းဆိုင်များ၊ မုန့်ဖိုများနှင့် ပန်းပဲဖိုများ၌ လောင်စာအဖြစ် အသုံးပြုကြသည်။ အုန်းခွံများသည် မီးသွေးထုတ်လုပ်မှုအတွက် ကုန်ကြမ်းတစ်မျိုးဖြစ်သည်။ အုန်းခွံမှ လူသုံးကုန်နှင့် အနုပညာလက်ရာပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင်လေသည်။

အုန်းခွံသည် အစားထိုးလောင်စာ စွမ်းအင်အရင်းအမြစ်တစ်ရပ်ဖြစ်ပြီး လောင်ကျွမ်းချိန်တွင် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု အလွန်နည်းပါးလှသည်။

မကြာမီက ကျွန်ုပ်ဖတ်ရှုရသော သတင်းတစ်ရပ်အရ မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ပင်လယ်ကမ်းရိုးတန်းဒေသများမှထွက်ရှိသော အုန်းသီးများကို ယခုနှစ်တွင် မြိတ်ဈေးကွက်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနေခြင်းကြောင့် ဈေးကောင်းရရှိနေသည်ဟု သိရလေသည်။

ရခိုင်ပြည်နယ် ဂွမြို့၌ အုန်းသီးအထွက်နှုန်းကောင်းနေပြီး ယခုနှစ်တွင် အုန်းသီးရောင်းလိုအား များလာခြင်းကြောင့် ဈေးနှုန်းကျဆင်းရကြောင်း၊ ငါးရက်ခန့် နေလှန်းထားသော အုန်းသားကို ဆပ်ပြာချက်လုပ်ရာတွင် အသုံးပြုကြောင်း ကျွန်ုပ်ဖတ်ရှုရလေသည်။

လူတို့၏ စားဝတ်နေရေးတွင် အရေးပါသော အုန်းကို ကမ္ဘာတစ်ဝန်း၌ မြေဧကပေါင်း ၁၁ သန်းထက်မနည်းတွင် စိုက်ပျိုးလျက်ရှိပြီး နှစ်စဉ် အုန်းသီးအလုံးကုဋေပေါင်း ၂၅၀၀ မျှအထိ လူတို့ သုံးစွဲလျက်ရှိကြသည်။ ဇီဝလောင်စာအဖြစ် အသုံးပြုနိုင်သော အုန်းသည် သဘာဝပတ်ဝန်းကျင်နှင့် ထုံးမီစံမျှဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးလေလေ အုန်းကိုပို၍ အသုံးပြုလေလေဖြစ်ပေရာ မည်သည့်အခါတွင်မျှ တိမ်ကောနိုင်မည်မဟုတ်သော လုပ်ငန်းတစ်ရပ်အဖြစ် အုန်းစိုက်ပျိုးရေးလုပ်ငန်းနှင့် အုန်းသုတေသန လုပ်ငန်းတို့ကို တိုးချဲ့လုပ်ဆောင်သင့်သည်ဟု ကျွန်ုပ်အကြံပြုအပ်ပါသတည်း။ ။

"မိဘများထံသို့ အသိပေးနိုးဆော်လွှာ"
ဆရာကြွယ်ဇင်ကိုကို (M.A, Eng.,) (Thesis) (UK) ဦးစီးတည်ထောင်သော
English Composition Class မှ သင်ကြားပေးပါမည်။
(၈၊ ၉၊ ၁၀ တန်းတက်မည့် ကျောင်းသား/သူများ ၂၀၁၅ပညာသင်နှစ် အတွက်အထူးသင်တန်း) (သင်ကြားမည့် အစီအစဉ်)

၁။ English Composition - နှစ်ပေါင်း (၅၀)နီးပါး ပျောက်လုမတတ်ဖြစ်နေသော (Composition) ဝါကျဖြစ်ပေါ်လာပုံ၊ တည်ဆောက်ပုံ၊ ပေါင်းစပ်ပုံ၊ ခွဲခြားပုံ၊ အကြောင်းအကျိုးဆက်စပ်စဉ်းစားပုံ၊ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းနဲ့ ရေးသား တွေးခေါ်ပုံ၊ ဘာသာပြန်ဆိုပုံနှင့် Sentence(4)မျိုး၊ Clause(5)မျိုး၊ Speech(2)မျိုး၊ Voice(2)မျိုး၊ Usage(4)မျိုး၊ Phrase(12) မျိုးတို့ကို ပညာရှင် တစ်ယောက်ဖြစ်သည်အထိ သင်ကြားပေးခြင်း။

၂။ Letters & Essays - International တန်းဝင်သည့် Letters/Essays တို့ကို တစ်ဆင့်ခြင်း နားလည် သဘောပေါက်ပြီး ကိုယ်ကိုယ်တိုင်ရေးသားနိုင်အောင် သင်ကြားပေးခြင်း။

၃။ English Text Book - English ဘာသာရပ်မှာပါဝင်တဲ့ ဝါကျအားလုံး၊ စာပိုဒ်အားလုံးကို English Composition နှင့် တစ်ထိုင်တည်း အလွတ်ရအောင် အသေးစိတ်ခွဲခြားခြင်းနှင့် ကျက်မှတ်ခြင်း။

၄။ Phonetics - Phonetics အသံထွက် သင်္ကေတတို့ ဖြစ်ပါသည်။
"သင်တန်းချိန်" တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေ
Section (1) နံနက်(၉း၀၀)နာရီမှ(၁၁း၃၀)နာရီထိ။(၉. ၃. ၂၀၁၅)စမည်။(၂)လသင်တန်း
Section (2) ညနေ(၃း၃၀)နာရီမှ(၆း၀၀)နာရီထိ။(၉. ၃. ၂၀၁၅)စမည်။(၂)လသင်တန်း

(၅၊ ၆၊ ၇)တန်းတက်မည့်ကျောင်းသား/သူများအတွက် Grammar, Vocabulary, Primary နှင့် Phonetics တို့ကို သင်ကြားပေးမည်။
"သင်တန်းချိန်" တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နံနက်(၇း၀၀)နာရီမှ (၉း၀၀)နာရီထိ (၉. ၃. ၂၀၁၅)စမည်။ (၃)လသင်တန်း

(Senior ဆရာမများမှ အိမ်ရိုင်းများကိုပါ လက်ခံသင်ကြားပေးသည်)
နေရာ - ပြည်တော်ဦးကျောင်း၊ ကျိုက္ကဆံဘုရားအနောက်၊ သယ်န်းကွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၁၁၄၈၀၀၊ www.kyelzineng.blogspot.com

## သင်္ကြန်မဏ္ဍပ်များဆောက်လုပ်ခွင့်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁၃၇၇ခုနှစ်၊ ရန်ကုန်မြို့တော်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ (အင်းယားကန်ပေါင်)၊ ပြည်လမ်း၊ ပါရမီလမ်းနှင့် မြို့နယ်များအတွင်းရှိ နေရာများတွင် ရေကစားမဏ္ဍပ်များ ဆောက်လုပ်လိုပါက မဏ္ဍပ်နေရာ တိကျစွာဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၏ စိစစ်ထောက်ခံချက်ဖြင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့် တံတား)၊ ဒုတိယဌာနမှူးရုံးသို့ ၂၀၁၅ခုနှစ်၊ မတ်လ(၁၃)ရက်နေ့ (၁၆း၃၀)နာရီနောက်ဆုံးထား၍ ကိုယ်တိုင်ပေးပို့ လျှောက်ထားနိုင်ပါသည်။

သင်္ကြန်မဏ္ဍပ်များလျှောက်ထားရာတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းခံဝန်ချက်ဖြင့် မဏ္ဍပ်လျှောက်ထားသူပိုင်ရှင်၊ မဏ္ဍပ်တာဝန်ခံ/ဒုတာဝန်ခံစည်းကမ်း ထိန်းသိမ်းရေးနှင့်ရေပတ်ခံယာဉ်များ ထိန်းသိမ်းရေးတာဝန်ခံ၊ ဒုတာဝန်ခံတို့၏ ဆက်သွယ်ရန် လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ၊ ဓာတ်ပုံများနှင့်တကွ မဏ္ဍပ်တည်ဆောက်မည့်ပုံစံနှင့်အတူ သတ်မှတ်ရက် အတွင်း လျှောက်ထားကြရမည်ဖြစ်ပါသည်။

မဏ္ဍပ်များလျှောက်ထားမှုများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မဏ္ဍပ်နေရာချထားရေး ကော်မတီက စိစစ်၍ ခွင့်ပြုနိုင်သောမဏ္ဍပ်နေရာများကို စနစ်တကျခွင့်ပြုနေရာချထားပေးမည်ဖြစ်ပြီး မဲစနစ်ဖြင့် ဆောင်ရွက်ရမည့် မဏ္ဍပ်နေရာများအတွက် ဆောင်ရွက်ရမည့်နေ့ရက်၊ နေရာနှင့် အချိန်ကို လျှောက်ထားသူများအား အချိန်မီအသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မဏ္ဍပ်နေရာချထားရေးကော်မတီ**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူအချိန်များ တိုးလာနိုင်သည်။

***National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် လေ့လာအကြံပြုချက်

ဦးဝင်းမြင့်မောင်

**နိဒါန်း**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူများ သိရှိအကြံပြုနိုင်ရန် ၁၈၊ ၂၊ ၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၀၊ ၁၁ နှင့် ၁၂ တွင် ဖော်ပြပါရှိပါသည်။ ဤဥပဒေကြမ်းအား လေ့လာပြီး အကြံပြုသင့်သည်ဟု ယူဆပါသဖြင့် ပြည်သူတစ်ဦး၏ လေ့လာအကြံပြုချက်ကို ရေးသားပေးပို့ပါသည်။

**ပဏာမအကြံပြုချက်**

အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်သည့် တောင်းဆိုချက် ၁၁ ချက်တွင် ပညာရေးမူဝါဒများနှင့် ဥပဒေများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများရေးဆွဲရာတွင် NNER မှ ကိုယ်စားလှယ်များပါဝင်ရန် မပါရှိပါဘဲလျက် NNER မှ ပုဂ္ဂိုလ်နှစ်ဦးတည်းက အဓိကရေးဆွဲထားခြင်း၊ ဦးအောင်မိုင်းဆန်းသည် တစ်နိုင်ငံလုံးရှိ ကျောင်းသားထု၏ ၅၀ ရာခိုင်နှုန်းကျော်သော မဲဆန္ဒဖြင့် ဒီမိုကရေစီနည်းကျကျ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်မဟုတ်ခြင်းတို့ကြောင့် ရေးဆွဲခွင့်မရှိသူများက ရေးဆွဲထားသော ဥပဒေကြမ်းဖြစ်ပါသည်။

**လေ့လာအကြံပြုချက်(၁)**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (နောင်တွင် ဥပဒေကြမ်းဟုရည်ညွှန်းပါမည်။) ပုဒ်မ ၂ ဖြင့် အမျိုးသားပညာရေးဥပဒေ (နောက်တွင် ဥပဒေဟု ရည်ညွှန်းပါမည်။) ပုဒ်မ ၂ (ဂ) ကို ပယ်ဖျက်သော်လည်း ဥပဒေကြမ်းပုဒ်မ ၅၇က ဥပဒေပုဒ်မ ၅၄(ဂ)ကို မပယ်ဖျက်ခြင်းကြောင့် ရှေ့နောက်ညီညွတ်မှုမရှိသောဥပဒေကြမ်းဖြစ်သည်။

**လေ့လာအကြံပြုချက်(၂)**

ဥပဒေကြမ်းပုဒ်မ ၆ တွင် ‘သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်း’ဟု ဆိုထားသည့်အတွက် ကံဝိဘတ် ‘ကို’ နှင့် အသုံးခံပြဝိဘတ် ‘ဖြင့်’ လွဲမှားသုံးစွဲထားပါသည်။ ဥပဒေကြမ်းရေးဆွဲသူ ‘ဒေါက်တာ’ နှစ်ဦး၏ ရုံးသုံးစာဖြစ်သော မြန်မာစာညံ့ဖျင်းမှုကို ဖော်ပြနေပါသည်။

အထူးပညာရေးအစီအစဉ်ကို ဥပဒေက ကျောင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး ဥပဒေကြမ်းက သင်ကြားနည်းဟု အဓိပ္ပာယ်ဖွင့်ပါသည်။ ပေါင်းစည်းသင် integration မပါလျှင် inclusion မဖြစ်နိုင်ပါ။

**လေ့လာအကြံပြုချက်(၃)**

ဥပဒေကြမ်းပုဒ်မ ၉က ဥပဒေပုဒ်မ ၂(သ)ကိုလည်းကောင်း၊ ဥပဒေကြမ်းပုဒ်မ ၁၀က ဥပဒေပုဒ်မ ၂(ဟ)ကိုလည်းကောင်း အစားထိုးလိုက်သဖြင့် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မရှိတော့ပါ။ ပညာရေးတွင် လူထုပါဝင်မှု Community participation ကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

ကျောင်းအုပ်ချုပ်ရေးဆိုသည်မှာ ပညာရပ်နယ်ပယ်တစ်ခုဖြစ်၍ အခြားပညာရပ်နယ်ပယ်မှ ပါရဂူဘွဲ့ရများပင် တတ်ကျွမ်းသောအရာမဟုတ်သဖြင့် မိဘအုပ်ထိန်းသူများ၊ ရပ်ရွာမှလေးစားယုံကြည်သူများ တတ်ကျွမ်းမည်မဟုတ်ပါ။

တက္ကသိုလ်ကျောင်းသားဆိုသည်မှာ ပညာရှင်မဟုတ်ဘဲ သင်ယူဆဲသူများသာဖြစ်သဖြင့် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ပါဝင်နိုင်သည့် အရည်အချင်းမရှိသေးပါ။

**လေ့လာအကြံပြုချက် (၄)**

ဥပဒေကြမ်းပုဒ်မ ၁၁ပါ လူတိုင်းအကျုံးဝင်ပညာရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ‘ကွဲပြားခြားနားမှုကို အခြေမခံစေဘဲ’ဆိုသည့် အဓိပ္ပာယ်ပါရှိပြီးဖြစ်သဖြင့် ဥပဒေကြမ်းပုဒ်မ ၁၂ ဖြင့် ဖြည့်စွက်ချက်သည် မလိုအပ်ပါ။

**လေ့လာအကြံပြုချက် (၅)**

ဥပဒေကြမ်းပုဒ်မ ၁၃ပါ ‘လွတ်လပ်’ ဆိုသောစကားရပ်သည် အဓိပ္ပာယ်ကို လိုရာဆွဲယူနိုင်သည်။

**လေ့လာအကြံပြုချက် (၆)**

ဥပဒေကြမ်းပုဒ်မ ၁၇ တွင် ‘တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ’ ဟုရေးသားထားသဖြင့် တရားမျှတမှုရှိသော မူတစ်ခုဆုံးရှုံးရမည့်အပြင် အခြေခံပညာအဆင့်၌ ကျောင်းသားများ ကြိုးစားအားထုတ်ရန်မလိုတော့သဖြင့် အခြေခံပညာရေး အရည်အသွေးကျဆင်းသွားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းစာမေးပွဲရမှတ် တစ်ခုတည်းဖြင့် မဆုံးဖြတ်သည့်တိုင်အောင် တစ်နည်းနည်းဖြင့် အခြေခံပညာ အထက်တန်းကျောင်းသားများ၏ ကြိုးစားအားထုတ်မှုနှင့် ထူးချွန်ထက်မြက်မှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။ မည်သည့်တက္ကသိုလ်သို့ ဝင်ရောက်လိုလျှင် ဘာသာစုံရမှတ်ပေါင်း မည်မျှရရမည်၊ မည်သည့်ဘာသာရပ်များတွင် ရမှတ်မည်မျှစီရရမည်ဆိုသည့် အခြေခံသတ်မှတ်ချက် ‘ကျောင်းသား၏ဘာသာရပ်ဆိုင်ရာလိုအပ်ချက်များကို တက္ကသိုလ်ကဖြည့်ဆည်းပေးသည့် စနစ်ထားရှိရေး’ ဆိုသည်မှာ သင်ယူမည့်ဘာသာရပ်၏ လိုအပ်ချက်ကို လေ့လာသင်ယူထားခြင်းမရှိသူများကို တက္ကသိုလ်ဝင်ခွင့်ပေးပြီး မလုံလောက်သည့်အခြေခံပညာအား တက္ကသိုလ်ကျမှ ပြန်သင်ပေးရမည်ဟုဆိုလိုရာရောက်သည်။

**လေ့လာအကြံပြုချက် (၇)**

ဥပဒေကြမ်းပုဒ်မ ၁၉ တွင်‘အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေး’ ဟု ရေးသားထားရာ ‘အခမဲ့’ မှာ အစိုးရ၏တာဝန်ဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်းပညာရေးကို ရရှိပြီးဖြစ်သည်။ ‘မသင်မနေရ’ မှာ မိဘအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်။ ရပိုင်ခွင့်ရှိသည်။ ထို့အတူတာဝန်ယူရမည်။

**လေ့လာအကြံပြုချက် (၈)**

ဥပဒေကြမ်းပုဒ်မ ၂၁က ဥပဒေပုဒ်မ ၄(ဍ)ပါ ‘ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေး’ ကို ပယ်ဖျက်ထားသည်။

**လေ့လာအကြံပြုချက်(၉)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(က) ထပ်ဆင့်ပုဒ်မခွဲ (ဂဂ) ရေးသားချက်အရ-

(က) တက္ကသိုလ်ဝင်ခွင့်ဆိုသည်မရှိတော့။ တံခါးမရှိဓားမရှိ တက်ရောက်ခွင့်ရမည်။

(ခ) ဥပဒေပုဒ်မ ၄(ဠ) (ဥပဒေကြမ်းက ပုဒ်မ ၄ (ဏ)ဟုပြင်)တွင် ပြဋ္ဌာန်းထားသည့် ‘ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေပြီး’ ဆိုသောအချက် ပျက်ပြားသွားမည်။

(ဂ) အခြေခံပညာကျောင်းသားများ တက္ကသိုလ်ဝင်ခွင့်အတွက် ကြိုးစားအားထုတ်ရန် မလိုအပ်တော့သဖြင့် အခြေခံပညာရေး အရည်အသွေးကျဆင်းသွားပြီး အဆင့်မြင့်ပညာကို ဆက်လက်သင်ယူနိုင်ရန်အတွက် ခိုင်မြဲသောပညာရေးအခြေခံကို အခြေခံပညာက တည်ဆောက်မပေးနိုင်သဖြင့် ကျရှုံးသူများပြားပြီး ကျောင်းသားသမဂ္ဂများ၏ အကျပ်ကိုင်တောင်းဆိုဆူပူမှုများ ဖြစ်ပွားမည်။

(ဃ) အခြေခံပညာအထက်တန်းစာမေးပွဲအောင်ရုံဖြင့် လူကြိုက်များ တက္ကသိုလ်နှင့် ဘာသာရပ်များသို့ ဝင်ရောက်ခွင့်ရသဖြင့် ညံ့ဖျင်းသူနှင့်ထူးချွန်သူ တန်းတူအခွင့်အရေးရရှိပြီး ထူးချွန်သူရှားပါးကွယ်ပျောက်၊ ညံ့ဖျင်းသူတိုးပွားများပြား၊ ဖုံးပေါလအောပညာရေး (not quality but quantity education) ဖြစ်သွားမည်။

(င) လူကြိုက်များတက္ကသိုလ်နှင့် ဘာသာရပ်များတွင် လက်ခံသင်ကြားပေးနိုင်သည့် ဝင်ဆံ့ဦးရေထက် အဆများစွာ ငါးပိငါးချဉ်သိပ်လက်ခံသင်ကြားပေးရသဖြင့် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကျပ်တည်းဆိုးရွားမည်။ (သာဓကအားဖြင့် လက်ရှိ ၁၂၀၀ သာ capacity ရှိသော ဆေးတက္ကသိုလ်လေးခုသို့ အမှတ်ပေါင်း ၂၄၀ သမားများ သိန်းချီ၍ ဝင်ရောက်လာမည်။ ဆေးတက္ကသိုလ်များသည် ဆရာဝန်များမွေးထုတ်ပေးရာ ဌာနများမဟုတ်တော့ဘဲ ‘အလောင်းစည်သူ’ များ မွေးထုတ်ပေးရာဌာနများ ဖြစ်သွားမည်။)

(စ) ထို့ပြင် ၎င်းထပ်ဆင့်ပုဒ်မခွဲ (ဂဂ)သည် မလိမ့်တပတ်ရေးသားခဲ့ရသည့် ဥပဒေကြမ်းပုဒ်မ ၁၇ ကို လွှမ်းမိုးနိုင်ရန် အားထုတ်ထားခြင်းဖြစ်သည်။

**လေ့လာအကြံပြုချက်(၁၀)**

ဥပဒေကြမ်းပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)၊ ထပ်ဆင့်ပုဒ်မခွဲ (ကက)တွင် ‘ကျောင်းသားသမဂ္ဂများကို ကျောင်းသူ ကျောင်းသားများကိုယ်တိုင် လွတ်လပ်စွာ ဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရရှိမည်။’ ဟု ရေးဆွဲထားသည်။ ဤထပ်ဆင့်ပုဒ်မခွဲကို ‘ထို့အတူ ကျောင်းသားယူနီယံများကိုလည်း ဖွဲ့စည်းထူထောင်လှုပ်ရှားခွင့် ရှိရမည်။ ကျောင်းသားသမဂ္ဂသို့ဖြစ်စေ၊ ကျောင်းသားယူနီယံသို့ဖြစ်စေ ဝင်ရောက်ခြင်း မဝင်ရောက်ခြင်းသည် ကျောင်းသားတစ်ဦးချင်း၏ ဒီမိုကရေစီအခွင့်အရေးဖြစ်သည်။ ကျောင်းသားယူနီယံများသည် ကျောင်းသားသမဂ္ဂများနှင့် အခွင့်အရေးအရာတွင် တန်းတူညီမျှမှုရှိစေရမည်’ ဟု ဆက်လက်ဖြည့်စွက်ရမည်။

**လေ့လာအကြံပြုချက်(၁၁)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(က)ထပ်ဆင့်ပုဒ်မခွဲ(စစ)အရ ဆရာ ဆရာမများအပေါ် ကျောင်းသား ကျောင်းသူများ၏ အကဲဖြတ်မှုဆိုရာတွင် မိမိကိုယ်မိမိ ပြုစုပျိုးထောင်နေသော ကျောင်းသား ကျောင်းသူများ၏ အကဲဖြတ်မှုနှင့် တက္ကသိုလ်သို့ အပျော်လာနေသော ကျောင်းသား ကျောင်းသူများ၏ အကဲဖြတ်မှုမှာ ကွဲပြားခြားနားနိုင်ပါသည်။ ထို့ပြင် တက္ကသိုလ်တွင် ပထမအမျိုးအစား ကျောင်းသား ကျောင်းသူက အရေအတွက်နည်းပါးမည်ဖြစ်ပါသည်။ ဤထပ်ဆင့်ပုဒ်မခွဲသည် ဆရာသမဂ္ဂသို့ မဝင်ရောက်သော ဆရာတစ်ယောက်အပေါ် ကျောင်းသားသမဂ္ဂဝင် ကျောင်းသား ကျောင်းသူများက နိုင်ငံရေးအရ အနိုင်ကျင့်ပိုင်ခွင့် အပ်နှင်းထားခြင်းဖြစ်သည်။

**လေ့လာအကြံပြုချက်(၁၂)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ထပ်ဆင့်ပုဒ်မခွဲ(ဃဃ)တွင် (ဆရာ ဆရာမများသည်) ‘နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့်ရှိသည်။’ ဟု ရေးဆွဲထားသည်။ ဤထပ်ဆင့်ပုဒ်မခွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၂၆(က)ပါ ‘နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။’ ဆိုသည့် ပြဋ္ဌာန်းချက်နှင့် ငြိစွန်းနေသည်။ ‘ဒေါက်တာ’နှစ်ဦးရေးဆွဲသော ဤထပ်ဆင့် ပုဒ်မခွဲကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၆၆၄(၄၄၀+၂၂၄)ရှိသော ပြည်ထောင်စုလွှတ်တော်က လိုက်လျောရမည်ဆိုလျှင် ပထမဦးစွာ ပုဒ်မ ၂၆(က)ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ပြင်ဆင်ရပါမည်။ သို့မဟုတ်ပါက ဆရာ ဆရာမများအားလုံးကို နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ပစ်ရပါမည်။

**လေ့လာအကြံပြုချက်(၁၃)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ထပ်ဆင့်ပုဒ်မခွဲ(ဇဇ)နှင့် (ဈဈ)သည် လူတိုင်း commonsense ဖြင့် နားလည်ထားပြီးဖြစ်၍ ထည့်သွင်းရေးဆွဲရန် မလိုပါ။

**လေ့လာအကြံပြုချက်(၁၄)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ထပ်ဆင့်ပုဒ်မခွဲ(ညည)တွင် ‘ဆရာဖြစ်နိုင်ရေးအတွက် သန့်စွမ်းမှု၊ မသန်စွမ်းမှုအရ သော်လည်းကောင်း၊ -------ခွဲခြားခြင်းမရှိစေရ။’ မျက်မမြင်၊ ဆွံ့အ နားမကြားနှင့် ခြေလက်အင်္ဂါ မစုံသူသည် ပုံမှန်ကျောင်းများတွင် လုပ်ငန်းသဘာဝအရ ဆရာမဖြစ်နိုင်ပါ။

**လေ့လာအကြံပြုချက်(၁၅)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) ထပ်ဆင့်ပုဒ်မခွဲ(ကက)တွင် ‘အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီသည်’ဟု ကံပုဒ်တွင် ကတ္တားဝိဘတ်‘သည်’ကို သုံးထားသည်။ ဒေါက်တာနှစ်ယောက်၏ ရုံးသုံးဘာသာညံ့ဖျင်းမှု နောက်ထပ်သာဓကတစ်ခုဖြစ်သည်။ မြန်မာသဒ္ဒါတွင် ကံဝိတ်ဘတ်၊ ကတ္တားဝိဘတ်မှားယွင်းမှုသည် အင်္ဂလိပ်သဒ္ဒါတွင် Active Voice နှင့် Passive Voice မှားယွင်းမှုကဲ့သို့ပင် ရှက်စရာကောင်းသည်။

ဖွဲ့စည်းပုံကို ဥပဒေတွင် အသေးစိတ်ဖော်ပြရန်မလိုပါ။ နည်းဥပဒေတွင်မှ အသေးစိတ်ဖော်ပြရမည်ဖြစ်ပါသည်။ ထို့ပြင် ဖွဲ့စည်းပုံသည် တစ်ဖက်စောင်းနင်းဖြစ်နေသည်။ ကျောင်းသား ကျောင်းသူသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လက်ခံသူအနည်းဆုံး (၅)ဦး(အနည်းဆုံးဟု ဆိုသည့်အတွက် ဦးရေသည် (၅)ဦးထက် အကန့်အသတ်မရှိပိုနိုင်သည်။) လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သူ (၂)ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သူ (၂)ဦးပါဝင်၍ အရေအတွက်အကန့်အသတ်မရှိသူအဖွဲ့ဝင်များက ၂ + ၂=၄ ဦးအပေါ် မဲအများစုဖြင့်အနိုင်ကျင့်နိုင်ရန် အကွက်ဆင်ထားသည်။ ထို့ပြင် အရပ်ဘက်အဖွဲ့အစည်းများသည် elected လည်းမဟုတ်၊ selected လည်းမဟုတ်၍ တရားဝင်အဆင့်အတန်း Legal Status မရှိပါ။

**လေ့လာအကြံပြုချက်(၁၆)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(င)ထပ်ဆင့်ပုဒ်မခွဲ(ကက)တွင် မိခင်ဘာသာစကားကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်ခွင့်ရှိသည်ဟု ရေးဆွဲထားသည်။ မိခင်ဘာသာစကားကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့က (ထွက်ခွာရာပြဝိဘတ်‘မှ’မဟုတ်)ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ ထပ်ဆင့်ပုဒ်မခွဲ(ခခ)တွင် ‘မိခင်ဘာသာစကားတစ်ခုရွေးချယ်ပြီးပါက’ဟု ရေးဆွဲထားသည်။ ကလေးတစ်ဦးအတွက် မိခင်ဘာသာစကားဆိုသည်မှာ ကျောင်းက ရွေးချယ်ပေးရသော အရာမဟုတ်ပါ။ ပုဒ်မခွဲ(ဂဂ)အရ မြို့ပေါ်ကျောင်းများမှ တိုင်းရင်းသားလူမျိုးများ၏ မိခင်ဘာသာစကားကိုလည်း မြန်မာဘာသာစကားကို သတ်မှတ်၍မရပါ။

မိခင်ဘာသာစကားဆိုသည်မှာ ကလေးဘဝကစတင်၍ အပြောသင်သော ဘာသာစကားဖြစ်ပါသည်။ ကျောင်းရောက်မှ ကျောင်းကရွေးချယ်ဆုံးဖြတ်ပေးသော ဘာသာစကားမဟုတ်ပါ။ Oxford Advanced Learner's Dictionary mother tongue ကိုကြည့်ပါ။ the language that you first learn to speak when you are a child

ပုဒ်မ ၂၂(င)(ကက)(ခခ)(ဃဃ)တွင်ပါရှိသည့် ‘မိခင်ဘာသာစကား’၏ အန္တရာယ်ကြီးမားပုံကို လေ့လာအကြံပြုချက် ⁎(ကြယ်ပွင့်ပြ)တွင် အခြားပုဒ်မများနှင့်ပေါင်းစပ်၍ အကြံပြုပါမည်။ ဥပဒေပုဒ်မ ၄၃(က)နှင့် (ခ)ကို လုံးဝအထိပါးမခံသင့်ပါ။

ဥပဒေကြမ်းပုဒ်မ ၂၂(စ)အရ မူလတန်းကျောင်းတစ်ကျောင်း၏ ပညာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် မူလတန်းကျောင်းသားများ ပါဝင်ခွင့်ရှိသည်ဆိုသည်မှာ ရယ်စရာကောင်းလှပါသည်။ ဤဥပဒေကြမ်းရေးဆွဲသူ ဒေါက်တာနှစ်ဦးကို ‘ရွှေဉာဏ်တော်စူးရောက်ပါပေ့’ဟု လက်ခုပ်တီးပေးသင့်ပါသည်။

**လေ့လာအကြံပြုချက်(၁၇)**

ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ)ထပ်ဆင့်ပုဒ်မခွဲ(ဂဂ)တွင် ‘တက္ကသိုလ်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်မည်’ဟု ရေးဆွဲထားခြင်းသည် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဥပဒေကြမ်းပုဒ်မ ၃၃ ဖြင့် အစားထိုးခြင်း၏ အကြောင်းပြချက်ဖြစ်သည်။ အဆင့်တူချင်း တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်ခြင်းသည် အခါခပ်သိမ်းလွယ်ကူချောမွေ့မည်တော့မဟုတ်ပါ။

စာမျက်နှာ ၇ သို့ »»

»»» စာမျက်နှာ ၆ မှ

ဥပဒေကြမ်းပုဒ်မ ၆၁ ဖြင့် ဥပဒေပုဒ်မ ၅၇ ကို ပယ်ဖျက်သဖြင့် အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ပညာရေးဝန်ကြီးဌာနသည် ဆောင်ရွက်ပိုင်ခွင့်မရှိတော့သဖြင့် အခြေခံပညာဦးစီးဌာနနှင့် ၎င်း၏လက်အောက်ရှိ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ပညာရေးရုံးများကို ဖျက်သိမ်းပစ်ရမည်ဖြစ်ပြီး ၎င်းရုံးများရှိ အောက်ခြေဝန်ထမ်းမှ ညွှန်ကြားရေးမှူးချုပ်အထိ အရာထမ်း၊ အမှုထမ်းအားလုံးကို အလုပ်မှ ရပ်စဲရမည်ဖြစ်ပါသည်။

**လေ့လာအကြံပြုချက် (၁၈)**

ဥပဒေကြမ်းပုဒ်မ ၆၃က ဥပဒေပုဒ်မ ၅၈(ဆ)ကို ပယ်ဖျက်သည်။ ဥပဒေပုဒ်မ ၅၈(ဆ)ဆိုသည်မှာ ပြည်ထောင်စုအစိုးရပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှ 'အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း'ဆိုသည့် လုပ်ငန်းတာဝန်ဖြစ်သည်။ ဤတာဝန်ကို မထမ်းဆောင်ရဟု ဒေါက်တာနှစ်ဦးက ဥပဒေဖြင့် တားမြစ်ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (နောင်တွင် ဖွဲ့စည်းပုံဟု ရည်ညွှန်းပါမည်။) အခန်း(၅) အုပ်ချုပ်ရေးပုဒ်မ ၂၀၀ အရ ပညာရေးပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရဖြစ်သည်။ အစိုးရအဖွဲ့ဝင်တစ်ဦးအား၊ အစိုးရအဖွဲ့အား အခါအားလျော်စွာ ပေးအပ်သောတာဝန်ကို မထမ်းဆောင်ရဆိုသည်မှာ ဖွဲ့စည်းပုံဥပဒေပုဒ်မ (၂၀၀)ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ရုံမျှမက အစိုးရအဖွဲ့ကိုပါ စော်ကားခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးတစ်ဦးကို နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံဥပဒေပုဒ်မ ၂၃၂(က)(ခ)(ဂ) (ဃ) (င) (စ) (ဆ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးထားသော ပညာရေးဒုတိယဝန်ကြီးများသည် ဖွဲ့စည်းပုံဥပဒေပုဒ်မ ၂၃၄ (င)အရ ပညာရေး ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

ဥပဒေကြမ်းပုဒ်မ ၆၃ ဖြင့် ဥပဒေပုဒ်မ ၅၈(ဆ)ကို ပယ်ဖျက်ခြင်းသည် ဖွဲ့စည်းပုံပုဒ်မ ၁၉၉(က)အရ နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတအား ပညာရေးပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက တာဝန်မခံရဟု ဥပဒေအဓိပ္ပာယ်သက်ရောက်သဖြင့် ဖွဲ့စည်းပုံဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ရုံမက နိုင်ငံတော်သမ္မတကို တိုက်ခိုက်ခြင်းဖြစ်သည်။

**လေ့လာအကြံပြုချက်(၁၉)**

ဥပဒေကြမ်းပုဒ်မ ၃၆ ဖြင့် ဥပဒေပုဒ်မ ၃၄ ၏ ပုဒ်မခွဲ(ည)ကို ဖြည့်စွက်ထားသည်။ ကျောင်းအမျိုးအစား (၉)မျိုးတွင် 'အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ'ဟု နောက်တစ်မျိုး ထပ်တိုးထားသည်။ ဥပဒေကြမ်းပုဒ်မ ၁၈ ဖြင့် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဈ) အား ပုဒ်မခွဲ(ဍ)အဖြစ် 'ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း------တို့၏ လွှမ်းမိုးမှုမှ ကင်းလွတ်ရမည်။'ဟု အစားထိုးထားသဖြင့် ဤဖြည့်စွက်သည့် ဥပဒေကြမ်းပုဒ်မ ၁၈ နှင့် ဆန့်ကျင်နေသည်။

**လေ့လာအကြံပြုချက်(၂၀)**

ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော ဥပဒေကြမ်းပုဒ်မ ၅၁ တွင် ဥပဒေပုဒ်မ ၄၉(ဂ)ဖြစ်သည့် 'ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများထားရှိရမည်။'ဆိုသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ထားသည်။ ဥပဒေပုဒ်မ ၄၉(ဃ)ဖြစ်သည်။ 'ပညာထူးချွန်၍ ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရေး အစီအစဉ်ကို ဖော်ဆောင်ပေးရမည်။' ဆိုသည့် ပြဋ္ဌာန်းချက်ကို ဥပဒေကြမ်းပုဒ်မ ၅၂ တွင် အဓိပ္ပာယ်ပြောင်းလဲသွားအောင် အစားထိုးထားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်နေသော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ နိမ့်ကျနေသော ပညာရေးအား မြှင့်တင်ရာတွင် မဖြစ်မနေ မွေးထုတ်ပေးရမည့် ထူးချွန်သူများ ပေါ်ထွန်းလာရေးကို မလိုလားသော ဒေါက်တာနှစ်ဦး၏ စေတနာဆိုးကို ဥပဒေကြမ်းပုဒ်မ ၅၁ နှင့် ၅၂ က မီးမောင်းထိုးနေပြီဖြစ်ပါသည်။ ထူးချွန်သူများသည် မိမိကိုယ်မိမိ ပြုစုပျိုးထောင်ခြင်းဖြင့် အကောင်းဆုံးနိုင်ငံရေးကို လုပ်နေကြသူများဖြစ်ရာ နောက်ကွယ်က ကြိုးကိုင်၍ လမ်းပေါ်သို့ မောင်းထုတ်မရပါ။ ဒေါက်တာနှစ်ဦးအတွက် အသုံးမဝင်ပါ။

၁၉၉၄ ခုနှစ် စပိန်နိုင်ငံ ဆလမ်မန်ကာမြို့တွင် ကျင်းပသော နိုင်ငံပေါင်း (၁၆၄) နိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများပါဝင်သော ပညာရေးအစည်းအဝေးကြီး World Conference on Special Needs Education က ဆလမ်မန်ကာ ကြေညာချက် Slamanca Statement ကို ထုတ်ပြန်ခဲ့သည်။ ဆလမ်မန်ကာကြေညာချက် လူတိုင်းအကျုံးဝင်ပညာရေးတွင် gifted ဉာဏ်ရည်မြင့်မားသော (ဝါ) ပင်ကိုစွမ်းရည်ရှိသော (ဝါ) အထုံပါရမီပါသော ထူးချွန်သူများ ပါဝင်ပါသည်။ ဤဥပဒေကြမ်းသည် ထူးချွန်သူများကို ဘေးဖယ်ထားသော 'ညံ့ဖျင်းသူများဖြင့် နိုင်ငံတော်ကို ဖျက်ဆီးအံ့' ဟူသည့် အောက်တန်းစား နိုင်ငံရေး ညစ်ပတ်မှုဖြစ်သည်။

**လေ့လာအကြံပြုချက်(၂၁)**

ဥပဒေပုဒ်မ ၅၁ 'မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာများ၏ အဆင့်နှင့်လျော်ညီသော အရည်အချင်းများကို ပညာရေးဆိုင်ရာဥပဒေများတွင် သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်'ကိုလည်းကောင်း၊ ဥပဒေပုဒ်မ ၅၂ 'ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်'ကို လည်းကောင်း ဥပဒေကြမ်းပုဒ်မ ၅၅ ဖြင့် တစ်ချက်လွှတ်ပယ်ဖျက်ထားသည်။

ဆရာအရည်အချင်းမသတ်မှတ်ရ။ ဆရာအရည်အချင်းမြင့်မားအောင် မပြုလုပ်ရ။ ထူးချွန်သူများ မပေါ်ထွက်အောင် အရည်အချင်းမရှိသော ဆရာများကသင်ကြားစေ။ ပညာရေးတက္ကသိုလ်နှစ်ခုနှင့် ပညာရေးကောလိပ်များကို ဥပဒေကြမ်းဖြင့် ဖောက်ခွဲဖျက်ဆီးစေ။ ဤအဓိပ္ပာယ်ပင်။

**လေ့လာအကြံပြုချက်(၂၂)**

ဥပဒေကြမ်းပုဒ်မ (၅၈)ဖြင့် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီဖွဲ့စည်းပုံကို ထပ်မံရေးဆွဲထားသည်။ ဥပဒေကြမ်းပုဒ်မ ၄၃ နှင့် ၅၈ သည် နှစ်ခါထပ်နေသည်။

**လေ့လာအကြံပြုချက် (၂၃)**

ဥပဒေကြမ်းပုဒ်မ ၆၄ဖြင့်ဥပဒေပုဒ်မ(၆)ကိုအစားထိုးထားသည်။ ကိုယ်ပိုင်ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင်'ပုဂ္ဂလိကကျောင်းများမှ အသိအမှတ်ပြုသောပညာရှင်များပါဝင်ရမည်'ဟု ပါရှိလာသည်။ ပုဂ္ဂလိကကျောင်းသားများက ပညာရေးပြည်ထောင်စုဝန်ကြီးထက် လုပ်ပိုင်ခွင့်ပိုပြီး ပညာရေးပြည်ထောင်စုဝန်ကြီးသည် ပုဂ္ဂလိကကျောင်းများ၏အမိန့်ကို နာခံရမည့် သဘောဖြစ်နေသည်။

**လေ့လာအကြံပြုချက် (၂၄)**

ဥပဒေကြမ်းပုဒ်မ ၆၅က ဥပဒေပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးထားသည်-

'နိုင်ငံ၏ပညာရေးအသုံးစရိတ်ကို ၅ နှစ်အတွင်း တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်း အနည်းဆုံးသုံးစွဲရမည်။'

ဤထပ်ဆောင်းစကားရပ်က နောင် ၅ နှစ်ကြာသောအခါ ပညာရေးအသုံးစရိတ်ကို တစ်နိုင်ငံလုံး အသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်းမှ လျှော့ချမရအောင် ဥပဒေဖြင့် ချုပ်ကိုင်လိုက်ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံပုဒ်မ ၁၀၃(ခ)တွင် ပြည်ထောင်စုလွှတ်တော်က လျှော့ချ၍ ခွင့်ပြုခြင်း မပြုရသောအသုံးစရိတ်(၄)မျိုးကို ပြဋ္ဌာန်းထားပါသည်။ ၎င်းအသုံးစရိတ်(၄)မျိုးတွင် ပညာရေးအသုံးစရိတ်မပါဝင်ပါ။

> ဥပဒေကြမ်းပုဒ်မ ၆၄ဖြင့် ဥပဒေပုဒ်မ(၆) ကို အစားထိုးထားသည်။ ကိုယ်ပိုင်ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် 'ပုဂ္ဂလိကကျောင်းများမှ အသိအမှတ်ပြုသော ပညာရှင်များပါဝင်ရမည်'ဟု ပါရှိလာသည်။ ပုဂ္ဂလိကကျောင်းသားများက ပညာရေး ပြည်ထောင်စုဝန်ကြီးထက် လုပ်ပိုင်ခွင့်ပိုပြီး ပညာရေးပြည်ထောင်စုဝန်ကြီးသည် ပုဂ္ဂလိက ကျောင်းများ၏အမိန့်ကို နာခံရမည့်သဘော ဖြစ်နေသည်။

ဖွဲ့စည်းပုံပုဒ်မ ၁၀၃(ဂ)အရ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလာသောပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ပညာရေးအသုံးစရိတ်ကိုလျှော့၍ ခွင့်ပြုခြင်းကို ဆောင်ရွက်နိုင်သည်။

ဖွဲ့စည်းပုံပုဒ်မ ၁၀၃(ဃ)အရ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအတိုင်းသာ ပြည်ထောင်စုအစိုးရကဆောင်ရွက်ရပါမည်။

သို့ပါ၍ ဥပဒေကြမ်းပုဒ်မ ၆၅(က)သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ 'ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်း' ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်အောင် အမျိုးသားပညာရေးဥပဒေကို အကြောင်းပြု၍ ကျောင်းသားအမည်ခံများကိုအသုံးချပြီး ပြည်ထောင်စုလွှတ်တော်အား ခြိမ်းခြောက်ခြင်းဖြစ်ပါသည်။

**လေ့လာအကြံပြုချက် (၂၅)**

ဥပဒေကြမ်းပုဒ်မ ၁၈ဖြင့် ဥပဒေပုဒ်မ ၄(ဈ)အား ဥပဒေကြမ်းပုဒ်မ ၄(ဍ) အဖြစ် အစားထိုးရာတွင်' ပညာရေးသည်-----နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှ ကင်းလွတ်ရမည်' ဟုရေးဆွဲထားပြီး ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ထပ်ဆင့်ပုဒ်မခွဲ(ဃဃ)တွင်'ဆရာ ဆရာမများသည် နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့်ရှိသည်' ဟုရေးဆွဲထားခြင်း၊

ဥပဒေကြမ်းပုဒ်မ ၁၈ဖြင့် ဥပဒေပုဒ်မ ၄(ဈ)အား ဥပဒေကြမ်းပုဒ်မ ၄(ဍ) အဖြစ် အစားထိုးရာတွင် 'ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ ------တို့၏ လွှမ်းမိုးမှုမှကင်းလွတ်ရမည်' ဟု ရေးဆွဲထားပြီး ဥပဒေကြမ်းပုဒ်မ ၃၆ တွင် ဥပဒေပုဒ်မ (၃၄)(ည)အဖြစ် 'အခြားဘာသာရေးအဖွဲ့အစည်းများမှ (ကဖြစ်ရမည်)ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ'ဟု ဖြည့်စွက်ထားခြင်း၊ တို့သည်ပုဒ်မချင်းရှေ့နောက်ညီညွတ်မှုမရှိပါ။

**ကြယ်ပွင့်ပြလေ့လာအကြံပြုချက် ***

ဥပဒေကြမ်းပုဒ်မများကို ဆက်စပ်၍ နိုင်ငံတော်အပေါ် ကျရောက်တော့မည့် အန္တရာယ်ကို ရုပ်လုံးဖော်ပြပါမည်။

(၁) ဥပဒေကြမ်းပုဒ်မ ၃၆ တွင် 'အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ'ဟု ကျောင်းအမျိုးအစား ထပ်တိုးထားသည်။

(၂) ဥပဒေပုဒ်မ ၃၄(ဈ) ပါ 'ဝန်ကြီးဌာန(သို့မဟုတ်) သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်ကျောင်းများ'တွင် အကျုံးဝင်သော ကျောင်းများကို ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များက ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့် ဥပဒေပုဒ်မ ၆၈(ခ)ကို ဥပဒေကြမ်းပုဒ်မ ၇၁ ဖြင့် ပယ်ဖျက်ထားသည်။ ဖွင့်ချင်သလို ဖွင့်မည်ဟု ဆိုလိုသည်။

(၃) အခြေခံပညာအဆင့်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည်ဆိုသည့် ဥပဒေပုဒ်မ ၅၇(က)ကို ဥပဒေကြမ်းပုဒ်မ ၆၁ ဖြင့် ပယ်ဖျက်ထားသည်။

(၄) အခြေခံပညာကျောင်းများကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့က စီမံခန့်ခွဲမည်။ (ဥပဒေကြမ်း ၆၀(က)၊ ၂၂(ဆ) (ဃဃ))

(၅) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် မိဘအုပ်ထိန်းသူ ကိုယ်စားလှယ်များ၊ ရပ်ရွာမှ လေးစားယုံကြည်သူများပါဝင်သည်။ (ဥပဒေကြမ်း ၉)

(၆) ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ဆရာခန့်ထားမည်။ (ဥပဒေကြမ်းပုဒ်မ ၂၂(ဆ) (စစ))

(၇) ဆရာအရည်အချင်းကို မသတ်မှတ်ရ။ (ဥပဒေကြမ်းပုဒ်မ ၅၅)

(၈) ကျောင်းအုပ်ချုပ်ရေးအဖွဲ့က သင်ရိုးညွှန်းတမ်းရေးဆွဲမည်။ (ဥပဒေကြမ်းပုဒ်မ ၂၂(ဆ) (စစ))

(၉) မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်ဘာသာတွဲ၊ အခြေခံပညာအဆင့်တွင် လိုအပ်လျှင် တိုင်းရင်းသားဘာသာစကားတို့ကို သင်ကြားရေးဘာသာအဖြစ် ပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မ ၄၃ ကို ဥပဒေကြမ်းပုဒ်မ ၄၇ ဖြင့် ပယ်ဖျက်ထားသည်။

(၁၀) တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားသင်ယူမှုကို ပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မ ၄၄ ကို ဥပဒေကြမ်းပုဒ်မ ၄၇ ဖြင့် ပယ်ဖျက်ထားသည်။

(၁၁) မိခင်ဘာသာစကား (မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသားဘာသာ တစ်မျိုးမျိုးမဟုတ်) ဖြင့် သင်ကြားမည်။ မိခင်ဘာသာစကား (တိုင်းရင်းသားဘာသာ တစ်မျိုးမျိုးမဟုတ်) ကို ၁၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း သင်ကြားမည်။ (ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(င))ကို မိခင်ဘာသာဆိုသည်မှာ တရုတ်အတွက် တရုတ်ဘာသာ၊ ကုလားအတွက် ကုလားဘာသာဖြစ်သည်။

(၁၂) ပြည်ပမှ ကူညီဆောင်ရွက်ခြင်းကို ခွင့်ပြုနိုင်သည်။ (ဥပဒေကြမ်းပုဒ်မ ၅၂ ဖြင့် ဥပဒေပုဒ်မ ၄၉(ဃ))ကို အစားထိုးသည်။ ခွင့်ပြုရမည်။ မစိစစ်ရဟု ဆိုလိုသည်။

အထက်ပါဥပဒေကြမ်းပုဒ်မများကို ဆက်စပ်ပေါင်းစည်း၍ ရုပ်လုံးဖော်လိုက်သောအခါ-

တိုင်းရင်းသားလည်းမဟုတ်သော၊ နိုင်ငံသားလည်းမဟုတ်သော ခိုးဝင်(သို့မဟုတ်)စိမ့်ဝင်လူမျိုးခြားများ၏ ဘာသာရေးအဖွဲ့အစည်းများက ကျောင်းများ ဖွင့်ချင်သလိုဖွင့်မည်။ ခွင့်ပြုချက်မလို။ ၎င်းကျောင်းများသည် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လက်အောက်တွင်မရှိ။ ၎င်းကျောင်းများကို ၎င်းလူမျိုးခြားများဖြင့် ဖွဲ့စည်းထားသော ကျောင်းအုပ်ချုပ်ရေးအဖွဲ့က အုပ်ချုပ်မည်။ ၎င်းတို့လူမျိုးခြားဆရာများကို ခန့်မည်။ ဆရာအရည်အချင်းသတ်မှတ်ရန်မလို။ ၎င်းလူမျိုးခြားတို့၏ မူရင်းနိုင်ငံမှသင်ရိုးကို သင်မည်။ ၎င်းလူမျိုးခြားတို့၏ ဘာသာစကားကို သင်ကြားရေးဘာသာလုပ်မည်။ ၎င်းလူမျိုးခြားတို့၏ ဘာသာစကားကို သင်ကြားသင်ယူသည့် ဘာသာရပ် Subject အဖြစ် သင်ကြားမည်။ ၎င်းကျောင်းများသည် နိုင်ငံတော်အလံမလွှင့်ထူ။ နိုင်ငံတော်သီချင်းမဆို။ နိုင်ငံတော်ကို သစ္စာမခံ။ ၎င်းလူမျိုးခြားတို့၏ ပြည်ပနှင့် ပြည်တွင်းအဖွဲ့အစည်းများထံမှ ဒေါ်လာများ ဒလဟောဝင်လာမည်။

**နိဂုံး**

(က) **ကြယ်ပွင့်ပြလေ့လာအကြံပြုချက်*ဖြင့် နိုင်ငံတော်အပေါ် ကျရောက်တော့မည့် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ လုံခြုံရေးအန္တရာယ်များကို ရုပ်လုံးဖော်အကြံပြုပြီးပါပြီ။**

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ကျူးလွန်ထားသော ဥပဒေကြမ်းပါပုဒ်မများကို ထောက်ပြပြီးပါပြီ။ (၂၂(ခ)(ဃဃ)၊ ၆၃၊ ၆၅)

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၀ အရ ရုံးသုံးစာဖြစ်သော မြန်မာစာအရေးအသား၊ မြန်မာသဒ္ဒါအမှားများကို ထောက်ပြပြီးပါပြီ။ (၆၊ ၂၂(ဂ)(ကက)၊ ၂၂(င)(ကက)၊ ၃၆)

(ဃ) ရှေ့နောက်မညီညွတ်ဘဲ အဓိပ္ပာယ်ဆန့်ကျင်သောပုဒ်မများကို ထောက်ပြပြီးပါပြီ။

(င) မလိုအပ်ဘဲ စကားရပ်များထပ်ပြီး ပုဒ်မများလေးလံနေခြင်းကို ထောက်ပြအပ်ပါသည်။ (၂၂ခ(ဇဇ)(ဈဈ)၊ ၅၈၊ ၁၃(ဃ) တွင်ပါပြီး။ ၂၂( ) (ကက)နှင့် ၂၂(ခ)(ကက)၃၃တွင် ဖော်ပြမည်ဖြစ်သော ၂(ဆ)(ဂဂ))

(စ) **ပညာရေးလွတ်လပ်ခွင့်ဆိုသောစကားကို ရေလဲသုံး၍ နိမ့်ကျနေသော အမျိုးသားပညာရေးစနစ်ကို လုံးဝဥဿုံ ပျက်သုဉ်းသွားအောင် ရည်ရွယ်ချက်ရှိရှိဖျက်ဆီးမည့် ဥပဒေကြမ်းဟု ဆိုရပါသည်။ နိုင်ငံရေးအရ လက်မြှောက်အရှုံးပေးပြီး အတည်ပြုပြဋ္ဌာန်းလိုက်ပါလျှင် ပြည်ထောင်စုလွှတ်တော်သည် သမိုင်းတရားခံဖြစ်သွားပါမည်။ ဤစာတမ်းရှင်ကမူ ပြည်သူတစ်ဦး၏ တာဝန်ကျေပွန်ပါပြီ။ ။**

✻ ဥပဒေမှ

ဆက်ဆံနေရမည်ဖြစ်ပါကြောင်း၊ ထိုသို့ထိတွေ့မှသာ ပြည်သူများ၏ဆန္ဒနှင့် လိုအပ်ချက်များကိုသိရှိပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

စိတ်ကောင်း စေတနာအမှန်ဖြင့် ဆောင်ရွက်သော်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်ပါက စေတနာ အမှားများဖြစ်သွားနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းက အောင်မြင်မှုရရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေချင်သည့်ဆန္ဒသည် နိုင်ငံသားတိုင်းတွင်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းပါဝင်မှုသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲများမထားဘဲ နိုင်ငံနှင့် နိုင်ငံသားများအတွက် အကျိုးရှိမည့်ကိစ္စဖြစ်ပါက ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယက က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)



# တို့ရန်ကုန် တို့အိမ်ရာ အနုပညာနှင့် ယဉ်ကျေးမှုပွဲတော်ဖွင့်

**ရန်ကုန် မတ် ၁**

ဗြိတိသျှသံရုံးက ကြီးမှူးကျင်းပသော တို့ရန်ကုန် တို့အိမ်ရာ အနုပညာနှင့် ယဉ်ကျေးမှုပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံအတွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ပန်းခြံအတွင်း ခင်းကျင်းပြသထားသော တို့ရန်ကုန် တို့အိမ်ရာ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံ၊ ဂီတနှင့် အနုပညာလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ တို့ရန်ကုန် တို့အိမ်ရာ အနုပညာနှင့် ယဉ်ကျေးမှုပွဲတော်ကို ရန်ကုန်မြို့ရှိ ပြည်သူများအား မိမိတို့ဒေသအတွင်းရှိ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများနှင့် ယဉ်ကျေးမှုပစ္စည်းများကို တန်ဖိုးထားထိန်းသိမ်းတတ်စေရန်အတွက် ပညာပေးပြသသွားမည်ဖြစ်သည်။

ယနေ့ စတင်ဖွင့်လှစ်ပြသသော ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံ၊ ဂီတနှင့် တေးသရုပ်ဖော်အစရှိသည့် အနုပညာစွမ်းပကားလက်ရာများကို အများပြည်သူနှင့် ကမ္ဘာလှည့်ခရီးသွားများ လေ့လာကြည့်ရှုအားပေးနိုင်ရန်အတွက် အများပြည်သူတို့ နေ့စဉ်လှုပ်ရှားသွားလာရာ လမ်းများတွင် ကဏ္ဍရှစ်ခုခွဲကာ စိတ်ဝင်စားဖွယ် တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

တို့ရန်ကုန် တို့အိမ်ရာ ခင်းကျင်းပြသမှုကို မတ် ၂ ရက်မှ ၂၂ ရက်အထိ လူများစည်ကားရာ လက်ဖက်ရည်ဆိုင်များ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဘတ်စ်ကားပေါ်နှင့် မြို့ပတ်မီးရထားများ၊ ဗြိတိသျှသံရုံး မျက်နှာစာနှင့် ပန်းဆိုးတန်းလမ်းတို့တွင် ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံ ၁၀၂ ပုံတို့ကို စနစ်တကျချိတ်ဆွဲပြသသွားနိုင်ရန် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးနှင့် ဧည့်သည်တော် ဦးသူရ (ခ)ဇာဂနာ အနုပညာအဖွဲ့တို့က ကူညီဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

(စောသိန်းဝင်း)

## မြင်းမူမြို့ပေါ်ရှိ ရပ်ကွက်နှစ်ခုသို့ တိုးချဲ့ရေပေးဝေနိုင်ရန် အကောင်အထည်ဖော်

**မြင်းမူ မတ် ၁**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြင်းမူမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေလုပ်ငန်းများအနက်မှ မြင်းမူမြို့ တပင်ရွှေထီးရပ်ကွက်တွင် အမြင့်ပေ ၄၀ ရှိ ဂါလန် ၁၂၀၀၀ ဆံ့ သံရေစင်ကို Lin Altitude ကုမ္ပဏီမှ တပင်ရွှေထီးရပ်ကွက်နှင့် အောင်ဇေယျာရပ်ကွက်များသို့ တိုးချဲ့ရေ ဖြန့်ဝေပေးနိုင်ရေးအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မင်းရဲကျော်စွာရပ်ကွက် ရေတင်စက်ရုံမှ လေးလက်မ ရေပိုက်လိုင်းဖြင့်သွယ်တန်းပြီး ယခုဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးသည့် သံရေစင်သို့ ရေတင်ပို့၍ ပြည်သူများသို့ ရေဖြန့်ဝေပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၆၂၄)

## မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် အခြေချမှီတင်းနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုများ၏ သဘောထားခံယူချက်ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁**

ကိုးကန့်ဒေသတွင်ရှိသော လောက်ကိုင်၊ တာရွှေထန်၊ ကုန်းကြမ်းစသည့်ဒေသများကို ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်လက်နက်ကိုင်တိမ်းရှောင်အင်အားစုများက ဝင်ရောက်လာပြီး နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသော လက်ရှိကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့အား အာဏာသိမ်းပိုက်ဖြုတ်ချရန် တိုက်ခိုက်ကြိုးစားလာခြင်းနှင့် စပ်လျဉ်း၍ ကျွန်တော်များ မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် အခြေချမှီတင်းနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုတို့၏ သဘောထားခံယူချက်အား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

၁။ ကျွန်တော်များ ကိုးကန့်တိုင်းရင်းသားများသည် ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်၊ ကုန်းကြမ်းစသည့်ဒေသများတွင် အခြားတိုင်းရင်းသားများနှင့်အတူ ရှေးနှစ်ပေါင်းများစွာကတည်းက ယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့ နိုင်ငံတော်အစိုးရအဖွဲ့သစ် ပြန်လည်ဖွဲ့စည်းပေါ်ပေါက်ခဲ့ချိန်တွင် ကိုးကန့်ဒေသကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခွင့်ပြုချက်ရရှိခဲ့၍ ဒေသအုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုနှစ်ကာလများတွင် အေးချမ်းတည်ငြိမ်ပြီး ဒေသဆိုင်ရာလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် မြန်မာနိုင်ငံ မြေပြန့်ဒေသများမှ မြန်မာတိုင်းရင်းသားညီအစ်ကိုများ ထောင်ပေါင်းများစွာ ဤဒေသသို့လာရောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာကို အေးချမ်းစွာ လုပ်ကိုင်လျက်ရှိကြပါသည်။

၂။ ယခုကဲ့သို့ လက်နက်ကိုင်တိမ်းရှောင်အဖွဲ့မှ ဝင်ရောက်တိုက်ခိုက်လာခြင်းကြောင့် ဒေသခံပြည်သူများ၊ ဝန်ထမ်းများ၊ ထောင်သောင်းချီသော လက်လုပ်လက်စားလုပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေ၍ ဒုက္ခပင်လယ်ဝေခဲ့ရပြီး တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေခဲ့ပါသည်။ ဒေသခံပြည်သူများနှင့် အလုပ်သမားများစွာတို့သည် နေရာအနှံ့အပြားသို့ထွက်ပြေးတိမ်းရှောင်ခြင်း၊ အသက်အန္တရာယ်ဆုံးရှုံးနစ်နာရခြင်း စသည့်ဖြစ်ရပ်မျိုး ကြုံတွေ့ခဲ့ရခြင်းမှာ လုံးဝမဖြစ်သင့်သည့်ဖြစ်ရပ်မျိုးဖြစ်ကြောင်း ကျွန်တော်များ ကိုးကန့်တိုင်းရင်းသားမိသားစုများမှ သဘောထားမှတ်ယူရရှိပါသည်။

၃။ အချင်းဖြစ်ပွားသည့် လက်ရှိအချိန်ကာလမှာ ကိုးကန့်ဒေသ၏ လက်ဖက်ခူးချိန်နှင့် ကြံစိုက်ခင်းများ ရိတ်သိမ်းချိန်ကျရောက်လျက်ရှိရာ တိုက်ခိုက်မှုပြဿနာဖြစ်ရပ်များကြောင့် တိုင်းရင်းသားများအတွက် နစ်နာမှုများစွာ ကြုံတွေ့ရပါသည်။ မြေပြန့်သို့ ရောက်ရှိနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုများသည် ဒို့တာဝန်အရေး(၃)ပါးကို ထိပါးလာလျှင် မည်သူ့ကိုမျှမလိုလားပါကြောင်း၊ နောင်တွင် ယခုကဲ့သို့ဖြစ်ရပ်မျိုးကို ထပ်မံ၍မပေါ်ပေါက်စေရန်နှင့် ထာဝရတည်ငြိမ်အေးချမ်းသည့် ဒေသတစ်ခုအဖြစ်သို့ ရောက်ရှိစေရန် နိုင်ငံတော်အစိုးရမှ အကောင်းဆုံးသော နယ်မြေဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးစနစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်ရန် ကိုးကန့်တိုင်းရင်းသားမိသားစုများအားလုံးက သဘောထားဆန္ဒပြု ထုတ်ပြန်ကြေညာအပ်ပါသည်။

၄။ ယခုလို ကိုးကန့်ဒေသ တရားဥပဒေစိုးမိုးရေး ပျက်ပြားနေသည့်အချိန် ရက်ပေါင်း(၉၀)အတွင်း စစ်အုပ်ချုပ်ရေးဖြင့် ဆောင်ရွက်ခြင်းကို ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားမိသားစုများမှ ကြိုဆိုထောက်ခံပါသည်။ ယခုနိုင်ငံတော်အစိုးရအဖွဲ့နှင့် တပ်မတော်မှဦးစီးပြီး ဤဒေသကို ပြန်လည်ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို အဖွဲ့အသီးသီးမှ စတင်ပြုလုပ်ဆောင်ရွက်တော့မည်ဖြစ်ပါ၍ ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားမိသားစုအားလုံးမှ စိတ်ရင်းစေတနာအပြည့်အဝထားပြီး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ထို့အတူ အခြားသော မြန်မာတိုင်းရင်းသားညီအစ်ကိုများကလည်း ပါဝင်ကူညီစောင့်ရှောက်ပေးပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

**ကိုးကန့်တိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှုအသင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

■ ရွှေ့ဖုံးမှ

မီးရထားကို စတင်မြင်ဖူး၊ စီးဖူးကြခြင်းဖြစ်သည်။ မြန်မာ့မီးရထားသက်တမ်းနှစ်(၁၀၀)ပြည့်ခါနီးမှ မြင်ကြရ၊ စီးကြရခြင်းဖြစ်သည်။ ရထားမစီးဖူးကြသဖြင့် ကားစီးရသလိုအောက်မေ့ကာ ရထားပေါ်ကျမှ ရထားခပေးရမည်ဟု ထင်ခဲ့သည်။ ရထားစီးလျှင် လက်မှတ်ဖြတ်ရကောင်းမှန်းမသိ၊ လက်မှတ်ဝယ်စီးရကောင်းမှန်း မသိသူများ၏ အဖြစ်ကို အခွင့်ကောင်းယူ၍ ရထားဝန်ထမ်းအချို့ အလုပ်ပြုတ်ခါမှ ဒေသခံတို့မှာလည်း ရထားစီးလျှင် ရထားခလက်မှတ်ဖြတ်၍ စီးရကြောင်း ကောင်းကောင်းသိရှိသွားကြတော့သည်။

ကျွန်တော်နေထိုင်ရာ ကလေးဒေသတွင် ကလေး-ဂန့်ဂေါ ရထားလမ်းကြီးကို ၁၉၉၅ ခုနှစ်က စတင်ဖောက်လုပ်ပြီးစီးခဲ့ပြီး ၁၉၉၅ ခုနှစ် ဧပြီ ၂၃ ရက်နေ့ကစ၍ ကလေး-နတ်ချောင်း ကားရထားကို စတင်ပြေးဆွဲပေးခဲ့ပါသည်။ ထိုစဉ်က ကားရထားစီးခမှာ ငါးကျပ်မျှသာဖြစ်သည်။ ကလေး-နတ်ချောင်း ၁၂ မိုင်ဝေးသည်။ ကလေးဘူတာနှင့် နတ်ချောင်းဘူတာကို နေ့စဉ် နှစ်ခေါက် အသွားအပြန် လေးခေါက်ပြေးဆွဲပေးခဲ့သည်။ ထိုစဉ်က ကလေး-နတ်ချောင်းကားခမှာ ကျပ် ၅၀ ပေးရသည်။ ရထားစီးခက ကားခထက် ၁၀ ဆ သက်သာသည်။ ထို့ကြောင့် ရထားခဈေးချို၍ ရထားကိုသာ စီးကြတော့သည်။ စာရေးသူလည်း ကလေးမြို့သို့ လစာသွားထုတ်တိုင်း ကားရထားပေါ် စက်ဘီးတင် လူစီး၍ လိုက်ပါလေ့ရှိသည်။ ရထားစီးခ ငါးကျပ်၊ စက်ဘီးတစ်စီးတင်ခ ငါးကျပ်၊ ပေါင်း ၁၀ ကျပ်ပေးလိုက်ရုံနှင့် ကလေးမြို့ ရောက်သွားတော့သည်။

နတ်ချောင်း-ကလေးဈေးသည်များလည်း နေ့တိုင်းစီးကြသည်။ ရထားစီး၍ ဈေးရောင်းကြသည်။ ကလေးတက္ကသိုလ်တက် ကျောင်းသားများလည်း ရထားစီး၍ တက္ကသိုလ်တက်ကြသည်။ ရထားကြောင့် အလွန်အဆင်ပြေကြသည်။

ကလေး-ဂန့်ဂေါရထားလမ်းပိုင်းတွင် ကလေး-ဂန့်ဂေါရထားကြီးသည် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်က စတင်ပြေးဆွဲပါသည်။ စတင်ပြေးဆွဲစဉ်က ရထားခမှာ ကျပ် ၄၀ သာပေးရသည်။ ကလေး-ဂန့်ဂေါ ၈၂ မိုင် ဝေးသည်။ ကလေးဘူတာမှ နံနက် ၆ နာရီထွက် ဂန့်ဂေါဘူတာသို့ မွန်းတည့် ၁၂ နာရီရောက်၊ ဂန့်ဂေါဘူတာမှ မွန်းလွဲ ၁ နာရီပြန်ထွက် ကလေးဘူတာသို့ ည ၈ နာရီ၊ ၉ နာရီ ပြန်ရောက် ခေါက်ပြန်ပြေးဆွဲပေးခဲ့သည်။

ထိုသို့ ရထားကြီးပြေးဆွဲပေးပြီး တစ်နှစ်ကျော်အကြာတွင် ရထားစီးခရီးသည် များပြားလွန်းလှသဖြင့် ကလေး-ဂန့်ဂေါရထားလမ်းပိုင်းတွင် ကျေးလက်နေပြည်သူများ သွားရေး၊ လာရေး အဆင်ပြေစေရန် နောက်ထပ်ကားရထားနှစ်စင်း တိုးချဲ့ပြေးဆွဲပေးခဲ့ပါသည်။ ထိုကားရထားနှစ်စင်းမှာ- ဟံသာဝတီကားရထားနှင့် မွေ့လယ်ကားရထားတို့ဖြစ်သည်။ ယခင်ပြေးဆွဲပေးနေသော "နတ်ချောင်းကားရထား"နှင့်ဆိုပါက ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်းတွင် ကားရထားသုံးစင်း ယနေ့အထိ ပုံမှန်ပြေးဆွဲပေးနေပါသည်။

နေ့စဉ် နတ်ချောင်းကားရထားက နတ်ချောင်းဘူတာမှ နံနက် ၇ နာရီတွင် ထွက်ပေးသည်။ ထိုနည်းတူ ဟံသာဝတီကားရထားကလည်း ဟံသာဝတီဘူတာမှ နေ့စဉ် နံနက် ၆ နာရီတွင်လည်းကောင်း၊ မွေ့လယ်ကားရထားကလည်း မွေ့လယ်ဘူတာမှ နံနက် ၅ နာရီတွင်လည်းကောင်း အသီးသီး တစ်နာရီစီခြား၍ ထွက်ပေးပါသည်။

ကားရထား သုံးစင်း ပြေးဆွဲပေးသဖြင့် ဂန့်ဂေါနယ်ရှိ ကျေးလက်နေပြည်သူများနှင့် ကလေးနယ်ရှိ ကျေးလက်နေပြည်သူများမှာ ကလေးနှင့် ဂန့်ဂေါမြို့တို့သို့ အဆင်ပြေစွာ ချောင်ချောင်ချိချိ သွားလာနိုင်ကြသည်။ တစ်ရွာနှင့် တစ်ရွာ သာရေးနာရေးကို ရထားစီး၍သာ သွားကြတော့သည်။

ကားရထားမှာ ရွာတိုင်း၊ ဘူတာတိုင်း ရပ်နားသဖြင့် တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်သွယ်သွားလာရသည်မှာ အလွန်အဆင်ပြေကြသည်။ ရထားကြီးမမီလိုက်လျှင် ကားရထားစီး၍ သွား၍ရသည်။ မိမိသွားလိုရာအချိန်၌ ရထားလေးစင်းရှိသဖြင့် လွယ်ကူစွာ သွားလာနိုင်ကြသည်။ ရထားကြီးစီးမလား၊ ကားရထားစီးမလား ကြိုက်ရာစီး၊ များစွာအဆင်ပြေကြသည်။

ကလေး-နတ်ချောင်းကားရထားသည် ကလေးနယ် နတ်ချောင်းရွာဘူတာ၌လည်းကောင်း၊ ဟံသာဝတီကားရထားသည် ဂန့်ဂေါနှင့် ကလေးနယ်စပ်ရှိ ဟံသာဝတီရွာ၌ လည်းကောင်း၊ မွေ့လယ်ကားရထားသည် ဂန့်ဂေါမြို့နယ် မွေ့လယ်ရွာ၌လည်းကောင်း ညအိပ်ရပ်နား ပြေးဆွဲပေးပါသည်။ ထို့ကြောင့် ထိုကားရထားများ ညအိပ်ရပ်နားရာ ဘူတာအနီးဝန်းကျင်ရှိ ကျေးရွာများမှာ မိမိဒေသရှိ ကားရထားပေါ်တက်စီး၍ လိုရာခရီးသွားနိုင်ကြသည်။ တစ်ရွာနှင့်တစ်ရွာ ကူးလူး၍ ဒေသထွက်ကုန်များကို ရောင်းဝယ်နိုင်ကြသည်။ သာရေး၊ နာရေးသွားလာနိုင်ကြသည်။

ကားရထားတို့ကား ကျေးလက်နေပြည်သူများအတွက် များစွာအကျိုးပြုလျက်ရှိပါသည်။ ရှေးက သွားရေးလာရေးခက်ခဲလှသော ကလေးချောင်ဒေသ၊ ယောချောင်ဒေသတို့မှာ ယခုအခါ နိုင်ငံတော်အစိုးရက ရထားကြီးတစ်စင်း၊ ကားရထား သုံးစင်း နေ့စဉ်ပြေးဆွဲပေးနေသဖြင့် ယောနယ်နှင့် ကလေးနယ်၊ ချင်းပြည်နယ်ရှိ ဒေသခံပြည်သူတို့မှာ သွားရေးသာ၍ လာရေးဖြောင့်နေကြပါကြောင်း သိရသည်။

ပြည်တွင်းရေးရာ

# ဒုတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံကျင်းပ



**ရန်ကုန် မတ် ၁**

စာကြည့်တိုက်ပညာဆိုင်ရာ အတွေးအမြင်၊ အတွေ့အကြုံများ ဖလှယ်ရန်၊ စာကြည့်တိုက်မှူးများအချင်းချင်း စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မျှဝေဆောင်ရွက်ရန် စာကြည့်တိုက်များတွင် တွေ့ကြုံနေရသော အခက်အခဲ စိန်ခေါ်မှုများကို သိရှိနားလည်ပြီး ကျော်လွှားနိုင်မည့် နည်းလမ်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် စာကြည့်တိုက်မှူးများ အချင်းချင်းရင်းနှီးချစ်ကြည်၍ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍကို မြှင့်တင်သွားရန် စသည့်ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများ ညီလာခံကို ယနေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်က စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်သူတိုးတက်လာစေရေးနှင့် စာကြည့်တိုက်မှူးများ၏ အရည်အသွေးပြည့်ဝရေးတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က "ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာမှာ စာကြည့်တိုက်များရဲ့အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ စာကြည့်တိုက်အခန်းကဏ္ဍ အရေးကြီးသလို စာကြည့်တိုက်များမှာ သက်ဝင်လှုပ်ရှားဆောင်ရွက်ကြရတဲ့ စာကြည့်တိုက်မှူးများရဲ့အခန်းကဏ္ဍဟာလည်း ပိုပြီး အဓိကကျပါတယ်။ စာကြည့်တိုက်မှူးတစ်ယောက်အနေနဲ့ ထိုင်ပြီး စာအုပ်အငှားပေးခြင်းကို စာကြည့်တိုက်မှူးလို့ အသိအမှတ်ပြုလို့မရပါဘူး။ စာကြည့်တိုက်မှူးများဟာ စာပေအသိပညာ ပြန့်ပွားရေးကိုလည်း လုပ်ကိုင်ချင်စိတ်ရှိသူ၊ တီထွင်ဆန်းသစ်လိုစိတ်ရှိသူများလည်းဖြစ်ရပါမယ်။

ဒါကြောင့် ဒီနေ့ကျင်းပတဲ့ ညီလာခံမှာ ပြည်သူတွေကို အသိပညာ ဗဟုသုတတိုးပွားစေရေး ပိုမိုဆောင်ရွက်နိုင်ဖို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြပါ။ မိမိတို့ဒေသမှာ တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေကိုလည်း မှန်မှန်ကန်ကန် တင်ပြခြင်းဖြင့် တာဝန်သိသော၊ ပြည်သူကို အကျိုးပြုသော စာကြည့်တိုက်မှူးများဖြစ်နိုင်ကြပါစေ"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးသန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း အလုပ်အမှုဆောင် ဦးမောင်မောင်ဦး(ဟိန်းလတ်)က စာကြည့်တိုက်မှူးများ ဆွေးနွေးရမည့်ခေါင်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ညီလာခံတွင် Myanmar Book Aid & Preservation Foundation မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန့်သော်ကောင်းက စာကြည့်တိုက်များအနေဖြင့် အဖွဲ့အစည်းများ၊ အခြားစာကြည့်တိုက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပေါင်းစပ်လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့လုပ်ဆောင်မည်ဆိုပါက အကျိုးကျေးဇူးများ၊ အောင်မြင်မှုများလည်း ရရှိလာမှာဖြစ်ပါကြောင်း စသည့်အချက်များအပါအဝင် စာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါဝင်ကူညီမှုများ စာတမ်းအားဖတ်ကြားခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးခွန်းများ မေးမြန်းခဲ့သည်။

ထို့နောက် သရပါစာကြည့်တိုက်မှူး ဦးရဲထက်ဦးက စာကြည့်တိုက်တစ်ခုတွင် နေရာ၊ ဝန်ဆောင်မှု၊ စာအုပ်၊ စာဖတ်သူ စသည့်လေးမျိုးတွင် အရေးကြီးဆုံးကို စဉ်းစားရန်လိုအပ်ကြောင်း၊ စာကြည့်တိုက်တွင် စာဖတ်သူဦးရေတိုးတက်လာရန်အတွက် မိမိတို့ဒေသ၏ လိုအပ်ချက်နှင့် လိုလားချက်များကို ဖြည့်စွက်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ စာဖတ်သူကို အာရုံစိုက်ရန်လိုသလို စာအုပ်စင်ပေါ်က စာအုပ်များကိုလည်း အာရုံစိုက်ဖို့လိုပါကြောင်း စသည်ဖြင့် စာကြည့်တိုက်များတွင် စာဖတ်သူများ တိုးပွားလာစေရေးစာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

စာကြည့်တိုက်လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအား ညနေပိုင်းတွင် အုပ်စုများခွဲကာ ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ UMFCCI မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတစ်ဝန်းမှ စာကြည့်တိုက်မှူး ၄၀၀ ဝန်းကျင်တို့ တက်ရောက်ခဲ့ကြသည်။

ပထမအကြိမ် စာကြည့်တိုက်မှူးများညီလာခံကို ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့ပြီး ယခုနှစ်ညီလာခံမှာ ဒုတိယ အကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

ယခုညီလာခံကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပြည်သူများ စာဖတ်သည့်အလေ့အထကောင်းများ ရရှိလာစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ယခုအချိန်တွင် ကျေးလက်နှင့် မြို့ပြဒေသအသီးသီး၌ စံငါးချက်ညီ စာကြည့်တိုက်ပေါင်း ၆၂၀၀ ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ညီလာခံကို နှစ်ရက်ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယနေ့တွင် ၂၀ ရာစု၌ အရေးပါလာသော စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ၊ စာကြည့်တိုက်များစဉ်ဆက်မပြတ် တိုးတက်ရှင်သန်မှုစသည့် စာတမ်းများကိုလည်း စာကြည့်တိုက်ပညာရှင်များက ဖတ်ကြားကြမည်ဖြစ်သည်။ ညနေပိုင်းတွင် စာကြည့်တိုက်မှူးများ၏ ဆွေးနွေးပွဲရလဒ်များအား ပညာရှင်များက ပြန်လည်သုံးသပ်ကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲကျင်းပမည်

**နေပြည်တော် မတ် ၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှု မီဒီယာအဖြစ် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ ပြုပြင်ပြောင်းလဲလျက်ရှိသည်။ မြန်မာ့အသံ(ရေဒီယို)၏ ဒေသဆိုင်ရာ အမာခံသတင်းထောက်များ တိုးပွားလာစေရန် မြန်မာ့အသံမှထုတ်လွှင့်သည့် အစီအစဉ်များအပေါ် ဝေဖန်အကြံပြုချက်များရရှိစေရန်နှင့် သောတရှင်များနှင့် မြန်မာ့အသံဝန်ထမ်းများ အကြား ရင်းနှီးချစ်ကြည်မှု ပိုမိုရရှိစေရန်ရည်ရွယ်၍ မြန်မာ့အသံချစ်သူများအဖွဲ့ကို ၂၀၁၃ ခုနှစ် မေလတွင် မြန်မာ့အသံ(ရေဒီယို)မှ သတင်းထုတ်ပြန်ပြီး ဖိတ်ခေါ်ဖွဲ့စည်းခဲ့ရာ ယခုအခါ အနယ်နယ်အရပ်ရပ်မှ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်(၂၀၀၀)ကျော်ရှိပြီဖြစ်သည်။

ပထမအကြိမ် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် မတ် ၁၄ ရက်နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ သရုပ်ဆောင် စည်သူမောင်၊ တေးသံရှင် ရှင်ဖုန်းနှင့် ဝိုင်းလေး စသည့်အနုပညာရှင်များ၊ စောမင်းနောင်၊ မျိုးဆွေသန့်၊ ဇင်ဝိုင်း၊ ချမ်းမြေ့ဝင်း၊ မီမီခိုင်၊ ငုဝါခိုင် စသည့် မြန်မာ့အသံဝန်ထမ်းများက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ တက်ရောက်နိုင်ကြပြီး အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်လိုသူများအနေဖြင့် မြန်မာ့အသံသို့ ဆက်သွယ်ဝင်ရောက်နိုင်ကြသည်။ တက်ရောက်လိုသူ အဖွဲ့ဝင်များ အနေဖြင့် ဖုန်း ၀၆၇-၇၉၄၂၀၊ ၀၆၇-၇၉၂၁၅ နှင့် ၀၉-၂၅၃၆၁၈၁၁၃ သို့လည်းကောင်း **radionewsroom.mrtv@gmail.com** သို့လည်းကောင်း ၂၀၁၅ ခုနှစ် မတ် ၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားများကို အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အလှည့်ကျ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



စတုတ္ထမြောက်သုံးဆခန့် ပိုမိုပေါ့ပါးသော ကာဗွန်အမျှင်ပြားများနှင့် လူ့ဆံချည်မျှင်မျှရှိသော ဆိုလာဆဲလ်မျှင်များဖြင့် တီထွင်ထားသော ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse - 2 မန္တလေးမြို့သို့ ၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ရောက်ရှိမည်

# ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် အတွေ့အကြုံထပ်ဆင့်ရှင်းလင်း

**ပုသိမ် မတ် ၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ အဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ် တရားသူကြီးများ၏မှာကြားချက်များကို ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက ထပ်ဆင့်ရှင်းလင်းပြီး တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်အေးအေးခိုင်က အစည်းအဝေးမှ လုပ်ငန်းလမ်းညွှန်မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကိုလည်း ထပ်ဆင့်ရှင်းလင်းကြောင်း သိရသည်။

**(ကြေးမုံ)**

# အောင်ဘာလေသိန်းဆုဖွင့်

**ရန်ကုန် မတ် ၁**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၃၁၄)ကြိမ် အောင်ဘာလေသိန်းဆုဌာနခွဲမှ ယနေ့ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း(၁၅၀၀)ဆု**

င- ၁၄၅၇၆၉

**ကျပ်သိန်း(၁၀၀၀)ဆုများ**

ကစ- ၃၆၄၁၅၈

ကဂ-၈၅၆၀၅၃

**ကျပ်သိန်း(၅၀၀)ဆုများ**

ဝ- ၈၂၄၄၃၄

ကစ- ၆၃၈၈၂၉

ဍ- ၆၈၃၆၈၉

ည- ၆၅၈၁၃၈

ဆ- ၃၀၆၅၁၃

**ကျပ်သိန်း(၃၀၀)ဆုများ**

ဋ- ၉၁၄၈၈၉

န- ၃၁၄၂၅၀

ခ- ၁၃၃၁၄၀

ပ- ၉၄၂၆၇၃

ဂ- ၃၄၀၉၁၆

ခ- ၅၁၀၂၁၉

**ကျပ်သိန်း (၂၀၀)ဆုများ**

ဋ- ၈၂၁၁၉၆

ဎ- ၇၉၀၅၆၉

န- ၄၇၆၉၀၂

ကစ- ၈၉၁၁၅၁

ဗ- ၄၃၇၀၇၆

က- ၆၈၁၉၆၄

က- ၇၃၇၆၇၅

**ကျပ်သိန်း (၁၀၀)ဆုမဲများ**

ဈ- ၄၀၃၈၄၁

ရ- ၅၀၅၆၈၅

န- ၇၄၆၄၅၃

သ- ၅၅၃၈၈၅

ထ-၁၅၃၃၂၅

ဇ-၈၈၄၇၆၆

လ- ၇၈၈၇၃၇

ယ- ၉၅၉၀၀၇

တ- ၆၈၁၇၄၄

ရ- ၉၆၅၂၇၄

ယ- ၈၆၅၆၈၉

င- ၃၉၆၁၁၃

န- ၉၇၄၉၆၅

ဗ- ၅၂၁၃၃၄

ဝ- ၁၉၁၇၄၂

ည- ၉၂၈၉၁၈

ခ- ၈၉၄၁၀၇

န- ၆၀၉၅၃၆

# တပေါင်းသာခေါင်လမျှားနှောင်

## ဝိသဇ္ဇက(ပဲခူး)

တပေါင်းရယ်တဲ့ မိန်ရာသီ ရွက်ဟောင်းကိုလေနှင်လို့ ပန်းတော်ဝင် ရွှေအင်ကြင်းငယ် သင်းပျံ့ခဲ့ပြီ။

နိတျာသန္တာနှစ်လိုပ စီအမြဲ့ာညာသရစ်ကယ်တို့ ဝနာသစ် ပြောင်းခါမို့၊ ဆောင်းရာသီရယ်တဲ့ကုန်ကျွမ်း ဘရဂုဏ္ဏိမှာ တူအညီသော်တာပြည့်ပါလို့ . . . မျှော်ကြည့်သူ ကြည်ကြည်သာ၍ သည်အခါ ငွေတောင်ဦးမှာလ၊ သဲစေတီသဘင်ထူးကို မြူးလို့ပျော်စမ်း။

တပေါင်းလသည် ဆောင်းရာသီ ဆုတ်ခွာစဉ် နွေရာသီဝင်လုသော အချိန်အခါဖြစ်သည်။

ဤသည်ကိုရည်၍ "နေ့ပူလို့ ညချမ်း၊ တပေါင်းလ လသရမ်း"ဟု ဆိုစမှတ်ပြုကြသည်။ ဆောင်း၏ သဘာဝ မကုန်သေးသောကြောင့် ညအခါ၌ အလွန်အေးသည်။ ကဗျာကဝိပညာရှိတို့က တပေါင်းလကို သာယာတင့်တယ်သောလဟု မှတ်ယူကြသည်။ တပေါင်းလကုန်လုနီး ဝသန္တရတုကို သက္ကတ၌ "ရတုရာဇ"ဟု ခေါ်သည်။ ဤသည်ကို ထောက်၍ တပေါင်းလသည် ရတု(ဝါ)ရာသီဥတု တကာတို့တွင် ဘုရင်ဖြစ်သည်ဟုလည်း ဆိုကြသည်။

တပေါင်းလ၌ မြန်မာနိုင်ငံတန်ခိုးကြီးဘုရားများတွင် ဘုရားပွဲတော်များ အသီးသီးကျင်းပကြ၏။ ထေရာအပါဒါန်၌ သဲပုံစေတီပူဇော်ခြင်း သမိုင်းကို ပြဆိုထားသည်။ နာရဒမည်သောရသေ့သည် ယမကတောင်အနီး ကျောင်းသင်ခန်း၌ သီတင်းသုံးစဉ် အမရိကမည်သောမြစ်သို့ ချဉ်းကပ်၍ သဲပုံစေတီ တည်ပြီးလျှင် ထိုစေတီကို သက်တော်ထင်ရှားမြတ်စွာဘုရားအား ရည်မှန်းကာရှိခိုး၏။ ယင်းအကျိုးဆက်ကြောင့် ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက်ပြီးလျှင် ဘဝအဆက်ဆက်၌ နတ်ဘုံနတ်နန်း၌ သိကြားမင်းအဖြစ် အကြိမ်ကြိမ်၊ လူ့ပြည်၌ စကြဝတေးမင်းအဖြစ်အကြိမ်ကြိမ် နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို ခံစားရ၏။ ဤသို့ ယုံကြည်ချက်ကြောင့် တပေါင်းလဘုရားပွဲကျင်းပခြင်း၊ သဲပုံစေတီတည်ထားကိုးကွယ်ခြင်းမှ အစပြုလုပ်လာသည်။

"ပန်းရွှေဖီ ကြိုင်လျှောက်လို့၊ ပိတောက်ကယ်တဲ့ သင်းချို"ဟူသော တပေါင်းလဘွဲ့အရ ရွှေဖီနှင့်ပိတောက်သည် တပေါင်းလ၏ အထိမ်းအမှတ်ဖြစ်သည်။ ရွှေဖီပန်းမှာ သရဖီပန်းနှင့် အဓိပ္ပာယ် အတူတူဟု ယူဆကြသည်။ သရဖီကို ရွှေဖီဟု ထင်ပါသည်။ သရဖီပန်းနှင့် ပုန်းညက်ပန်းတို့မှာလည်း အမျိုးတူသည်။ ထို့ကြောင့် အရွက်နှင့် အပွင့်တို့သည် ဆင်တူယိုးမှားဖြစ်သည်။ ပုန်းညက်သည် အခိုင်လိုက်ပွင့်၏။ သရဖီကား အကိုင်းမှ တစ်ပွင့်ချင်းပွင့်သော အပွင့်မျိုးဖြစ်၏။ အဝါရောင်ဝတ်ဆံနှင့် အပွင့်ဖြူသောကြောင့် ကံ့ကော်ပန်းနှင့် ဆင်ဆင်တူသည်။ သရဖီကို ရွှေဖီနှင့်တွဲ၍ ပြဆိုဘိသကဲ့သို့ ရွှေဖီကို အင်ကြင်းနှင့်လည်းတွဲ၍ ပြကြသည်။အပွင့်မှာအဝါရောင်ဖြစ်၍ ကြက်ငှက်တို့၏ တောင်ပံနှင့်တူသည်။ လှပသည့်အပြင် ရနံ့မှာလည်းသင်းသည်။

ပိတောက်ပန်းကို သင်္ကြန်ပန်းဟူ၍ အများသိကြသည်။ ပိတောက် သုံးကြိမ်ပွင့်လျှင် မိုးဥတုသို့ရောက်တော့မည်ဟု အမှတ်သညာပြုကြသည်။ ပိတောက်သည် အခိုင်လိုက်အဆုပ်အခဲနှင့်ပွင့်လေ့ရှိသောကြောင့် အပွင့်ပွင့်လျှင် တစ်ပင်လုံးရွှေရောင်ကဲ့သို့ ဝါဝင်းရောင်တို့ဝင်းထိန်နေသည်။

တပေါင်းလသည် ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သောလဟူ၍ ဆရာကြီး ဦးဖိုးလတ်ကဆိုထားသည်။ တပေါင်းဟူသော ဝေါဟာရ၌ပါသည့် တမှာ ထန်းကိုဟောကြောင်းဆိုကြသည်။ တပေါင်းဟူသည်ကား ထန်းရည်ကို ကျို၍ ထန်းလျက်ချက်သောလဟူ၍ ဦးဖိုးလတ်ကဆိုသည်။ "တ"သဒ္ဒါထန်းကိုဟောသည်။ "ပေါင်း"ဟူသည်မှာ မြန်မာစကားရိုးရိုးပင်ဖြစ်၍ ပေါင်းသည်။ ကျိုသည်။ ချက်သည်ဟူ၍ အဓိပ္ပာယ်ရသည်။ လှေသင်းအတွင်းဝန်မင်းကမူ ပါဠိစကားရ "တပေါင်း" ဆိုသည်မှာ "တပဿျား"မှ လာ၍ ပူပန်ခြင်းကောင်းသောလ "ပြင်းထန်သောလ" ဖြစ်သည်ဟု ဆိုသည်။

ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမားဘွဲ့၌ နွေဦးကာလတပေါင်းလတွင် ထန်းတက်၍ ထန်းရည်သိမ်းဆည်းပြီးလျှင် ထန်းလျက်ချက်သည်ကို ဖွဲ့ဆိုထားသည်။ ဤကိုကောက်၍ ထန်းချက်သောလဟုဆိုလျှင် ပို၍ယုတ္တိတန်သည်ဟု မှတ်ယူရန်ဖြစ်၏။

တပေါင်းသာခေါင် လမျှားနှောင်ဟူသော ဆိုစကားနှင့်အညီ မြန်မာ တစ်ဆယ့်နှစ်လရှိသည့်အနက် တပေါင်းလသည် တောတောင်သဘာဝသစ်ပင် ပန်းမန်တို့ ရွက်ဟောင်းတို့ကြွေ ရွက်သစ်တို့ဝေကာ အလှပဆုံး၊ အသာအယာဆုံး အချိန်ရာသီဖြစ်ပါသည်။

"ဥတ္တရဖလဂုဏ်က၊ တိမ်ဘုံမှာ ရောင်ခြည်လင်းလို့ လမင်းသော်တာနှင့် တူမကွာ ထိန်ဝါလင်း၊ ထွန်းတဲ့ခါကို" စာဆိုနှင့်အညီ ဥတ္တရဖလဂုဏ်နက္ခတ်နှင့်ငွေသော်တာလမင်းတို့အတူ ယှဉ်တွဲထွန်းလင်းကြသည်ကို ဖိုးသူတော်ဦးမင်းက သဖြန်ရေးစပ်၍ ဖော်ပြထားသည်။ ရာသီဥတုသာယာကြည်နူးဖွယ်ဖြစ်ရကားလူသားတို့သာမက သဲသောင်ပြင်ဝယ် ဝမ်းဘဲရွှေစင်ရော်တို့ မဖိုခေါ်ထူး၍ မြူးထူးပျော်ရွှင်ရသည်အထိပင် သာယာလှပါသည်။

> **တပေါင်းသာခေါင် လမျှားနှောင် ဟူသော ဆိုစကားနှင့်အညီ မြန်မာတစ်ဆယ့်နှစ်လ ရှိသည့်အနက် တပေါင်းလသည် တောတောင်သဘာဝ သစ်ပင်ပန်းမန်တို့ ရွက်ဟောင်းတို့ကြွေ ရွက်သစ်တို့ဝေကာ အလှပဆုံး၊ အသာအယာဆုံး အချိန်ရာသီ ဖြစ်ပါသည်။**

ဆောင်းကုန်လို့ကျွမ်းနွေဦးစွမ်းမို့ လွမ်းဖွဲ့ရာသီဟုစာဆိုတို့ကဆိုကြ၏။ ထိုသို့ လှပလွမ်းဆွတ်ရှုမခန်းပုံများကို ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာရဋ္ဌသာရစသော ကဗျာထိပ်တင်တို့က စာပန်းချီခြယ်သခဲ့ကြပါသည်။

ဗုဒ္ဓဝင်ဇာတ်တော်တွင် တပေါင်းလ၏လွမ်းစရာဖြစ်စေသည်တို့ကို ကပိလဝတ်ပြည်မှစခဲ့သည်ဟုဆိုရပေမည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားဘုရားကိုဖခင်၏ချစ်ခြင်းဖြင့်လည်းကောင်း၊ သမီးတော်ယသော်ဓရာမင်းသမီးက မိဖုရား၏ချစ်ခြင်းဖြင့်လည်းကောင်း လွမ်းကြသည်။ ထိုဇာတ်ဝတ္ထုတို့တွင်တွေ့ရသည်။ သတ္တတိုင်းကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီး၏ သားတော်သိဒ္ဓတ္ထမင်းသားသည် လောကသမုတ်နတ်၊ ဥပသတ္တိနတ်တို့ထက် အလွန်တရာ မြင့်မြတ်တော်မူလှသော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသည်။ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သည့် ဗုဒ္ဓမြတ်စွာဘုရားသခင်ဖြစ်ပေသည်။

မဂဓတိုင်း ၊ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓမြတ်ဘုရားသခင်ကို ဝေဠုဝန်ဉယျာဉ်တော်တွင်ကျောင်းဆောက်၍ ကိုးကွယ်ထားလျက်ရှိသည်ကို သုဒ္ဓေါဒနမင်းကြီးသိလေသည်။ ထိုကျောင်းကြီး၌ပင် သတ္တဝါဝေနေယျတို့ကို တရားရေအေးအမြိုက်ဆေးတိုက်ကျွေးနေသည်ကို သိရှိသောသားဘုရား၏ တရားတော်တို့ကို နာကြားလိုခြင်းဖြစ်နေသည်။

သို့ဖြစ်၍ ကာဠုဒါယီအမတ်ကြီးအား သခင်၏အရှင်ဖြစ်သော ကျေးဇူးရှင်ကို ကြင်နာထောက်ထားသောအားဖြင့် သားဘုရားကိုဖူးမြင်ကာ တရားတော်များနာယူလိုပါသည်။ ပင့်ဆောင်ပေးပါလေဟု စေလွှတ်တော်မူ၏။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ ဆန္ဒစကားကြောင့် ကာဠုဒါယီအမတ်ကြီးသည် မိန်ရာသီတပေါင်းလ၏ရာသီ ဥတုသာယာပုံ ၊သစ်ပင်ပန်းမန်များသီးပွင့်ကြပုံ၊ တောတိရစ္ဆာန်များမြူးထူးပျော်ပါးနေကြပုံ စသည်တို့ကို တန်ဆာဆင်ကာ လင်္ကာဖွဲ့နွဲ့၍ မြတ်စွာဘုရားရှင်အား ပင့်လျှောက်သည်။

မိုင်အားဖြင့် ၇၂၀ 'ယူဇနာ'ခြောက်ဆယ်ခရီးကိုတစ်နေ့လျှင်တစ်ယူဇနာတစ်ဆယ့်နှစ်မိုင်နှုန်းဖြင့် ခြေကျင်ခရီးဖြင့် ကြွတော်မူခဲ့သည်မှာ နှစ်လတိတိကြာမြင့်ခဲ့သည်။

ကာဠုဒါယီမထေရ်မြတ်၏လျှောက်ထားချက်ဖြင့် ဗုဒ္ဓမြတ်ဘုရားသည် ကပိလဝတ်ပြည်သို့မဟာသက္ကရာဇ် ၁၀၃ခု၊ တပေါင်းလပြည့်ကျော်(၁)ရက်နေ့တွင် ကြွတော်မူလေသည်။

တစ်တောဝင်၊ တစ်တောထွက်၊ တစ်တောင်တက်၊ တစ်တောင်ဆင်းဖြင့်ကြွချီတော်မူလာစဉ် ပင်ပန်းပူလောင်ခြင်းကို တန်ခိုးတော်ဖြင့် ချွေးသိပ်၍ အေးမြခြင်းပြုတော်မမူဘဲ သစ်ပင်ရိပ်ဖြင့်ချွေးသိပ်နားတော်မူလေသည်။

နောက်ပါရဟန်းတို့က သစ်ပင်ရိပ်တို့၏ အေးမြကြောင်းကို နှစ်သက်ကြသည်။ ချီးမွမ်းကြသည်။ သာယာကြည်နူးကြသည်။ မြတ်ဘုရားမူကား သစ်ပင်၏အရိပ်အာဝါသထက်ဆွေမျိုးဉာတကာတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် အမိအဖတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် ဆရာသမားတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက်မင်းကောင်းမင်းမြတ်တို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မြတ်စွာဘုရားတို့၏ အရိပ်အာဝါသသည် နိဗ္ဗာန်ရောက်သည်အထိ အလွန်ချမ်းသာ၊ အလွန်အေးမြလှပါပေ၏ ဟူ၍ ဟောကြားကာ နိဗ္ဗာန်ချမ်းသာသို့တိုင်အောင် အေးမြစေသည့်အရိပ်ကို ဖော်ညွှန်းသည့် လတပေါင်းဖြစ်ပါ၏။

ကပ္ပိလဝတ်နေပြည်တော်၌ပင် မြတ်ဘုရား၏ ဖခမည်းတော်မှာ မင်းမြောက်တန်ဆာငါးပါးဆင်မြန်းလျက်ပင် ထီးဖြူတော်အောက်မှာ အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်ခဲ့သည်။ ကျွေးမိခင် မိထွေးတော်ဂေါတမီမှာ ဘိက္ခုနီပြု၍ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်ခဲ့ကြသည်။

မာယာဒေဝီမယ်တော်သည် သားတော်သိဒ္ဓတ္ထကို ဖွားမြင်ပြီး ခုနစ်ရက်မှာ နတ်ရွာစံခဲ့ရာ သားတော်ဘုရားသည် မွေးမိခင်ကို ကျေးဇူးဆပ်လို၍ နတ်ပြည်သို့ကြွမြန်းကာ အဘိဓမ္မာတရားကို ဟောကြားကာ ကျေးဇူးဆပ်ဟောကြားတော်မူခဲ့ပါသည်။

မြတ်ဘုရားသည် ပုဗ္ဗာစရိယရှေးဦးဆရာ "လောကသဒ္ဒသေတာ" ကမ္ဘာလောကကြီးကို ပြသပေးသူစသည်ဖြင့် အထူးဂုဏ်ပြုဟောကြားတော်မူပါသည်။

ကမ္ဘာလောကအကြောင်းကို ပြသ သွန်သင်သော လက်ဦးဆရာကို ကျေးဇူးဆပ်ရာတွင် (က)ဗုဒ္ဓတ္ထစရိယ-မိမိ၏ အကျိုးစီးပွားကို အားထုတ်ပြီးသောအခါ (ခ) ဉာဏတ္ထစရိယ- မိဘဆွေမျိုး ကိုယ့်ရပ်ရွာအကျိုးဆောင်ရွက်ခြင်းဖြင့် (ဂ) လောကတ္ထစရိယ- တိုင်းသူပြည်သား၊ ကမ္ဘာသူ ကမ္ဘာသား လူအများ၏ အကျိုးစီးပွားတို့ကို ဆောင်ရွက်အားထုတ်ရမည်စသော ဆုံးမစကားများကို ဟောကြားတော်မူခဲ့သော လတပေါင်းဖြစ်သည်။

လမျှားသာခေါင်လတပေါင်း၌ဘုရားရှင်က ကပ္ပိလဝတ်ပြည်သို့ ကြွတော်မူသည့် ကြည်ညိုဖွယ်ရာခရီးစဉ်၏ ကျေးဇူးများဖြစ်လေသည်။

တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လမျှားနှောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူဆွသောင်ပြင်၊ ငှက်ပေါင်းရွှင်စဉ်၊ သဘင်အညီ၊ သဲစေတီဟု၊ မြောက်ချီးရွှင်ပ၊ လျှူဒါန်းကြလျက် . . . ဟူ၍ စာဆိုဦးအောင်ကြီးက တပေါင်းသာခေါင်လတကာများ၏ နောက်ဆုံးလသည် နှိုင်းရာယှဉ်ရာမရှိပုံကို လူးတားကဗျာဖြင့် မှတ်တမ်းပြုခဲ့လေသည်။ ။

# မတ်လအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် မတ် ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာရက်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**နေ့အပူချိန်အခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့ နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ပေဝက်ခန့်၊ လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# ယာယီသက်သေခံလက်မှတ်များ အပ်နှံခြင်းနှင့် စိစစ်မှုခံယူခြင်းဆိုင်ရာ လုပ်ငန်းရှင်းလင်းဆွေးနွေး

**လားရှိုး မတ် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဆောင်ရွက်မည့် ယာယီသက်သေခံလက်မှတ်များအပ်နှံခြင်းနှင့် စိစစ်မှုခံယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် မိုးပွင့်(အထူး)စီမံချက် ဆောင်ရွက်ပြီးစီးမှု ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို တွဲဖက်ပြည်နယ်အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များကို အကျယ်တဝင့် ရှင်းလင်းခဲ့ပြီး ခရိုင်/မြို့နယ်ဦးစီးဌာနမှူးများမှ ဆွေးနွေးတင်ပြချက်များအပေါ် တွဲဖက် ပြည်နယ်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

**ဥတုရာသီ တောကိုမှီ၏**

# (၂၃)မိုင်ရှိ သောင်းကျန်းသူအခြေပြုတောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ရှင်းလင်းသိမ်းပိုက်ပြီး လောက်ကိုင် - ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်းဖွင့်လှစ်

**နေပြည်တော် မတ် ၁**

တပ်မတော်စစ်ကြောင်းများက ယနေ့ ညနေပိုင်းတွင် (၂၃)မိုင်အနီးရှိ စစ်ဗျူဟာအရ အရေးကြီးတောင်ကုန်းများနှင့် နယ်နိမိတ်မှတ်တိုင်အမှတ်(၁၂၉)အနီးရှိ ပွိုင့်-၁၃၁၉ တောင်ကုန်းတို့အား လက်နက်ကြီးပစ်ကူများရယူ၍ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ချေမှုန်းကာ သိမ်းပိုက်ရရှိခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများက (၂၃) မိုင်အနီးရှိ ကျောက်တောင်များတွင် အခြေပြု၍ အဆင့်ဆင့် အခိုင်အမာခံစစ်ယူထားကာ လောက်ကိုင်-ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်းအား ဖြတ်တောက်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစတင်၍ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများရယူ၍ ဟန်ချက်ညီ အဆင့်အဆင့်ခြေကုပ်ယူပြီး အရှိန်အဟုန်ပြင်းစွာဖြင့် တိုက်ခိုက်ရှင်းလင်းခဲ့သဖြင့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ကာ ညနေပိုင်းတွင် သောင်းကျန်းသူ အခိုင်အမာအခြေပြု တောင်ကုန်း ခြောက်ကုန်းအား အဆင့်ဆင့် သိမ်းပိုက်နိုင်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများ နောက်သို့ လိုက်လံရှင်းလင်းလျက်ရှိပြီး ယခုအခါ တပ်မတော်စစ်ကြောင်းများအနေဖြင့် လောက်ကိုင်-ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ပြီး လုံခြုံစိတ်ချစွာဖြင့် သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ လောက်ကိုင်အရှေ့ဘက်နယ်နိမိတ်မှတ်တိုင်အမှတ်(၁၂၉)အနီးရှိ စစ်ဗျူဟာအရ အရေးကြီးသော ပွိုင့်-၁၃၁၉ တောင်ကုန်းတွင် ပစ်ကျင်းများဖြင့် အခိုင်အမာ အခြေပြုခံစစ်ယူထားသည့် ကိုးကန့်သောင်းကျန်းသူ အင်အားစုများအား တပ်မတော်စစ်ကြောင်းများက ယနေ့ နံနက်ပိုင်းမှစတင်၍ လက်နက်ကြီးပစ်ကူများရယူကာ ဟန်ချက်ညီ ဝိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

တပ်မတော်စစ်ကြောင်းများက အဆိုပါတောင်ကုန်းအား ညနေပိုင်းတွင် သိမ်းပိုက်ရရှိခဲ့ပြီး သောင်းကျန်းသူများ ဆုတ်ခွာသွားရာနောက်သို့ ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိသည်။ အဆိုပါတိုက်ပွဲတွင် တပ်မတော်စစ်ကြောင်းအချို့သည် ရန်သူမမျှော်လင့်သော မြင့်မားမတ်စောက်သည့် တောင်နံရံများမှ ရဲဝံ့စွန့်စားစွာ ချဉ်းကပ်တက်ရောက်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများမှာ ၎င်းတို့မမျှော်လင့်သော အခြေအနေနှင့် ရင်ဆိုင်ခဲ့ရပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်း လောက်ကိုင်ဒေသတွင် တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ နံနက် ၁၀ နာရီခန့်တွင် သတင်းအရ နားပန်ကျေးရွာရှိ အဆောက်အအုံတစ်လုံးအတွင်း ဝင်ရောက်ရှင်းလင်းစဉ် အမ်-၂၂ ကျည်အတောင့် ၆၀၊ ဘယ်ရီကပ်ဦးထုပ် နှစ်လုံး၊ ဓာတ်ပုံအယ်လ်ဘမ်တစ်ခုနှင့် မော်တော်ယာဉ် နှစ်စီးတို့အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် နံနက် ၁၁ နာရီခွဲခန့်တွင် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းစဉ် လောက်ကိုင်မြို့၏ အနောက်တောင်ဘက် တစ်ဝိုက်၌ ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများထံမှ အလောင်း တစ်လောင်း၊ အမ်-၂၃ စက်လတ် တစ်လက်၊ ပစ္စတို တစ်လက်၊ ပွိုင့်(၂၂) ရိုင်ဖယ် တစ်လက်၊ တိုက်မိုင်း နှစ်လုံး၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ယမ်းကြိုးများ သိမ်းဆည်းရမိခဲ့သည်။


ထို့အတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ကျူတိုရှန်၌ ကိုးကန့်သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားလျက်ရှိကြောင်း သတင်းအရ နယ်မြေရှင်းလင်း ဆောင်ရွက်စဉ် အရပ်ဝတ်ဖြင့် မသင်္ကာဖွယ်ရာ လူ လေးဦးအား ရပ်တန့်စစ်ဆေးရာ ရပ်တန့်ခြင်းမရှိဘဲ ထွက်ပြေးရန်ကြိုးစားသဖြင့် ပစ်ခတ်ရှင်းလင်းစဉ် တစ်ဦးသေဆုံးခဲ့ပြီး သုံးဦးအရှင်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ သုံးဦးအား စစ်ကြောမေးမြန်းချက်အရ ယင်းပတ်ဝန်းကျင်အား ဆက်လက်ရှင်းလင်းရာ အနီးတစ်ဝိုက်ရှိ အဆောက်အအုံအတွင်းမှ လျှပ်စစ်ဒီတိုနေတာ ၁၀၀၀ ပါ သေတ္တာ နှစ်လုံး၊ ကျည်ကာအင်္ကျီ အနက်ရောင် ရှစ်ထည်၊ ကျည်ကာပြား အနက်ရောင် အပြား ၃၀၊ MNDAA လက်မောင်းတံဆိပ်ပါ ယူနီဖောင်း အထည် ၅၀၊ MNDAA အမှတ်တံဆိပ်ပါလျှာထိုးဦးထုပ် နှစ်လုံး၊ ချပ်ဝတ်တန်ဆာနှင့် ဆက်စပ်ပစ္စည်းများ ပါဝင်သော အထုပ်ကြီး ငါးထုပ်၊ စစ်စိမ်းရောင် ကျောပိုးအိတ် အလုံး ၃၀ ပါ နှစ်ထုပ်၊ ပြောက်ကျားအိပ်ရာလိပ်များ ပါဝင်သည့် အထုပ်ကြီး ငါးထုပ်တို့အား သိမ်းဆည်းရမိခဲ့ပြီး ယင်းပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ည ၈ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းများက စင်ကျိုင်းရွာတစ်ဝိုက် လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ်ရာ ၁၅ ဦးခန့်အား တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ ၎င်းတို့အတွင်းမှ လက်နက်ငယ်ကိုင်ဆောင်ထားသူ နှစ်ဦးက စတင်ပစ်ခတ်တိုက်ခိုက်လာသဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဖြစ်စဉ်နေရာအား ရှင်းလင်းရာ အလောင်း တစ်လောင်း၊ ဒဏ်ရာရရှိသူ နှစ်ဦးအပါအဝင် ၁၂ ဦးနှင့် MNDAA ဘက်တံဆိပ်ပါ ယူနီဖောင်း သုံးစုံ၊ ဘက်တံဆိပ်မပါ ယူနီဖောင်း ၁၂ စုံ၊ လျှာထိုးဦးထုပ် လေးလုံး၊ ပိကက်ဦးထုပ် တစ်လုံး၊ ကျည်ကာဦးထုပ် သုံးလုံး၊ အိုင်ကွန်အမျိုးအစား ဆက်သွယ်ရေးအထိုင်စက် တစ်လုံး၊ မော်တာရိုလာ အမျိုးအစား ဆက်သွယ်ရေးစက် တစ်လုံး၊ ချပ်ဝတ်တန်ဆာ တစ်စုံနှင့် ဘိန်းဖြူနှစ်ထုပ် (လေးဂရမ်)ခန့်အား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်း သုံးလောင်း၊ ကျည်မျိုးစုံ ၃၃၁ တောင့်၊ ရော့ကတ် ပို့ကျည် နှစ်တောင့်၊ တိုက်မိုင်း နှစ်လုံး၊ လျှပ်စစ်ဒီတိုနေတာ ၂၀၀၀၊ ယာဉ်နှစ်စီး၊ ဘိန်းဖြူ နှစ်ထုပ်နှင့် ယူနီဖောင်း ၆၅ စုံ အပါအဝင် စစ်ဝတ်ပစ္စည်းများသိမ်းဆည်းရမိခဲ့ပြီး ၁၅ ဦး အရှင်ဖမ်းဆီးရမိခဲ့ကြောင်း၊ တပ်မတော်မှ အရာရှိ စစ်သည် လေးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ စစ်သည် ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**






## တပ်မတော်သားများအတွက် လှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**လားရှိုး မတ် ၁**


ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များအား သက်စွန့်ကြိုးပမ်း ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက်တပ်မတော်သားများအတွက် လှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းများကို လှူဒါန်းလျက်ရှိရာ မိတ္ထီလာမြို့သူမြို့သားများကိုယ်စား ဘဒ္ဒန္တသဇ္ဇန(မေတ္တာရေကြည်)၊ ဘဒ္ဒန္တအဂ္ဂ(အောင်သာကျောင်းတိုက်)၊ ဘဒ္ဒန္တဥတ္တရ (ဝေယံဘုံသာကျောင်းတိုက်)တို့ဦးဆောင်သည့် ရတနာမာရ်လူငယ်အဖွဲ့နှင့် ဒေသခံလူငယ်အဖွဲ့တို့ စုပေါင်း၍ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက လားရှိုးမြို့သို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ လှူဒါန်းငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေ့တန်းရောက် တပ်မတော်သားများအတွက် လှူဒါန်းငွေကျပ် ၁၅ သိန်း၊ ထောက်ပံ့ရေးပစ္စည်းတန်ဖိုးငွေကျပ်သိန်း ၃၀ ခန့်ကိုလည်းကောင်း၊ ကျဆုံးစစ်သည် ၃၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် လှူဒါန်းငွေကျပ် ၁၆ သိန်းနှင့် ထောက်ပံ့ပစ္စည်းငွေကျပ်သိန်း ၂၀ ခန့်ကို လည်းကောင်း၊ လားရှိုးမြို့ အမှတ်(၉) ခုတင်(၁၀၀) တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ဒဏ်ရာရ စစ်သည် ၄၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၈ သိန်းနှင့် ယင်းဆေးရုံ ပင်မငွေပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း မိတ္ထီလာမြို့သူ မြို့သားများကိုယ်စား စုပေါင်းအဖွဲ့က တာဝန်ရှိသူများနှင့် ကာယကံရှင်များထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သာယာမည်

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။



# ငါးမွေးတောင်သူများထံ တိုင်းရင်းငါးမျိုးများ ထောက်ပံ့

**သနပ်ပင် မတ် ၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ပဲခူးခရိုင် သနပ်ပင်မြို့နယ် ထပ်ခနိမ်ကျေးရွာအုပ်စုရှိ လယ်ကြားကန်၊ မြောင်းများတွင် ငါးမျိုးများစိုက်ထည့်မွေးမြူရန်အတွက် တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးခူ၊ ငါးရံ့၊ ငါးပြေမ ငါးအမျိုးကောင်ရေ ၂၂၅၀၀ ကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးစိုး၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦး၊ သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ကြည်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျေးရွာနေ ငါးမွေးတောင်သူများထံ ငါးမျိုးများ ထောက်ပံ့ပေးပြီး လယ်ကြားကန်၊ မြောင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ရဲထွန်း(မင်းရွာ)**



# ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အာဟာရနှင့် စာရေးကိရိယာများထောက်ပံ့

**မြစ်ကြီးနား မတ် ၁**

ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အာဟာရနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲက နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၂) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်နုက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို ဆုံးမဩဝါဒစကားပြောကြားသည်။ ပေးအပ်ပွဲတွင် ဥက္ကဋ္ဌ ဒေါ်မြတ်နုနှင့် တာဝန်ရှိသူများက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ၁၂ ဦး၊ ကျောင်းသူ ၃၀ စုစုပေါင်း ၄၂ ဦးတို့အတွက် ခဲတံ ၈၄ ချောင်း၊ ခဲဖျက် ၄၂ ခု၊ ဘောပင် ၂၅၂ ချောင်း၊ ပေတံ ၄၂ ချောင်း၊ ကွေကာအုပ် ၂၅၂ ထုပ်တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသီအောင်နှင့် ကျောင်းသားကျောင်းသူများထံ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၅၇ ဦး၊ အင်ဂျန်းယန်မြို့နယ်မှ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန်အတွက် ရောက်ရှိနေသော ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ တာလောကြီးကျေးရွာ အထက်တန်းကျောင်းမှ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန်အတွက် ရောက်ရှိနေသော ကျောင်းသား ကျောင်းသူ ၇၇ ဦး၊ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၉၄ ဦးအတွက် စာရေးကိရိယာနှင့် အာဟာရ အသုံးအဆောင်ပစ္စည်း (စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၀ သိန်း)တို့အား သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။ အဆိုပါသွားရောက် ထောက်ပံ့ပေးအပ်ရာ၌ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်နု၊ အတွင်းရေးမှူး ဒေါ်ခေါင်ထွယ်နှင့် ပြည်နယ်/ခရိုင်/မြို့ အမှုဆောင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဦးမင်းမင်း(မြစ်ကြီးနား)**



# ကြည့်မြင်တိုင် ဘလုတ်ညွန့်မီးဘေးဒုက္ခသည်များအား အိမ်အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မတ် ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း ဘလုတ်ညွန့်ကျေးရွာ မီးလောင်ကျွမ်းခံရသော မီးဘေးဒုက္ခသည်များစခန်း၊ ခါတော်မှိဘုန်းကြီးကျောင်း၊ ယာယီမီးဘေးကယ်ဆယ်ရေးစခန်းသို့ မတ် ၁ ရက်နံနက် ၁၀ နာရီက အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်နှင့် ခရိုင်အတွင်းရှိ ၁၃ မြို့နယ်မှ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က အိမ်အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ယာပုံ)**



အဆိုပါ မီးဘေးသင့်အိမ်ခြေ ၁၆၇ လုံး၊ အိမ်ထောင်စု ၂၀၄ စု၊ လူဦးရေ ၈၀၉ ဦးတို့အတွက် အိမ်ထောင်စု တစ်စုလျှင် ခြင်ထောင်တစ်လုံး၊ စောင်၊ ခေါင်းအုံး၊ စတီးချိုင့်၊ ဒယ်အိုး၊ ဒန်အိုး၊ စတီး ပန်းကန်အစုံ၊ အဝတ်အစားတို့ကို ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ဥက္ကဋ္ဌများက မီးလောင်ရာနေရာကို လိုက်လံကြည့်ရှုပြီး ပေးအပ်လှူဒါန်းခဲ့ရာ နံနက် ၁၁ နာရီတွင် လှူဒါန်းပွဲ အခမ်းအနားပြီးစီးခဲ့ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

## ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂-၃-၂၀၁၅ (တနင်္လာနေ့)**

### MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော်+ ရတနသုတ်
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၃၈)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း- ၈၈)
- ၁၂း၃၅ ခလေ့ရိုးရာမမေ့သာ
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး"(အပိုင်း- ၃၈)
- ၄း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၆း၁၀ Health Fix
- ၁၂း၀၀ "အများသူငှာ ရွှေအိုးမြုပ်နှံပါ" တရားတော်[ဆရာတော် အရှင်ဝိစိတ္တညာဏ]
- ၄း၄၅ ဆင်းရဲနွမ်းပါးမှုကင်းဝေးဖို့ သစ်မွေးစိုက်ကြစို့

### News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၅ ထမ်စမ်းလိုဏ်ဂူတော်ခရီးသွား မှတ်တမ်း
- ၇း၃၅ အနုပညာသတင်းအစီအစဉ်
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၀း၃၅ မြင့်မားလှပတောင်သူလယ်သမားဘဝ
- ၁၂း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၁၂း၃၅ Tasty Trip
- ၁း၅၀ "နေရယ်၊ လရယ်၊ အမှန်တရားရယ်" (အပိုင်း-၃) (ပညာ၏တန်ဖိုး) (မိုးယံဇွန်၊ နေယံ၊ ဘုဏ်းသိုက်၊ ဆုပန်ထွာ) (ဒါရိုက်တာ-အောင်ကိုလတ်)
- ၃း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၆း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၂း၃၅ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ
- ၉း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၃၃)

### Entertainment Channel

- ၆း၀၀ အဖွင့် - ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၂)
- ၆း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲက တေးကဗျာ" (အပိုင်း-၆၁)
- ၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲက တေးကဗျာ" (အပိုင်း-၆၂)
- ၇း၁၅ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၃၀ "မပော်သဓာ"(အပိုင်း- ၉)
- ၈း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၄)
- ၈း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ"ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၅)
- ၉း၃၀ တေးဂီတအစီအစဉ်
- ၉း၄၅ ASEAN CULTURAL FAIR 2014
- ၁၀း၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "ကြေးစည်" (နေထက်လင်း၊ ဇော်ဦး၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ- နေမင်းမြတ်)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။**

**MYANMAR INTERNATIONAL**
**Programme in Brief**
**(2-3-2015) (Monday)**

- News
- Myanmar Delicate Artistic Handy Creations-Lacquare-ware Making
- News
- Mesmerizing Scenes or Image of Japan Part (1)
- News
- Bago: A City Of Famous Historic Pagoda
- Lucrative Businesses Of Tanintharyi Region
- News
- Youth Film-Maker: Khin Su Kyi
- Bagan: The Land of Pagoda
- News
- A Day Out With Sarah (EP-2)
- Today Myanmar "The Lake, Inle"
- News
- Taste Of Myanmar (Glass Noodle Soup)
- Entrepreneur - U Nyan Lin
- News
- Myanmar's Traditions and Culture "Tea"
- News
- On the River
- Grow Back for Posterity "The dawn of development"
- News
- Welcome to the Southern most part of Myanmar
- Reflected Glory
- News
- Interview with Israeli Ambassador
- A Trip To The City Of Rakkhita, Rakhine

# တိုက်ရိုက်အနီကတ်ပြဿနာအရှုပ်တော်ပုံဖြစ်ပွားခဲ့ခြင်းကြောင့် ဘရောင်းနှင့် အိုရှီးယားနှစ်ဦးစလုံး ပွဲပယ်ပြစ်ဒဏ်မှလွတ်မြောက်နိုင်

ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ်(၂၇)ဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူအသင်းနှင့် ဆန်းဒါးလန်းအသင်းတို့၏ ပွဲစဉ်တွင် ကွင်းလယ်ဒိုင် ရော်ဂျာအိက ဝက်စ်ဘရောင်းအား ပွဲကစားချိန် ၆၄ မိနစ်တွင် တိုက်ရိုက်အနီကတ်ဖြင့် မှားယွင်းထုတ်ပယ်ခဲ့ရာ အဆိုပါတိုက်ရိုက်အနီကတ်ပြဿနာ အရှုပ်တော်ပုံဖြစ်ခဲ့ခြင်းကြောင့် ဖယ်လ်ကာအိုအား ကြမ်းတမ်းစွာကစားခဲ့သည့် အိုရှီးယားနှင့် မှားယွင်းစွာထုတ်ပယ်ခံခဲ့ရသည့် ဝက်စ်ဘရောင်းတို့ နှစ်ဦးစလုံး ပွဲပယ်ပြစ်ဒဏ်မှ လွတ်မြောက်သွားနိုင်ပြီး မတ် ၃ ရက်တွင် ဟားစီးတီးအသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ ယှဉ်ပြိုင်ကစားမည့် တန်းဆင်းဇုန်ပြိုင်ပွဲတွင် ပါဝင်လာနိုင်ကြောင်း သိရသည်။



မန်ယူအသင်းက ဆန်းဒါးလန်းအသင်းအား တိုက်စစ်မှူး ရွန်းနီ၏ သွင်းဂိုးနှစ်ဂိုးဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည့် အဆိုပါပွဲစဉ်တွင် မန်ယူတိုက်စစ်မှူး ဖယ်ကာအိုအား ကြမ်းတမ်းစွာကစားခဲ့သည့် ဆန်းဒါးလန်းနောက်ခံလူ အိုရှီးယားအား ထုတ်ပယ်ရမည့်အစား ကွင်းလယ်ဒိုင်ရော်ဂျာအိက ဝက်စ်ဘရောင်းကို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ခဲ့ပြီးနောက် မန်ယူအသင်းကို ပင်နယ်တီကန်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဆန်းဒါးလန်းအသင်းက ကွင်းလယ်ဒိုင်ရော်ဂျာအိ၏ ဝက်စ်ဘရောင်းအား မှားယွင်းစွာထုတ်ပယ်ခဲ့မှုနှင့်စပ်လျဉ်း၍ အင်္ဂလန်ဘောလုံးအဖွဲ့(အက်ဖ်အေ)သို့ အယူခံဝင်သွားမည်ဖြစ်ပြီး အက်ဖ်အေအနေဖြင့် ဝက်စ်ဘရောင်းမှာ ဖယ်လ်ကာအိုအား ကြမ်းတမ်းစွာကစားခဲ့သူ မဟုတ်ကြောင်း သဘောတူညီခဲ့ပါက တိုက်ရိုက်အနီကတ်ပြခံခဲ့ရသူ ဝက်စ်ဘရောင်းသည် ပွဲပယ်ပြစ်ဒဏ်ကျခံရလိမ့်မည်မဟုတ်ကြောင်း သိရသည်။

သို့ရာတွင် ကွင်းလယ်ဒိုင် ရော်ဂျာအိကမူ ဆန်းဒါးလန်းနောက်ခံလူ ဝက်စ်ဘရောင်းအား တိုက်ရိုက်အနီကတ်ပြခဲ့ခြင်းမှာ မှန်ကန်ကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ဆန်းဒါးလန်းအသင်းနည်းပြ ပိုယက်အနေဖြင့် အက်ဖ်အေသို့ အယူခံဝင်သင့် မဝင်သင့် မဆုံးဖြတ်မီ ကွင်းလယ်ဒိုင်ရော်ဂျာအိ၏ တုံ့ပြန်လာသောစကားသံကို စောင့်စားဦးမည်ဖြစ်ပြီး အဆိုပါ တိုက်ရိုက်အနီကတ်နှင့် ပတ်သက်၍ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က မတ် ၂ ရက်တွင် စည်းမျဉ်းစည်းကမ်းများအရ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

# လီဗာပူးအသင်း အိမ်ကွင်း၌ မန်စီးတီးအသင်းကို အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ်(၂၇)၏ တနင်္ဂနွေညအစောပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် လီဗာပူးအသင်းသည် ဟန်ဒါဆန်နှင့် ကော်တင်ဟိုတို့၏ သွင်းဂိုးများဖြင့် ဧည့်သည် မန်စီးတီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် နည်းပြဘရန်ဒန်ရော့ဂျာ၏ လီဗာပူးအသင်းသည် အသင်းခေါင်းဆောင် စတီဗင်ဂျာရတ် အပါအဝင် ကစားသမားငါးဦးအထိ ဒဏ်ရာပြဿနာကြုံထားသော်လည်း လယ်လာနာ၊ စတာလင်၊ ကော်တင်ဟို၊ ဂျိုးအယ်လန်း၊ ဟန်ဒါဆန်၊ မာကိုဗစ်၊ မိုရီနို၊ စကာတယ်စသည့်ကစားသမားများကို ၃-၄-၃ ပုံစံဖြင့်လည်းကောင်း၊ နည်းပြပယ်လီဂရီနီ၏ မန်စီးတီးအသင်းသည် အဂူရို၊ ဒီဇီကို၊ နာဆရီ၊ တိုရေး၊ ဖာနန်ဒင်ဟို၊ ဆေးလ်ဗား၊ မန်ဂါလာ၊ ဇဘာလက်တာ၊ ကိုလာရော့ဗ်၊ ကွန်ပနီ စသည့်ကစားသမားများကို ၄-၂-၂-၂ မဟာဗျူဟာဖြင့်လည်းကောင်း အသီးသီး ပွဲထွက်လာခဲ့ရာ ပွဲကစားချိန် ၁၁ မိနစ်မှာပင် စတာလင်၏ ဖန်တီးပေးမှုကို တိုက်စစ်မှူး ဟန်ဒါဆန်က ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်း အိမ်ကွင်း၌ ဦးဆောင်ဂိုး စတင်ရရှိခဲ့သည်။

ထို့နောက် မန်စီးတီးအသင်းသည် ချေပဂိုး ပြန်လည်ရရှိရေးအတွက် အချိတ်အဆက်မိမိ ကစားလာခဲ့ရာ ပွဲကစားချိန် ၂၆ မိနစ်တွင် တိုက်စစ်မှူး ဒီဇီကိုက ချေပဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပထမပိုင်းပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ထားခဲ့သည်။ သို့ရာတွင် ပွဲကစားချိန် ၇၅ မိနစ်တွင် တိုက်စစ်မှူး ကော်တင်ဟိုက လီဗာပူး အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့ရာ လီဗာပူးအသင်းက မန်စီးတီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အိမ်ကွင်း၌ လီဗာပူးအသင်း အောင်ပွဲခံကာ အနိုင်သုံးမှတ်ကို ရယူပေးနိုင်ခဲ့သည်။ **(နိုင်လင်းကြည်)**

**● ထိပ်ဆုံးမှ**

ရန်ကုန်အသင်းမှာ အဝေးကွင်းဖြစ်သော်လည်း အကောင်းဆုံးပုံစံကို ဆက်လက်ပြသနိုင်ခဲ့ပြီး ၃၁ မိနစ်တွင် ကြည်လင်းက ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။

ဒုတိယပိုင်းအစတွင် မော်လ်ဒိုက်လက်ရွေးစင်ကွင်းလယ်လူ အာရစ်ကကမ္ဘောဇအတွက် ချေပဂိုး ပြန်သွင်းခဲ့သော်လည်း သရေရလဒ်ကို မထိန်းနိုင်ခဲ့ပေ။

ရန်ကုန်အသင်းမှာ ဂိုးပေးခဲ့ရသော်လည်း ပုံစံမပျက်ခဲ့ဘဲ အနိုင်ဂိုးများကို ၆၂ မိနစ်တွင် ကျော်ကိုကို၊ ၆၅ မိနစ်တွင် ကြည်လင်းတို့က သွင်းယူပေးခဲ့သည်။

(သုဝဏ္ဏကွင်း)
ဇွဲကပင် - တစ်ဂိုး
(ဇူပရာရစ်)
နေပြည်တော် - ဂိုးမရှိ
(အောင်ဆန်းကွင်း)

မနောမြေ - တစ်ဂိုး
(အီဗရာဟင်မ်)
ဟံသာဝတီ - တစ်ဂိုး
(အောင်မျိုးသူရ)
ယနေ့ပွဲ
(ကျောက်တိုင်ကွင်း)
ဧရာဝတီ - ရတနာပုံ

# ရမည်းသင်းမြို့ ရွှေမြင်တင်တောင်ခြေရင်းတွင် မြန်မာ့ရိုးရာ နွားဒုန်းပြိုင်ပွဲကျင်းပ

**ရမည်းသင်း မတ် ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်ကြီး၏ (၁၁၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်တွင် မြန်မာ့ရိုးရာ နွားဒုန်းပြိုင်ပွဲကို တောင်တော်မြတ် အနောက်မြောက်ဘက် တောင်ခြေရင်းတွင် တပေါင်းလဆန်း ၈ ရက်မှ ၁၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

နွားဒုန်းပြိုင်ပွဲတွင် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်အစရှိသော မြို့နယ်များအတွင်းရှိ ကျေးရွာများမှ ပြိုင်ပွဲတွင် နွားဒုန်းလှည်း ၂၈ စီး ဝင်ရောက် ယှဉ်ပြိုင်ကြသည်။ နွားဒုန်းပြိုင်ပွဲကွင်းကို သတ်မှတ်ထားသော စံမီကွင်းဖြစ်အောင် အရှည်ကိုက် ၂၅၀ ဆောင်ရွက်ထားသည်ဟု သိရပြီး ပြိုင်ပွဲဝင်နွားဒုန်းလှည်းများကို အုပ်စုနှစ်စုခွဲကာ ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ပြိုင်ပွဲဝင် နွားဒုန်းလှည်းများအနေဖြင့် ပွဲစဉ်တစ်ပွဲတွင် နှစ်လား နှစ်ကြိမ်မောင်းနှင်ယှဉ်ပြိုင်ရပြီး ပြိုင်ပွဲတွင် တစ်စီးနှင့် တစ်စီး နိုင်မှတ်တူနေပါက တတိယအကြိမ် ထပ်မံယှဉ်ပြိုင်စေပြီး အဆုံးအဖြတ်သတ်မှတ်ပေးသည်။ ယင်းအပြင် ပြိုင်ပွဲဝင် နွားဒုန်းလှည်းများကို မဲစနစ်ဖြင့် ပြေးလမ်းသတ်မှတ်ပေးထားပြီး လမ်းပေါင်းလျှင် (သတ်မှတ်ထားသော ပြေးလမ်းမှားပါက)ပေါင်းသောပြိုင်ပွဲဝင် နွားဒုန်းလှည်းကို အရှုံးသတ်မှတ်သည်။ ပန်းဝင်စည်းတွင်ရှိသော မုန်းတိုင်(လျှာတိုင်)ကို ပြိုင်ပွဲဝင်နွားဒုန်းလှည်းမှ ဝင်တိုက်လျှင်လည်း ဝင်တိုက်သော နွားဒုန်းလှည်းကို အရှုံးဟု သတ်မှတ်သည်။ ထို့အပြင် တာထွက်နေရာတွင် နွားဒုန်းပြိုင်ပွဲတာလွှတ်ဒိုင်မှ အလံမပြခင် တာထွက်သောနွားဒုန်းလှည်းကိုလည်း အရှုံးဟု စည်းကမ်းသတ်မှတ်ထားကြောင်း သိရသည်။

အောက်မြန်မာပြည်တွင် မြင်းပြိုင်ပွဲ၊ အထက်မြန်မာပြည်တွင် ယခုကဲ့သို့နွားဒုန်းပြိုင်ပွဲများကို ယခင်က အစဉ်အလာ ရှိခဲ့သည့်အတွက် အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ယခုကဲ့သို့ စီစဉ်ဆောင်ရွက် ကျင်းပခြင်းဖြစ်ပြီး နောင်နှစ်များတွင်လည်း နွားဒုန်းပြိုင်ပွဲများအပြင် နွားကျောစီးပြိုင်ပွဲ၊ နွားအလှပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း နွားဒုန်းပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။

မြန်မာ့ရိုးရာ နွားဒုန်းပြိုင်ပွဲကို မြို့နယ်အတွင်းတွင် မကျင်းပခဲ့သည်မှာ နှစ်နှစ်ဆယ်ကျော်ဝန်းကျင်ရှိပြီဟု သိရပြီး အစဉ်အလာပြတ်နေသော မြန်မာ့ရိုးရာ နွားဒုန်းပြိုင်ပွဲကို ယခုကဲ့သို့ ရွှေမြင်တင် တောင်တော်မြတ် တပေါင်းပွဲတော်တွင် ထည့်သွင်းကျင်းပပေးသည့်အတွက် ဒေသခံ တောင်သူများ၊ ဝါသနာရှင်များ၊ မသိမီကြသည့် လူငယ်များ၊ နွားဒုန်းပြိုင်ပွဲသို့ တစ်ခဲနက် လာရောက်အားပေးကြသည်ကို တွေ့ရပြီး ဘုရားဖူးလာရောက်သူလည်း များပြားလျက်ရှိကြောင်း သိရသည်။


**(လှိုင်သန်းတင့်-ရမည်းသင်း)**







## ယဉ်ကျေးလိမ္မာ နီတိကဗျာများ



ခမ္မေခဆရာတော်အရှင်ကုဝေရသာရ ရေးသားထားပြီး စာအုပ်တွင်ရင်သွေးငယ်များစိတ်ဝင်စားစွာ ဖတ်ရှုနိုင်ရန် ဆေးရောင်စုံကာတွန်းရုပ်ပုံများနှင့်အတူ ရွတ်ဖတ်ရအလွယ်ကူဆုံး နီတိကဗျာတိုလေးများကို ဖော်ပြထားသည်။ ထို့အပြင် နီတိကဗျာတိုလေးများကိုလည်း နားလည်အောင်စကားပြေဖြင့် ရှင်းလင်းချက်များပါ ဖော်ပြပေးထားသည်။

စာအုပ်ကို စာပေလောက ၅ အမှတ်(၁၃၈/၁၄၀)ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## တရားဥပဒေအကြောင်း ထုံးဟောင်းသက်သေ





ဦးဟန်ညွန့်(ဥပဒေ) ရေးသားပြုစုသည့် တရားဥပဒေအကြောင်း ထုံးဟောင်းသက်သေ(ဥပဒေရေးရာဆောင်းပါးများ)စာအုပ်ထွက်ရှိလာသည်။ မျက်မှောက်ကာလလူမှုဘဝအထွေထွေတွင် ဥပဒေနှင့် ကင်းကွာနိုင်သည်ဟူ၍ မရှိချေ။ လူမှုဘဝအရေးကိစ္စအစုံတို့အတွက်ဥပဒေရေးရာများကို ခြုံငုံသိရှိနိုင်ရန် ဤစာအုပ်တွင် ဥပဒေဆောင်းပါးအသွင်ဖြင့် ဖော်ပြထားသည်။ အထူးသဖြင့် ဥပဒေကို တန်ဖိုးထားသူများအဖို့ ဥပဒေကို မည်သို့မည်ပုံရေးဆွဲရသည်ကိုပါ ပြုစုထားသည်။ ထိုစာအုပ်ကို ညိုညိုယဉ်(ဒိုက်ဦး)စာပေ အမှတ်(၉)ကံ့ကော်လမ်း မင်္ဂလာဒီပရပ်ကွက် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘုတာကြီးရှေ့ ဖုန်း-၀၉-၅၀၀၁၀၈၁ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။


## ဖွံ့ဖြိုးစေဖို့ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းသို့ ပိုမိုဝင်ရောက်ရေး



ဒေါက်တာမောင်အောင်၏ ဖွံ့ဖြိုးစေဖို့ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း Global Supply Chain သို့ပိုမိုဝင်ရောက်ရေးစာအုပ်ကို မိုးကျော်သူစာပေက တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

စာအုပ်တွင်ဖွံ့ဖြိုးစေဖို့ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း Global Supply Chain သို့ပိုမိုဝင်ရောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံမှုတို့ကို စိန်ခေါ်နေသည့် တရားမဝင်ကုန်သွယ်မှု၊ ကားကျပ်သည့်ပြဿနာ ဝိုင်းဝန်းအဖြေရှာ ဟူသည့် ဆောင်းပါးသုံးပုဒ်ပါရှိသည်။ စာအုပ်တွင် ဆောင်းပါးသုံးပုဒ်ပင်ပါဝင်သော်လည်း နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးတွင် အဖြေရှာရမည့်နည်းလမ်းများကို ပြည့်စုံစွာ ဖော်ပြထားသည်။

## အသုံးဝင်အင်္ဂလိပ်ဝေါဟာရအသံထွက်များ





ဒေါက်တာအောင်ခမ်းပြုစုသည့် အသုံးဝင်အင်္ဂလိပ်ဝေါဟာရအသံထွက်များ စာအုပ်ထွက်ရှိလာသည်။ ထိုစာအုပ်တွင် ပါဝင်သည့်စကားလုံးများ၏ အသံထွက်ကို အောက်စ်ဖို့ဒ်အဘိဓာန်မှယူထားပြီး ဝေါဟာရအဓိပ္ပာယ်များကို မြန်မာစာဦးစီးဌာနမှ ထုတ်ဝေသည့် အင်္ဂလိပ်-မြန်မာ အဘိဓာန်ကိုမှီငြမ်းထားသဖြင့် အသံထွက်နှင့်အဓိပ္ပာယ်ကို မြန်မာတို့နှင့်ကိုက်ညီအောင် ညှိထားသောဘာသာစကားစာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို ပြည်မြန်မာစာအုပ်တိုက် အမှတ်(၁၈၈) ဒုတိယထပ်(ဝဲ) ၃၈ လမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က တစ်အုပ်လျှင် ငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိထားသည်။

## ကိုယ်တိုင်လုပ်စား မုန့်အချိုပွဲများ



မြတ်နဒီရေးသားပြုစုသော ဤစာအုပ်တွင် ထိုင်းရိုးရာအချိုပွဲအကြောင်းနားလည်အောင် ပထမဆုံးမိတ်ဆက်ပေးထားသည်။ ထိုင်းရိုးရာ အချိုပွဲ၊ ကိတ်မုန့်တို့ကို လွယ်လွယ်လေးနှင့် ပြုလုပ်နိုင်အောင် ထူးကဲစစ်မှန်သည့် ထိုင်းရိုးရာအရသာကို ပြုလုပ်နိုင်အောင် ရောင်စုံဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။

အိမ်မှာလုပ်စားစား၊ ပွဲလမ်းအလှူပွဲမှာ ဧည့်ခံခံ၊ စီးပွားဖြစ်ပါပြုလုပ်ရောင်းချနိုင်သည့် ထိုင်းကိတ်မုန့်နှင့် အချိုပွဲပြုလုပ်နည်းစာအုပ်ကို စာပေလောက(၅)အမှတ်(၁၃၈/၁၄၀)ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၂၆၀၂၄၅၂၂၄ က တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ Police Open Day အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁**

ယနေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ လှိုင်သာယာမြို့မရဲစခန်းဝင်းတွင် ရဲတပ်ဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများနှင့် အထောက်အကူပစ္စည်းများကို ပြည်သူများသိရှိလေ့လာနိုင်ရန်နှင့် ရဲတပ်ဖွဲ့နှင့် ပြည်သူတို့ခင်မင်ရင်းနှီးစွာဖြင့် ရဲတပ်ဖွဲ့လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်စေနိုင်ရန်ရည်ရွယ်၍ Police Open Day အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘင်ခရာတီးဝိုင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့များဖြစ်သော အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှု ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့၊ စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့နှင့် လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့အလိုက် လုပ်ငန်းတာဝန်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ရဲတပ်ဖွဲ့သုံးမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို ခင်းကျင်းပြသခဲ့ပြီး လေ့လာသူများအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိဘပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀၀ ခန့် လာရောက်လေ့လာကြည့်ရှုခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့က ဖျော်ဖြေပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အမှတ်တရလက်ဆောင်များပေးအပ်ခြင်းတို့အပြင် စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# ရမည်းသင်းမြို့ သီလရှင်ကျောင်းတိုက်၌ မီးလောင်မှုဖြစ်ပွား

**ရမည်းသင်း မတ် ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ကျောင်းတိုက်စုရပ်ကွက် လေသာတိုက် စန္ဒရတနာသီလရှင် စာသင်တိုက်တွင် ဖေဖော်ဝါရီ ၂၈ ရက် ည ၈ နာရီ ၄၅ မိနစ်က ဖယောင်းတိုင်မီးကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပေ ၄၀ × ၆၀ အုတ်ညှပ်သွပ်မိုး နှစ်ထပ်ကျောင်းဆောင်အပေါ်ထပ်တွင် ဝေယျာဝစ္စ လုပ်ကိုင်သူ ကျော်စိုးနိုင်(ခ)ကုလား (၃၇)နှစ် ရမည်းသင်းမြို့ ရွှေပြည်သာရပ်ကွက်နေသူက ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ထားရာမှ မီးလောင်ကျွမ်းခြင်းဖြစ်ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး ဦးစီးသည့်တပ်ဖွဲ့ဝင် ၂၉ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ ရေသယ်ယာဉ် ခြောက်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီး၊ ပျော်ဘွယ်မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများနှင့် လေသာစာသင်ဝိုင်းမှ ကျောင်းသား ကျောင်းသူများက ဝိုင်းဝန်းငြိမ်းသတ်ကြသဖြင့် မီးလုံးဝငြိမ်းသွားသည်။

သို့ဖြစ်၍ မီးပေါ့ဆစွာသုံးစွဲသူ ကျော်စိုးနိုင်(ခ)ကုလားအား ဖမ်းဆီးစစ်ဆေးအရေးယူထားရှိကြောင်း သိရသည်။

**(ညွန့်ရွှေ)**

# အိမ်ပြေးတစ်ဦးအား မိဘထံပြန်လည်အပ်နှံ

**နေပြည်တော် မတ် ၁**

ရန်ကုန်-မန္တလေး အမှတ်(၁၁) အဆန်ရထားသည် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ပျဉ်းမနားဘူတာသို့ ဆိုက်ရောက်လာရာ အိမ်မှထွက်ပြေးလာသော မိန်းကလေးတစ်ဦးအား စစ်ဆေးတွေ့ရှိရသဖြင့် ရထားရဲတပ်ဖွဲ့က မိဘများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး အမှတ်(၁၁) အဆန်ရထားတွင် လုံခြုံရေးလိုက်ပါလာသော ရထားရဲတပ်ဖွဲ့တပ်ခွဲ(၁၁) တပ်စု(၂) ညောင်လေးပင်တပ်စုမှ ဒုရဲအုပ်ကျော်တိုးတိုးဝင်းနှင့်အဖွဲ့သည် ဆွာဘူတာမှ တက်ရောက်၍ ရိုးရိုးတန်းတွဲ အမှတ်(၂) ထိုင်ခုံအမှတ်(၁၆)တွင် စီးနင်းလိုက်ပါလာသော မအိသန္တာကျော်(ခ)မသဲသဲ (၁၆)နှစ် ငါးကြီးကွေ့အုပ်စု ဆွာမြို့ ရေတာရှည်မြို့နယ်နေသူအား မသင်္ကာသဖြင့် စစ်မေးရာမှ အိမ်မှထွက်ပြေး လာသူတစ်ဦးဖြစ်ကြောင်း သိရသဖြင့် ပျဉ်းမနားဘူတာတွင် ရထားရဲတပ်ဖွဲ့ (၉) တပ်စု(၂) ခေတ္တတပ်စုမှူး ရဲတပ်ကြပ်ဟန်တင်ထံ အပ်နှံခဲ့သည်။

ခေတ္တတပ်စုမှူး ရဲတပ်ကြပ်ဟန်တင်က ၎င်း၏ မိဘများအားဆက်သွယ်၍ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်ထံ တာဝန်ရှိသူများ ရှေ့မှောက်တွင် ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# ဖားကန့်၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၅၀၀၊ ဘိန်းဖြူ ၁ ဒသမ ၂ ဂရမ်နှင့် ဘိန်းစိမ်း ၁၅ ဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၈ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မှော်ရှန်ကျေးရွာ အမှတ်(၁၀၃/ခ)နေ ကျူးရှောက်ခေါ၏နေအိမ်အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၅၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၀၅၀၀၊ ဘိန်းဖြူ ၁ ဒသမ ၂ ဂရမ်၊ ဘိန်းစိမ်း ၁၅ ဂရမ်နှင့် မြန်မာငွေကျပ် ၁၀ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ကျူးရှောက်ခေါ(၆၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

# တန့်ယန်းမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁**

မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၈ ရက်က တန့်ယန်းမြို့ ရပ်ကွက်(၅) အုပ်စု(၉)နေ မနိုင်းထွမ်း၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အတွင်းခံအင်္ကျီ ရှေ့အိတ်အတွင်းရှိ လက်ကိုင်ပဝါထုပ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ သိမ်းဆည်းရမိသဖြင့် မနိုင်းထွမ်း(၅၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။





# တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁**

မူးယစ်တပ်ဖွဲ့စု(၁၀၂)နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက်က တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု တာချီလိတ်-လွယ်စတုံ သွားကားလမ်းမပေါ်တွင် တွေ့ရှိသူ မထက်ထက်အားရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဂျင်းဘောင်းဘီ ဝဲဘက်နောက်အိတ်အတွင်းမှ ကော်ဘူးဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇ ပြားနှင့် စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁ ဒသမ ၅ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် မထက်ထက်(၂၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**မူးယစ်ဗဟို**

# တံတားမြို့တွင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

**ကျောက်တန်း မတ် ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့အမှတ်(၃)ရပ်ကွက် ရွှေညောင်ပင်လမ်းနေ ဒေါ်ကြည်ညွန့်(ခ) ဒေါ်တရုတ်မ (၄၇)နှစ်သည် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီခန့်က သုံးခွမြို့ကယ်ရီဂိတ်မှ ဆိုင်ကယ်တစ်စီးငှား၍ တံတားမြို့သို့ပြန်လာရာ တံတားမြို့နှင့် ကဒပွနကျေးရွာကြား အလယ်ဇရပ်အနားရောက်တွင် ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသဖြင့် တံတားဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသရာ နံနက် ၁ နာရီခန့်တွင် သေဆုံးသွားခဲ့သည်။

ဆိုင်ကယ်မောင်းသူမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် တံတားရဲစခန်းက အမှုဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်လူသစ်**
**ဘဝသစ်**

## ချောက်မြို့နယ်တွင် အသိပညာပေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

**ချောက် မတ် ၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စက်မှုလက်မှုသိပ္ပံကျောင်း၌ Public Digital Library Service စက်ကို ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲ ၂နာရီခန့်က စတင်တပ်ဆင်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုမာက ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား PDLS အသုံးပြုနည်းလမ်း အဆင့်ဆင့်ကိုရှင်းလင်းဆွေးနွေးမှုများပြုလုပ်၍ Laptop နှင့် Mobile Phone တို့ဖြင့်ချိတ်ဆက်ပြီး လက်တွေ့သရုပ်ပြသခဲ့သည်။

ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းထွန်းက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိမိကျောင်းရှိ ဝန်ထမ်းများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်လာပြီး အသိပညာဗဟုသုတများပိုမိုကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများကလည်း အားလပ်ချိန်များတွင် အလွယ်တကူ လေ့လာနိုင်ခြင်း၊ မိမိသိရှိလိုသောအကြောင်းအရာများကို Download ဆွဲ၍သိမ်းထားနိုင်ကြောင်း ပြောကြားသည်။ လက်တွေ့ အသုံးပြုသူ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

**ဝင်းဌေး(ချောက်)**

## ရေဝါချောင်း ချောင်းကူးတံတားဆောက်လုပ်ရန် လမ်းအူကြောင်း မြေနေရာရွေးချယ်သတ်မှတ်

**ကနီ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီ-ချောင်းမ-မုံရွာ ကားလမ်းမပေါ်ရှိ ကနီမြို့အဝင်တွင် နှစ်ဖာလုံကျော် သုံးဖာလုံခန့်ကျယ်သော ရေဝါချောင်း ချောင်းကူးတံတားတည်ဆောက်နိုင်ရန်အတွက် တံတားတည်ဆောက်မည့်နေရာနှင့် တံတားချဉ်းကပ်လမ်း လမ်းအူကြောင်း မြေနေရာရွေးချယ်သတ်မှတ်ခြင်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားဆောက်လုပ်မည့် ရေဝါချောင်းမှာ ကနီမြို့နှင့် မိုင်နှစ်ဆယ်ကျော်ဝေးကွာသော မဟူရီမတောင်တန်းမှ အဖျားခံကာ အရှိန်အဟုန်ဖြင့် စီးဆင်းသောကြောင့် မိုးရာသီမိုးများ ရွာသွန်းချိန်တွင် ချောင်းရေများ ကျဆင်းလာလျှင် မြို့နယ်အတွင်းမှ ပြည်သူများ ခရီးသွားလာရန် အလွန်ခက်ခဲကြောင်း သိရသည်။



ကားများ၊ ဆိုင်ကယ်များစသည့် ယာဉ်ကြီးယာဉ်ငယ်များ ချောင်းကိုကူးရန် ခက်ခဲမှုများဖြစ်ပေါ်လျက်ရှိပြီး မြို့ပေါ်သို့ကျောင်းသွားတက်ရသော ကျောင်းသား ကျောင်းသူလေးများပါ ကျောင်းသို့ သွားလာရန်လည်း ခက်ခဲကြောင်းသိရသည်။

ယခုတံတားဆောက်လုပ်ရန်အတွက် တံတားတည်ဆောက်မည့်နေရာနှင့် တံတားချဉ်းကပ်လမ်း လမ်းအူကြောင်း မြေနေရာရွေးကာ တံတားကြီးဆောက်လုပ်ပြီးစီးပါက ကနီမြို့နယ်တွင် သာမက ကနီ-ချောင်းမ-မုံရွာ ကားလမ်းတစ်လျှောက်နှင့် ကနီ-မင်းကင်းလမ်းဘေးရှိ ကျေးရွာများပါ သွားလာရန် လွယ်ကူ၍ ကုန်စည်စီးဆင်းမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာ တိုးတက်လာပြီး ယင်းဒေသများရှိ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်အခက်အခဲများ လွယ်ကူလာနိုင်မည်ဖြစ်သဖြင့် ပြည်သူများကလည်း ချောင်းကူးတံတားကြီး ဆောက်နိုင်ရန်ကို လိုလားလျက်ရှိနေကြကြောင်းသိရသည်။

ယင်း ရေဝါချောင်း ချောင်းကူးတံတားတည်ဆောက်နိုင်ရန်အတွက် တံတားတည်ဆောက်မည့် နေရာနှင့် တံတားချဉ်းကပ်လမ်း လမ်းအူကြောင်းမြေနေရာရွေးချယ်သတ်မှတ်ခြင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ ညှိနှိုင်းဆွေးနွေးရွေးချယ် သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## လေးမျက်နှာကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများတွေ့ဆုံညှိနှိုင်း

**လေးမျက်နှာ မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများ၊ ရပ်မိရပ်ဖများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှိုင်အေးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်မိ ရပ်ဖများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှိုင်အေး၊ အတွင်းရေးမှူး ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်နှင့် မြို့နယ်ဥပဒေအရာရှိတို့မှ ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတမှုရှိအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မဲစာရင်းများလည်း ပြုစုပြီးဖြစ်ကြောင်း၊ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းစသဖြင့် ကော်မရှင်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသောနိုင်ငံရေးပါတီများမှ မရှင်းလင်းသည့်အချက်များ မေးမြန်းရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် ဥပဒေအရာရှိတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

လေးမျက်နှာမြို့နယ်တွင် ပြည်သူ့လွှတ်တော်တစ်နေရာ၊ အမျိုးသားလွှတ်တော်တစ်နေရာနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်နေရာအား ၂၀၁၀ ရွေးကောက်ပွဲနယ်မြေသတ်မှတ်ချက်ကို အခြေခံပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၆ အုပ်စုတွင် မဲရုံ ၂၁၃ ရုံဖြင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပွင့်လင်းပြီး တရားမျှတစွာဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟ(လေးမျက်နှာ)**

## လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းအခြေခံသင်တန်းဖွင့်

**မြင်းခြံ မတ် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ကျေးလက်ဒေသ လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ် (၅ / ၂၀၁၅) ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက မြင်းခြံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၄၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ခြောက်ရက် ကြာမြင့်သည်။ အခမ်းအနားသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

2015-2016
နဝမအကြိမ်
အောင်ကောင်းစုံ
ထွက်ပြီ
အထွေထွေသိစရာ မှတ်စရာဗဟုသုတမှတ်စု
ဗိုလ်လောင်းဝင်ခွင့်၊ တပ်မတော်သူနာပြုတက္ကသိုလ်ဝင်ခွင့်၊ တပ်မတော်တွဲ့ရ အမျိုးသမီး ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဒုရဲအုပ်လောင်းစာမေးပွဲဝင်ခွင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဝင်ခွင့်၊ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှု (DTEC) ဝင်ခွင့်၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဝင်ခွင့်၊ သူနာပြု၊ သားဖွား၊ ကုမ္ပဏီ INTERVIEW ဖြေဆိုမည့်သူများနှင့်၊ ဗဟုသုတရှာဖွေ လေ့လာလိုသူများအတွက်
(မဟာဘွဲ့ရတစ်ဦး)
ပြည်လုံးကျွတ်ဖြန့်ချိရေး-ဧကရီစာပေ၊ ရန်ကုန်မြို့။ ဖုန်း-၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄
အမြို့မြို့အနယ်နယ်ရှိဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးနေလင်းမောင်[၁၂/ပဘတ(နိုင်)၀၂၈၇၉၂]ပိုင်ဆိုင်သော ၉C/၃၄၉၅ ကား၏ သွင်းကုန်လိုင်စင် ကြေညာလွှာထုတ်ပေးသည့်နေ့စွဲ ၂၃-၁၀-၂၀၁၂၊ No.790537 IDနှင့် Customs Statement ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၀၆၈၉၉၊ ၀၉-၅၄၁၆၅၄၇

စာရွက်စာတမ်းပျောက်ဆုံးကြောင်း
ကျွန်တော်များ PATRIOT POWER SERVICES CO.,LTD ၏ ID No. 756220 (29-8-2013)ID မူရင်း၊ CUSTOMS STATEMENT မူရင်း၊ CANCELLATION မူရင်းနှင့် မော်တော်ယာဉ် ဓာတ်ပုံများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၀၀၀၄၇၃၊ ၀၉-၃၁၅၅၃၂၂၈

ကန့်ကွက်နိုင်ရန်ကြော်ငြာခြင်း
လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ဗိုလ်တာရာလမ်း၊ မြေကွက်အမှတ်(၁၆/၅၄၇-က)၊ သကမ မြေအကျယ်အဝန်း ပေ(၁၀×၆၀)ကို ပိုင်ဆိုင်သူ ဒေါ်တင်ထွေး[၁၄/ပသရ(နိုင်)၀၇၈၉၃၄]ကိုင်ဆောင်သူထံမှ ဦးသန့်ဇင်[၁၂/မဂတ(နိုင်)၀၅၇၉၇၇]ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူရန် စရန်ငွေအချို့ပေးပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် (၇)ရက်ထက်ကျော်ပါက အရောင်းအဝယ်အားဆက်လက်ပြုလုပ်ပါမည်။
ဦးသန့်ဇင်[၁၂/မဂတ(နိုင်)၀၅၇၉၇၇]

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်
"မုန့်ဘုရင်"လုပ်ငန်းမှ ကျွန်ုပ်၏မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသတိပေးကြေညာအပ်ပါသည်။
မုန့်ဘုရင်®
မှတ်ပုံတင်စာချုပ်အမှတ်-၄/၁၉၂၅၈/၂၀၁၄
အထက်ဖော်ပြပါ "မုန့်ဘုရင်"ကုန်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၄/၁၉၂၅၈/၂၀၁၄ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မုန့်ဖုတ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ခေါက်ဆွဲ၊ ကြာဆံ (အစို၊ အခြောက်)ထုတ်လုပ်မှုလုပ်ငန်းများ၊ အသင့်စားသုံးနိုင်သော ဟင်းရည်(အစို၊ အခြောက်) ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် အခြားဆက်စပ်စားသောက်ကုန်များ အစရှိသည့်လုပ်ငန်းများကို ထုတ်လုပ် ဖြန့်ဖြူး ရောင်းချရာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရာ၌ အထက်ပါ "မုန့်ဘုရင်" ပုံဖော်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုသွားမည်ဖြစ်ပါသည်။
အထက်ဖော်ပြပါလုပ်ငန်းများ၌ အသုံးပြုသော စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါ "မုန့်ဘုရင်" ပုံဖော်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားထင်ယောင်ထင်မှား ဖြစ်စေရန်သော်လည်းကောင်း တုပသုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချန္ဒရာ
B.Sc(Phy), H.G.P, M.A (Business Law), D.B.L, D.M.L,D.I.L, D.B.S, D.A/Psy, D.A.E
Post Graduate Diploma in Law 1st Batch
အထက်တန်းရှေ့နေနှင့်ဥပဒေအကြံပေး(စဉ်-၁၈၅၆၆/၉၀)
အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(စီ-၁)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၆၁၃၇၈၊ ၀၉-၂၅၁၁၇၂၉၂၁

မြန်မာနိုင်ငံတွင် ဝက်ဗ်ဆိုက်အများဆုံး ရေးဆွဲထုတ်လုပ်နေသော ကုမ္ပဏီမှ
အမြန်အလိုရှိသည်
Office Staff,Sales Promoter
ဒီပလိုမာတစ်ခုခုရရှိသူ(သို့) ဘွဲ့ရပြီးသူ ဖြစ်ရမည်။
Computer အခြေခံရှိရမည်။
ကျန်းမာရေးကောင်းမွန်ပြီးအလုပ်လုပ်ချင်စိတ်ရှိသူဖြစ်ရမည်။
အဆောင်(၃)၊ အခန်း(၁)၊ မြန်မာအိုင်စီတီပတ်(ခ်)၊ လှိုင်မြို့နယ်၊
ဖုန်း- ၆၅၂၂၅၀၊ ၆၅၂၃၂၃၊ ၀၉ ၅၀၆၂၄၈၁~၂
အထက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

JOB VACANCY
Sale Supervisors & Sale Executives Required For Reputable Company
Sale Supervisor : M/F(3) Posts : 250,000 MMK+Commission
Sale Executives : M/F(10)Posts : 200,000 MMK+Commission
» University Graduated
» Age must be between 22 to 35 years old.
» At least 2-4 years working experience in car business.
» Required Good Written & Oral Communications Skills for Both English & Local Language
» Must Use in Microsoft Office (Excel,Word), Outlook Mail and Internet.
» Willing to learn new things
» Teamwork and flexible for working hours
**Applications can be submitted to 255/257, 5(A), 5th floor, Bo Myat Tun Street (Upper Block), Bo Ta Htaung Township, Yangon from Monday to Friday during office hours.**
**Ph: 09-253417765, 09-250153062, 09-73097937.**
**Please Bring your recent passsport sizes photo with a copy of NRC card, family registration,**
**Police clearance, labour registration card and other certificates.**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

**အတွေးအမြင်ဆောင်းပါး**

# ဟိုဘက်သည်ဘက် ဤနှစ်ဖက် အမျက်မထား မေတ္တာပွားလော့

ယမန်နေ့မှအဆက်

ခဲ စန်းနီလာဝင်း

တစ်နည်းအားဖြင့် "အဟီရိက"ဟူသော မကောင်းမှုမှန်သမျှကျူးလွန်ရန်မရှက်ခြင်းနှင့် "အနောတ္တပ္ပ"ဟူသော မကောင်းမှုမှန်သမျှကို ကျူးလွန်ရန်မကြောက်ရွံ့ခြင်းတို့သည် မကောင်းမှု ဒုစရိုက်လုပ်ငန်းမှန်သမျှ၏ အခြေခံအကြောင်းတရားများဖြစ်ကြပြီး ထိုမကောင်းမှုဒုစရိုက်လုပ်ငန်းများ ဖြစ်ပေါ်စေရန် ရှေ့ဆောင်ဦးရွက်ပြုနေသည်မှာ မိုက်မဲမှုနှင့် အမှန်သစ္စာတရားကို မသိမှု "အဝိဇ္ဇာတရား" (Ignorance) ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အဝိဇ္ဇာ ဆိုသည်မှာ ထာဝရမှန်ကန်သော ပရမတ္တသစ္စာတရား (Absolute Truth)ကို မသိမြင်သော မိုက်မဲမှုပင်ဖြစ်သည်။

အဝိဇ္ဇာဖုံးလွှမ်းခံရသူတိုင်း နှိုင်းချိန်သုံးသပ်ဆုံးဖြတ်နိုင်သည့် အသိဉာဏ်ပညာ (Wisdom) မရှိနိုင်တော့ပေ။ အသိဉာဏ်ပညာမဲ့သူအား အမြင်မှားယွင်းမှု၊ အယူဝါဒ မှားယွင်းမှုများဖြစ်ပေါ်လာစေတော့သည်။

အမြင် အယူဝါဒ မှားယွင်းနေလျှင် တောက်လျှောက်မှောက်မှားတော့သည်။ "အမြင်မှား"နေသူအား "အကြံအစည်မှား"ဖြစ်ပေါ်လာစေသည်။ "အကြံအစည်မှား" နေလျှင် အပြောအဆိုမှား"ဖြစ်ပေါ်လာသည်။ "အပြောအဆိုမှား" ဖြစ်လာလျှင် "အလုပ်မှားအကိုင်မှား"ဖြစ်တော့သည်။ "အလုပ်မှား အကိုင်မှား" ဖြစ်လာလျှင် "အသက်မွေးဝမ်းကျောင်းမှုလည်း မှားယွင်း"လာတော့သည်။ "အသက်မွေးမှုမှားယွင်း" လျှင် "မှားယွင်းသော ကြိုးစားအားထုတ်မှု" ဖြစ်လာသည်။ "ကြိုးစားအားထုတ်မှုမှားယွင်း" လျှင် " အောက်မေ့မှု သတိတရား" လည်း မှားယွင်းလာတော့သည်။ "သတိ မှားယွင်း"လာပါက တည်ကြည်မှုဟူသော "သမာဓိတရား"သည်လည်း "အမှားသမာဓိ" ဖြစ်လာတော့သည်။

ကောင်းမြတ်သောကုသိုလ်တရားကို ဦးဆောင်သူမှာ "အသိဉာဏ်ပညာ" ဟူသော "ဝိဇ္ဇာ" (Wisdom) ပင်ဖြစ်သည်။ အသိဉာဏ်ပညာဝိဇ္ဇာနှင့် ပြည့်စုံသော ပညာရှိသည် "မှန်ကန်သောအမြင်" ဟူသော "သမ္မာဒိဋ္ဌိ" (Right View) ရှိလာမည်။ မှန်ကန်သောအမြင်ရှိလာလျှင် "မှန်ကန်သောအကြံအစည်"ဟူသော "သမ္မာသင်္ကပ္ပ" (Right Thinking) ရှိလာသည်။ မှန်ကန်သောအကြံအစည်အတွေးအခေါ်ရှိလာလျှင် "မှန်ကန်သောအပြောအဆို"ဟူသော "သမ္မာဝါစာ" (Right Speach) ရှိလာမည်။ မှန်ကန်သောစကားကိုပြောဆိုသူသည် "မှန်ကန်သောလုပ်ကိုင်မှု" ဟု ဆိုအပ်သော "သမ္မာကမ္မန္တ" (Right Action) ရှိလာသည်။ မှန်ကန်သောအလုပ်အကိုင်ရှိ လာလျှင်"မှန်ကန်သော အသက်မွေးဝမ်းကျောင်းမှု" ဟုဆိုအပ်သော "သမ္မာအာဇီဝ" (Right Livelihood) ရှိလာသည်။ မှန်ကန်သော အသက်မွေးဝမ်းကျောင်းမှုရှိလျှင် "မှန်ကန်သော ကြိုးစားအားထုတ်မှု" ဟုဆိုအပ်သော "သမ္မာဝါယမ" (Right Effort) ရှိလာသည်။ မှန်ကန်သော ကြိုးစားမှုရှိလျှင် "မှန်ကန်သောသတိ"ဟု ဆိုအပ်သော "သမ္မာသတိ" (Right Mindfulness) ရှိလာသည်။ မှန်ကန်သော သတိရှိလာလျှင် မှန်ကန်သော အောက်မေ့ အမှတ်တရမှု သတိရှိလာလျှင် "မှန်ကန်သော တည်ကြည် မှု" ဟုဆိုအပ်သော "သမ္မာသမာဓိ" (Right Cocentration) ရှိလာတော့သည်။

> မကောင်းမှုမှန်သမျှကို ကျူးလွန်ရန် မကြောက်ရွံ့ခြင်းသည် မကောင်းမှု ဒုစရိုက်လုပ်ငန်းမှန်သမျှ၏ အခြေခံအကြောင်း. . . .

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာတို့သည် "ပညာ" (Wisdom) ဖြစ်သည်။ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမတို့သည် "သီလ" ဖြစ်ပြီး သမ္မာ သတိ၊ သမ္မာသမာဓိတို့သည် "သမာဓိ" (Cocentration) ပင်ဖြစ်ကြသည်။ ထိုသီလ၊ သမာဓိ၊ ပညာတို့သည် မဂ္ဂင် ရှစ်ပါးတရားဖြစ်၍ လောကီအတွက် ကျင့်ကြံလျှင် လောကီမဂ္ဂင်ဖြစ်ပြီး လောကကြီးငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်နေမည်မှာ ဧကန်မုချပင်ဖြစ်သည်။ လောကုတ္တရာ မဂ္ဂင် (၈)ပါးကို ကျင့်ကြံလျှင် ထာဝရချုပ်ငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်သည်။

ခန္တီဟူသော သည်းခံခြင်းတရားသည် အဒေါသစေတသိက်ဖြစ်ပြီး မေတ္တာတရားနှင့် မိတ်ဖက်ပင်ဖြစ်သည်။ စိတ်ညစ်မှု၊ စိတ်မချမ်းသာမှု၊ ကြောက်ရွံ့မှု၊ စိတ်ပျက်မှု၊ စိတ်ကောက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးဖွဲ့မှု၊ ဆဲဆို ဝေါက်ငမ်းခြိမ်းခြောက်မှု၊ တိုက်ခိုက်မှု၊ သေကျေပျက်စီးစေမှု အစုစုသည် ဒေါသချည်းပင်ဖြစ်သည်။ ဒေါသကို သည်းခံခြင်းဟူသော "ခန္တီ" တရား (Patience) နှင့် "ချစ်ခင်ခြင်း"ဟူသော မေတ္တာတရား (Loving-Kindness)တို့ထားရှိပြီး အောင်နိုင်သည်။ သည်းခံခြင်းဆိုသည်မှာ လောကဓံ၏ အကောင်းများကိုတွေ့လျှင် လောဘမတတ်သလို လောကဓံအဆိုးများနှင့် တွေ့သည့်အခါတွင်လည်း သည်းခံနိုင်ခြင်းပင်ဖြစ်သည်။

တစ်နည်းဆိုလျှင် ပဋိပက္ခမှန်သမျှကို မှန်ကန်သော အသိဉာဏ်ပညာဆင်ခြင်တုံတရား "ဝိဇ္ဇာ"က ဦးစီးပြီး "မေတ္တာ"နှင့် "ခန္တီတရား"ကို လက်တွေ့ကျင့်သုံးခြင်းဖြင့် ငြိမ်းသတ်နိုင်ပါသည်။ တစ်ဖက်နှင့် တစ်ဖက်၊ တစ်ဦးနှင့် တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်သင်းနှင့်တစ်သင်း၊ တစ်ရွာနှင့် တစ်ရွာ၊ တစ်မြို့နှင့် တစ်မြို့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်အုပ်စုနှင့် တစ်အုပ်စုတို့ ဆက်ဆံကြရာတွင် နှစ်ဦးနှစ်ဖက် အသိဉာဏ် ဆင်ခြင်တုံတရားနှင့် အမျက်မထား မေတ္တာပွားကြမှသာ အေးချမ်းသာယာမှုရရှိနိုင်မည် ဖြစ်သည်။

သို့တစေ ကျေးဇူးတော်ရှင် ဘုရားရဟန္တာ အရိယာတို့မှလွဲ၍ ကျန်ပုထုဇဉ် ပုဂ္ဂိုလ်ဟူသမျှတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အာဃာတများနှင့် ကင်းနိုင်ကြမည်မဟုတ်။ ရှိသင့်ရှိထိုက်သော လောဘ၊ ဒေါသ၊ မောဟတို့ထက် မလွန်ကဲဖို့ အရေးကြီးလှသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တိုင်းရင်းသား ပြည်သူတို့အား ကျူးကျော်တိုက်ခိုက်စော်ကားလာမည်ဆိုပါက မလွှဲမရှောင်သာသော တရားသောစစ်ကို ဆင်နွှဲကြရမည်သာဖြစ်သည်။ ဘုရားအလောင်းသူတော်စင်ပညာရှိသုခမိန်ကြီး "မဟော်သဓာ"သည်ပင်လျှင် စစ်သေနာပတိချုပ်အဖြစ် ဦးဆောင်တာဝန်ယူကာ တရားသောစစ်ပွဲဖြင့် ခုခံတိုက်ခိုက်ရင်း အများပြည်သူတို့အတွက် အသက်ကိုစတေးခံ၍ စွန့်စားသွားခဲ့သည်။ ဤသည်မှာ အာဇာနည်သူရဲကောင်းတို့၏ လက်ရုံးရည်၊ နှလုံးရည် အရည်အသွေးကောင်း အရည်အသွေးမြတ်ပင်ဖြစ်သည်။

သက်ရှိလူသားတို့၏ သက်တမ်းသည် နှစ်ပေါင်းသန်း ၄၀ စတင်တည်ရှိရာ ဘူမိနက်သန်အောင်မြေသည် မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသဖြစ်နေ၍ ကမ္ဘာ့လူသားအစ မြန်မာကဟု သတ်မှတ်ခံထားရသော မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့လေပိုင်နက်တွင် အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာ (၃)ရပ်စလုံးအထွန်းကားဆုံး နေရာဒေသဖြစ်သော အမိမြန်မာပြည်ကြီးတွင် မငြိမ်းချမ်းစရာရှိနိုင်မည် မထင်ပါ။ စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းရေးအရိပ် အာဝါသအောက်တွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရန်သာရှိပါသည်။

> သည်းခံခြင်း ဆိုသည်မှာ လောကဓံ၏ အကောင်းများကိုတွေ့လျှင် လောဘမသက်သလို လောကဓံအဆိုးများနှင့် တွေ့သည့်အခါတွင်လည်း. . . . .

ယခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA:Nationwide Ceasefire Agreement) နှင့် နိုင်ငံရေးဆွေးနွေးပွဲများကို အထောက်အကူပြုစေမည့် ငြိမ်းချမ်းရေးနှင့်

**စာမျက်နှာ ၁၈ သို့**


## အမြန်ဆုံးငှားရမ်းလိုပါသည်

ဗဟန်း၊ ဒဂုံ၊ ရန်ကင်း၊ လမ်းမတော်၊ လသာ၊ စမ်းချောင်း၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ အလုံ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ကမာရွတ်၊ မရမ်းကုန်းမြို့နယ်များတွင် လူကြီးမင်းတို့၏ အိမ်၊ တိုက်ခန်း၊ ကွန်ဒိုများငှားရမ်းလိုပါက အမြန်ဆုံးဆက်သွယ်လိုက်ပါ။

- လူကြီးမင်းများအနေဖြင့် ငှားရမ်းလိုသော အခန်းအတွက် ကြမ်းခင်း၊ ပရိဘောဂနှင့် လိုက်ကာများ ဝယ်မယ်ဆိုလျှင် ကျွန်တော်များကုမ္ပဏီ၏ နားလည်တတ်ကျွမ်းသော ဝန်ထမ်းကိုယ်တိုင် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။
- အခန်းငှားရမ်းချင်သော အိမ်ရှင်များအတွက် ကျွန်တော်များကုမ္ပဏီမှ စာချုပ်ချုပ်ပြီးသည်အထိ တာဝန်ယူဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။
- ငှားရမ်းပြီးဖြစ်သော အိမ်ရှင်များအတွက်လည်း မိမိတို့၏အခန်းများကို စာချုပ်သက်တမ်း မပြည့်မီ ယခုမှစ၍ ကျွန်တော်များကုမ္ပဏီတွင် စတင်အပ်နှံနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း ၀၉-၇၉၂၂၃၅၈၄၄

## ဝန်ထမ်းအသစ်များခေါ်ယူခြင်း တိုက်ရိုက်အင်တာဗျူးရှိသည်

1. BUSINESS DEVELOPMENT ADVISORS (20 Positions)
2. MARKETING EXECUTIVES (13 positions)

လိုအပ်ချက်များ-
- ဘွဲ့ရပြီးသူတိုင်းလျှောက်ထားနိုင်သည်။
- လူမှုဆက်ဆံရေးကောင်း၍ စီးပွားရေးအဆက်အသွယ်ကောင်းများရှိသူ ပိုအဆင်ပြေနိုင်သည်။
- အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်ပါက အကျိုးပိုရှိသည်။
- ကျား၊ မ မရွေးလျှောက်ထားနိုင်ပါသည်။
- အခြေခံလစာကောင်းရရှိနိုင်သည့်အပြင် ကော်မရှင်များ၊ ဘောနပ်စ်များခံစားခွင့်ရှိသည်။
- လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အသက်၂၀ နှစ်မှ ၃၅ နှစ်ကြား လျှောက်ထားနိုင်သည်။

လိုအပ်သော Training ကို ကုမ္ပဏီမှ ထောက်ပံ့ပေးမည်ဖြစ်ပါသဖြင့် မိမိဘဝ တိုးတက်လမ်းရှိပြီး အကျိုးအမြတ်များ၍ မိမိကိုယ်ပိုင်လုပ်ငန်းကဲ့သို့ ကိုယ်တိုင်စီမံခန့်ခွဲနိုင်သော စိတ်လှုပ်ရှားဖွယ်ကောင်းသော ဤအခွင့်အရေးကို အတူတူလက်တွဲ အကောင်အထည်ဖော်ရန် လာရောက်လျှောက်ထားနိုင်ပါသည်။ စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာသို့ လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အခန်းနံပါတ်-၃၀၃၊ ဆာကူရာတာဝါ၊ ၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**nayziwin @ ggclgroup.com**
**Global Growth Co,.Ltd**

## ဆောက်လုပ်ရေးလုပ်ငန်းသုံး/သကြ်န်မဏ္ဍပ်များအတွက်

**အင်ခွဲသားဆိုက်စုံရောင်းရန်**

ဆိုဒ်သေး - ဗျက် (3", 4") x ထု (1", 1½", 2") x ပေရှည်စုံနှင့်

ဆိုက်ကြီးခွဲသား (ဆိုက်စုံ) များကို သင့်တင်သောဈေးနှုန်းဖြင့်

လက္ကားရောင်းချပေးပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၃၁၄၄၆၀၀၊ ၀၉ ၇၃၁၅၄၅၀၀

## ရောင်းမည်

တာမွေ အရှေ့မြင်းပြိုင်ကွင်း လမ်းမကြီးပေါ်၉လွှာ
Penthouse (၄၈×၇၃)ပေ၊ sqft 3504,
1MB,1B, ပါကေးကြွေပြား၊ 2A/C , Lift ။
Contact : 09 5160778 ,09 5089945

## ပျောက်ဆုံးကြောင်းကြော်ငြာခြင်း

၁။ ကျွန်တော်များ YTT Co.,Ltd ၏ အောက်ဖော်ပြပါ အရေးကြီးစာရွက်စာတမ်းမူရင်းများ ထည့်ထားသည့် (Clear Bag)အတွင်းမှာ အောက်ဖော်ပြပါ ကတ်ပြားမူရင်းများ-

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ကုမ္ပဏီမှတ်ပုံတင်ကတ်အမှတ်-၅၂၀/ ၁၉၉၄-၁၉၉၅ (၂၄-၈-၁၉၉၄)မူရင်း

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် (ထသကအမှတ်-၃၅၃၇ (၈-၉-၁၉၉၄)မူရင်း

၃။ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ထုတ်ပေးထားသည့် အသင်း ဝင်ကတ်အမှတ်-၂၅၃၇ (၁၁-၁၀-၁၉၉၅) မူရင်းတို့မှာ ဘတ်(စ်)ကားအဆင်းတွင်ကျပျောက်သွားပါသဖြင့် ကောက်ရထားသူများ ၎င်းပါလိပ်စာအတိုင်း ကျေးဇူးပြု၍ပေးပို့ပါက ထိုက်တန်စွာ ကျေးဇူးပြုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၂၄၆၄၈၄၊ ၂၅၄၆၄၀၊ ၀၉-၇၃၀၉၆၀၅၄

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ မြို့ဟောင်းကွက်၊ ဦးပိုင်အမှတ်(၁၃၉)၊ ၃-ခလက်မှတ်ရပြီး မြေအမျိုးအစား၊ ဧရိယာ(၀. ၁၁၇)ဧကရှိ သန်လျင်မြို့ မြေစာရင်းဌာနတွင် ဒေါ်စန်းအမည်ဖြင့်တည်ရှိသော မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးထိန်ဝင်း[၁၂/သလန(နိုင်)၀၁၃၈၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသူရိန်မြင့် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၅၂၁)
အမှတ်(၁)၊ ၆-ယာ၊ အင်ကြင်းလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၅၀၅၉၈၂၂

## ရန်ကုန်မြို့ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၇)လမ်း၊ တိုက်အမှတ်(၂၆/A)၊ (ခေါင်းရင်းခန်း)(၃-လွှာ)လူနေတိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်/တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၂၂)(၃+၄)၊ (ပထပ်)(ခေါင်းရင်းခန်း)နေ ဦးမြဝင်း[၁၂/လသန(နိုင်)၀၀၉၅၈၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ လူနေတိုက်ခန်းအား ၁-၁၂-၁၉၉၇ ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်ဝန်ခံကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့ပါသည်။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော အထက်ဖော်ပြပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေအတိအလင်းသဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်း မပြုလုပ်ရန်နှင့် လိုက်နာခြင်းအတိအလင်းမရှိဘဲ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဦးမြဝင်း | စင်ထရယ်ဦးခင်မောင်မြင့် |
| ဒေါ်အိအိမျိုး **(LL.B)**(စဉ်-၃၀၅၈၉) | **LL.B.,Diploma in Business Law; Advocate** |
| ဒေါ်ခင်မာဝေ**(LL.B.,DBL)**(စဉ်-၂၉၅၉၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၂) |
| အထက်တန်းရှေ့နေများ | (ရုံး)အမှတ်-၉/၁၁၊ အခန်း-၂၀၁(ဘီ)၊ |
| | ၃၆-(လမ်းအောက်)၊ ကျောက်တံတားမြို့နယ်၊ |
| | ရန်ကုန်မြို့၊ **H.P-09-5150406** |

## အခန်းဆက်ဝတ္ထု

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် အပတ်စဉ် (တနင်္လာနေ့နှင့် သောကြာနေ့)တိုင်း ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

*၂၇-၂-၂၀၁၅ ရက်မှအဆက်*



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

"ဇာတ်ထဲမှာ. ."

"ဇာတ်ထဲမှာ . ."

"ဟုတ်တယ် ဇာတ်ထဲမှာ . . . ဘဲပေါင်းကြီးဇာတ် "

ခိုင်သည် နှစ်ခြိုက်စွာရယ်၍ မေး၏။

"ဘဲပေါင်းကြီးဇာတ်"

"ဟုတ်တယ်၊ ငါတော့ အဲဒီလိုပဲ မှတ်ထားတာပဲ၊ အဲဒီဇာတ်ထဲမှာ မင်းသမီးက အဲ . . . မင်းသမီး၊ ဘဲ . . .၊ မင်းသားကတော့ ရသေ့လုပ်တယ်။ ရသေ့က စက်သီးစီးပြီး ဆွမ်းခံလာတာ။ ပြီးတော့ ထိုးကျလာတာပဲ။ မင်းသမီး ပေါင်ပေါ်တာ မြင်လို့တဲ့ "

"မင်းသမီး ပေါင်ပေါ်တာ မြင်တာနဲ့ ဘာဖြစ်လို့ ထိုးကျရတာလဲ"

"မောင်လည်း အဲဒါစဉ်းစားနေတာပဲ။ ဘာပြုလို့ ထိုးကျရသလဲ . . .။ ပြီးတော့ မင်းသားက ငိုနေတာ . . .။ သူငိုတာ မောင်မှတ်မိတယ် . . .။ ဆိုပြမယ် နားထောင်မလား "

"ဆိုလေ . ."

ကျွန်တော်က သံနေသံထားဖြင့် ဆိုပြ၏။

**"ငါယုတဲ့ မာတုဂါရယ် . . . ငါခုနေ မြင်စမ်းချင်ရဲ့လေး"**

"အဲဒါ ဘာပြောတာလဲ"

"မင်းသား ငိုတာလေ . . .။ ပြီးတော့ ကျောင်းပြန်ရောက်သွားတော့ ထမင်းမစားဘဲ လှိမ့်ငိုနေတာပဲ။ သူငိုတာကလည်း (ဘယ်ပေါင်ကြီး၊ ဘယ်ပေါင်ကြီး)နဲ့ ငိုတယ်။ အဲဒီတုန်းက ဖိုးသူတော်လူပြက်ထွက်လာတယ်။ ဖိုးသူတော်က ဟာ . . . ရသေ့လေး ဘဲပေါင်းစားချင်လို့ ငိုနေတယ်လို့ ပြောတယ်။ သိပ်ရယ်စရာကောင်းတာပဲ။ မောင်က အဲဒါ ဘဲပေါင်းကြီးဇာတ်လို့ မှတ်ထားတယ် "

ခိုင်သည် ကျွန်တော်ပြောသည်ကို အလွန်သဘောကျ ဟန်ရယ်သည်။ ကျွန်တော်က ရဲနေသောခိုင့်မျက်နှာကလေးကို နှစ်သိမ့်စွာ ပြန်ကြည့်မိ၏။ ခိုင့်အသားမှာ ဝါဝါလေးဖြစ်သည်။ ပါးမို့မို့လေးများပေါ်ဝယ်အကြောစိမ်းစိမ်းလေးများကို မြင်ရသည်။ ဂါဝန်ပန်းရောင်လေးဝတ်ထားသဖြင့် ခိုင်သည်ကော်ရုပ်လေးလိုလှပနေသည်။ ကျွန်တော်သည် သတိရ၍ ရုတ်တရက် ခိုင့်ကိုမေးမိသည်။

"ခိုင် ဟိုဘက်အိမ်က တရားသူကြီးရဲ့သမီးလား"

ခိုင်က ခေါင်းညိတ်၏။

"ဒါဖြင့် ဟိုနေ့က ပျောက်သွားတာ ခိုင်လား . ."

ခိုင့်မျက်နှာလေးသည် အနည်းငယ်မှုန်သွား၏။

"ပျောက်သွားတာ မဟုတ်ပါဘူး . . .။ လေတိုက်လို့ သစ်ရွက်တွေကြွေတာ လိုက်ကောက်တာ။

နောက်တော့ မျက်စိလည်သွားတာပဲ။ မိုးတွေက ရွာပြီး မိုးကြိုးတွေက ပစ်တော့ . . . ခိုင်လန့်ပြီး ဘာဖြစ်သွားလဲ မသိပါဘူး။ ပျောက်သွားတာ မဟုတ်ပါဘူး . . ."

"ခိုင်က ဘာလုပ်ဖို့ သစ်ရွက်ကြွေတာ လိုက်ကောက်ရတာလဲ"

"သစ်ရွက်ဝါဝါကလေးတွေက သိပ်လှတယ်။ သစ်ရွက်ဝါဝါကလေးတွေ အများကြီး စုတယ် . ."

ကျွန်တော်သည် ခိုင့်ကို အံ့သြစွာ ကြည့်နေမိရာမှ သတိရ၍ မေးမိသည်။

" ခိုင် ပီယာနို တီးတတ်သလား . . ."

ခိုင်က ခေါင်းခါသည်။

" မောင်တော့ တီးတတ်တယ် . . .။ သစ်ရွက်ဝါဝါတွေ ကြွေတဲ့သီချင်းတွေ အများကြီး ရှိတယ် . . .။

ခိုင် နားထောင်မလား . . ."

"နားထောင်မယ်လေ ဘယ်မှာလဲ . . ."

"လာ . . . လာ . . . မောင်တို့အိမ်လိုက်ခဲ့၊ မောင်တီးပြမယ် . . ."

ခိုင်သည် သူ့စာအုပ်ကလေးများကို ယူ၍ ကျွန်တော်နှင့်အတူ အိမ်ဆီသို့ လိုက်ခဲ့သည်။

ကျွန်တော်သည် ခိုင့်ကို ပီယာနိုဆီသို့ ခေါ်သွား၍ အစမ်းအဖြစ် သာဆန်းရဂုံဘွေ တေးသွားကိုတစ်ပိုဒ်တီးပြသည်။ ထို့နောက် မဟာဂီတစာအုပ်ကို လှန်၍ စာသားကို ပြသည်။

" အစဆိုရင် ခိုင် လိုက်ဆိုတတ်ဦးမှာ မဟုတ်ဘူး။ ဒါပေမယ့် မောင် ဆိုပြမယ်၊ နားထောင်ကြည့် . . .။

**သာဆန်းငယ်တဲ့ ရဂုံဘွေ၊ ညင်းပြေပြေ လေပြည်လောင်း . . . ညာခြေစိမ်းရင့်မောင်း . . .။ ညောင်းရွက်ကယ်တဲ့ ကြွေလေဟန် မြည္ဟာရွှေရင့်စံ . . . "**

" သစ်ရွက်ကြွေတဲ့ သီချင်းပဲ ခိုင်၊ ကြိုက်လား . . ."

ခိုင်သည် ဘော့ဟဲယားဆံပင်လေးများ ငြိမ့်ငြိမ့်လှုပ်သွားအောင် ခေါင်းညိတ်ပြသည်။

ကျွန်တော်က စာအုပ်ကို ခိုင့်လက်ထဲပေး၍ သီချင်းကို အစ၊ အဆုံးတီးပြသည်။

သီချင်းအဆုံး၌ ခိုင်၏မျက်နှာလေးမှာ ပြုံးလျက်ရှိသော်လည်း ကြည်နူးသာယာမှုကြောင့် မျက်လုံးကလေးများတွင် မျက်ရည်ကလေးများ ဝဲနေသည်။

"ဒီသီချင်းကို ခိုင် သဘောကျလား . . ."

"သိပ်သဘောကျတာပဲ၊ ခိုင်လည်း အဲဒီလို တီးတတ်ချင်တယ်။ ခိုင့်ကို သင်ပေးမလား . . ."

"ဩော် . . . ခိုင်ကလည်း ချက်ချင်း ဘယ်တီးတတ်မလဲ။ မောင်က (၈) နှစ်သားကတည်းက သင်လာရတာ . . ."

"ဟင့်အင်း . . . ခိုင် အခု တီးတတ်ချင်တယ် . . ."

ခိုင်သည် သူ့လက်ချောင်း သေးသေးလှလှလေးများဖြင့် စန္ဒရားခလုတ်များပေါ် ဟိုနှိပ်ဒီနှိပ်နှိပ်ကြည့်သည်။ မနေနိုင်တော့သော ကျွန်တော်က သူ့ကို ကုလားထိုင်ပေါ် ထိုင်ခိုင်း၏။ ထို့နောက်စိတ်ကျေနပ်ရန် အခြေခံသင်ခန်းစာကို အနည်းငယ် သင်ပြရသည်။

" ဟောဒီခုံမှာ ကြည့်စမ်း . . . သော့ပေါက် တွေ့လား။ အဲဒီတည့်တည့်က ခလုတ်တွေ ကြည့်စမ်း၊ ဟောဒီ ပူးနေတဲ့ အနက်နှစ်လုံးကို မှတ်ထား။ ဘယ်ဘက်အနက်နှစ်လုံးရဲ့ ဘယ်ဘက်အောက်က အဖြူကို(စီ)လို့ မှတ်ထား။ သူ့ညာဘက်ခလုတ်အဖြူက (ဒီ)။ နောက်တစ်ခုက (အီး)။ နောက် (အက်ဖ်)။ နောက် (ဂျီ) ဟုတ်ပလား . . ."

ခိုင်က ခေါင်းညိတ်သည်။

"(စီ)ခလုတ်ကို လက်မတင်၊ (ဒီ)မှာ လက်ညှိုးထား၊ (အီး)ခလုတ်မှာ လက်ခလယ်ထား၊ အဲ . . . အဲ

ခိုင်က သဘောပေါက်သားပဲ။ အဲလိုထား။ ဟုတ်ပြီ လက်မနဲ့ နှိပ်လိုက်စမ်း၊ ပြီးတော့ (ဝမ်း)လို့ဆို . . ."

ကျွန်တော် ခိုင်းသည့်အတိုင်း ခိုင်က လုပ်သည်။

" လက်မနဲ့ နှိပ်ပြီး (ဝမ်း)လို့ ဆိုပြီးရင် (တူး၊ သရီး၊ ဖိုး) ဆက်ဆို။ လုပ်ကြည့်စမ်း . . .။ ဝမ်း၊ တူး၊ သရီး၊ ဖိုး . . ."

ခိုင်သည် လက်မဖြင့် (စီ)ခလုတ်ကို နှိပ်ရင်း (ဝမ်း)ဟု တစ်ပြိုင်နက်ဆို၍ တူး၊ သရီး၊ ဖိုးကို ဆက်ဆိုသည်။

ခိုင်သည် ကျွန်တော် ညွှန်ပြသမျှ စိတ်ရှည်လက်ရှည် လိုက်လုပ်သည်။ ၁၀ မိနစ်ခန့် ကြာသောအခါ ခိုင်သည် ပီယာနိုအခြေခံဖြစ်သော ဆင်မီးဘရိဗ်ကို ဘယ်ညာ တီးတတ်သွားသည်။ ဤမျှ တီးတတ်သည်ကိုပင် စိတ်ကျေနပ်သွားသည်။

နောက်ထပ် မိနစ် ၂၀ ခန့် ကျင့်ပြီးသောအခါ ခိုင်သည် ကျွန်တော့်ကို နှုတ်ဆက်ပြန်သွားသည်။ ကျွန်တော်သည် ပီယာနိုခုံ၌ ထိုင်ရင်း ဟိုနှိပ်၊ သည်နှိပ် နှိပ်နေ၏။ အတန်ကြာတွင်ခိုင် ပြန်ပေါ်လာသည်။ ခိုင့်လက်တွင်း၌ အစိမ်းရောင် လွယ်အိတ်လှလှလေးတစ်လုံး ပါလာသည်။

ကျွန်တော် အံ့အားသင့်နေခိုက် ခိုင်က ဆိုသည်။

"ခိုင် လူများဆိုရင် ဘယ်သူ့ကိုမှ မပေးဘူး။ ခိုင် တမင်ရွေးကောက်ပြီး ဖယောင်းနဲ့ တိုက်ထားတာ။ မောင့်ကို တစ်ဝက်ပေးမယ် ရော့ . . ."

ကျွန်တော်က ဘာများနည်းဟု ကြည့်မိသည်။ ခိုင်က သစ်ရွက်ဝါတစ်ဆုပ်ကို အိတ်တွင်းမှ နှိုက်၍ ပီယာနိုခုံပေါ်သို့ တင်ထားပြီး ထွက်ပြေးသွားသည်။

ကျွန်တော်သည် သစ်ရွက်လေးများကို ကြည့်မိသည်။ အလွန်လှပသော တမာရွက်ကလေးများ ဖြစ်သည်။ ခိုင် တမင်ရွေးထား၍လော မသိ။ သစ်ရွက်အားလုံး၌ အညို အကွက်မပါ။ အားလုံးဝင်းနေသော ရွှေရောင်ရှိ၏။ ဖယောင်းတိုက်ထားသဖြင့်လည်း ကော့ကော့မာမာနှင့် အရောင်လက်ခါ ရှိနေသည်။

ကျွန်တော်သည် စိတ်တွင်း၌ ကြည်နူးလာပြီး သာဆန်းရဂုံဘွေပတ်ပျိုးကို အစမှ ပြန်တီးသည်။ မည်သို့မျှ အဓိပ္ပာယ် မပေါက်။ အရသာလည်း မခံတတ် . . .။ ယခုမူ မိခိုင်ကြောင့် သီချင်း၏ အရသာကို နုနယ်သော နှလုံးသားတွင် ရေးရေးဝါးဝါး ထင်လာသည်။

**. . . စိန်ချပ်ရုံ မှုန်ရွှေဝတ်ကယ် . . . လေညှာတ်လာလို့ယိုင်၊ ကြွေလုစုံမြိုင် . . . တွေမှိုင်ကာမော၊ ဖြေနိုင်အောင် . . . အို မောင်မယ်။ သံစာစာ ကျူးလာဖော်ချင်းနွဲ့။**

### (၄) သူငယ်ချင်း ခိုင် . . .

ထိုနေ့ညနေမှစ၍ ခိုင်သည် အားလပ်ချိန်ရတိုင်း ကျွန်တော်တို့ခြံဘက်သို့ မှန်မှန်လာလည်သည်။ ကျွန်တော်သည် ခိုင့်ကို ပီယာနိုသင်ပြသည့်အခါ သင်ပြသည်။ သီချင်း ဆိုပြပေးသည့်အခါ ပြပေးသည်။ ခိုင့်အသံသည် ချိုချိုကလေးဖြစ်သည်။ သီချင်းဆိုနေစဉ် နှုတ်ခမ်းပါးပါးလေးများ လှုပ်ရှားပုံမှာ ချစ်စရာကောင်းလှသည်။

ပီယာနို မတီးချင်၊ သီချင်းမဆိုချင်ကြသောအခါများ၌ ကျွန်တော်တို့သည် ခြံအတွင်း၌ ဗိုလ်အိမ်ဆောက်ကစားသည့်အခါ ကစားသည်။ မြက်နုစိမ်းစိမ်းများ လွှမ်းလျက် မြရာရုံကလေးများ ဟိုတစ်စုသည်တစ်စုရှိသော တောင်ကုန်းများတွင် ပြေးလွှားဆော့ကစားသည့်အခါ ကစားသည်။

တောင်ကုန်းများ၌ ဆော့ကစားကြလေတိုင်း ကျွန်တော်သည် မြရာရုံများကို စစ်ဆေးကြည့်ရှုလေ့ရှိသည်။ ထိုအခါ နားမလည်သယောင် ခိုင်က မေးတတ်သည်။

"မောင် ဘာရှာတာလဲ"

"မောင်က မြရာသီး သီးပလားလို့ ကြည့်တာ . . . မသီးသေးဘူး"

"မြရာသီး . . . ဘာလုပ်ဖို့လဲ"

ကျွန်တော်သည် မဖြေနိုင်ဘဲ ခိုင့်ကို ပြန်ကြည့်မိ သည်။ ကျွန်တော်တို့ သန်လျင်မြို့သားကလေးများနှင့် မြရာသီးသည် ခွဲခြား၍မရသော မိတ်ရင်းဆွေရင်းများ ဖြစ်ကြ၏။ ထို့ကြောင့်လည်း မြရာသီးကို ကျွန်တော်တို့ အားလုံး သိသည်။ ယခု ခိုင်သည် မြရာသီးကို မသိဘူးဆိုသောအခါ ကျွန်တော် နားမလည်နိုင်အောင်ဖြစ်သွားရသည်။

"မြရာသီးဆိုတာ ဘောင်ဘောင်ဖောက်လို့ရတယ်"

ဤအကြိမ်တွင် ခိုင်သည် ပို၍ နားရှုပ်သွားဟန်ရှိသည်။

" ဘောင်ဘောင်ဖောက်တယ်ဆိုတာ ဘာလဲ "

ခက်ချေပြီ။ ဘောင်ဘောင်ဖောက်သည်ကို မသိသော ခိုင့်ကို ကျွန်တော် မည်သို့ရှင်းရမှန်း မသိ။

" ခိုင် . . . ဘောင်ဘောင် တစ်ခါမှ မတွေ့ဖူးဘူးလား "

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

Modern Myanmar Travels ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။
✦ မြတ်စော်တင်ခွန်းဘုရားသွား ငွေတောင်တမ်းခြေ(ငြိမ်း) 45000 ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ
✦ မန်းရွှေစက်တော်၊ 45000 Mar 2,6,13,20,26 Apr 3,10,12
✦ အလောင်းတော်ကဿပ(သီးသန့်) Guest 45000/Hotel 115000
✦ ပုဂံ(ရွှေစည်းခုံ)သိပ္ပံကိုရှင် Guest 65000/Hotel 2 Night 120000
✦ တောင်ကြီး၊ အင်းလေး၊ ရွှေတော်ကဗ္ဗာ Guest 70000/Hotel 2 Night 120000
✦ မန္တလေး၊ ပြင်ဦးလွင်၊ ဝက်တိုင်း၊ မုံရွာ Guest 75000/Hotel 2 Night 140000
ကျိုက်ထီးရိုး 30000 Guest House | ချောင်းသာ 35000 Guest Package | ငွေဆောင် 68000 Hotel (2) Night
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016, 09-253540004

ရတနာမိုး မုဒ္ဒဂလာနှင့် သီရိလင်္ကာဘုရားဖူးပို့ဆောင်ရေး
(၁၄)ည (၁၅)ရက်ခရီးစဉ် Mar 15 Apr 11
(၁၁)ည(၁၂)ရက်ခရီးစဉ် Mar 27
(၇)ည (၈)ရက်ခရီးစဉ် Mar 28 Apr 10
Apr 30 USD 1450
ရန်ကုန်ရုံးချုပ် 01 - 377351-2, 246239, 09 - 428185283, 73198845, 73029315
မန္တလေးရုံးခွဲ 09 - 444026228, 09-444027228 ပြင်ဦးလွင်ရုံးခွဲ 085-29769, 09-33317787

易遊旅行社 EASY GO TRAVEL & TOURS
ထိုင်ဝမ်အပျော်အပန်း(၁၀)ရက်ခရီးစဉ် 13 Apr
Touch Your Heart 101 Tower
ဘန်ကောက်-ဖူးခက် (၃)ည (၄)ရက်ခရီးစဉ် 10 Apr
Phi Phi Island, James Bond Island, MBK Shopping
Yangon : Tel : 09-5418588, 09-5069882, 01-250835
Mandalay : Tel : 09 - 5068857, 09 - 2019207, 09-444026228
Lashio : Tel : 082 - 22318, 09 - 5232058, 09 - 36030496

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

TMR 008847(0217)
ပါဝါ ကျောက်ကြေဆေး
သည်းခြေအိတ်၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးပြွန်၊ ဆီးသွားလမ်းကျောက်တည်ခြင်းနှင့် ဆီးကျိတ်၊ ဆီးရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
ကျောက်တည်ရင် ပျောက်လွယ်တဲ့ 'ပါဝါ' ကျောက်ကြေဆေး
ရန်ကုန်ဆေးဆိုင်ကြီးများနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

စာမျက်နှာ ၁၆ မှ
အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (Deed of Commitment For Peace and National Reconciliation) ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီး ၁၄ ဦး၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ အပါအဝင် လွှတ်တော်ကိုယ်စားပြု ငါးဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကိုယ်စားပြုသုံးဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများမှ ကရင်အမျိုးသားအစည်းအရုံး၊ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်၊ တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦး၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၅၅ ဦးတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။

မေတ္တာတရားနှင့်ခန္တီတရားတို့သည် မာန်မာနနှင့် အာဃာတကိုပါ ခဝါချစေသည်ဖြစ်ရာ လောကီငြိမ်းချမ်းမှုအတွက် မှန်ကန်သော အသိဉာဏ်ပညာဆင်ခြင်တုံတရားဖြစ်သည့် ဝိဇ္ဇာဉာဏ်ပညာကို ဦးထိပ်ပန်ဆင်ကာ ဟီရိဩတ္တပ္ပဟူသော လောကပါလတရားနှစ်ပါးကို လက်တွေ့ကျင့်သုံးပြီး မြတ်သောခန္တီတရားနှင့် မေတ္တာတရားကို လက်ကိုင်ထား၍ ဆုပ်ထားသော လက်သီးအချို့ကိုဖြေကာ လက်ဖြန့်ပြီး လက်ချောင်းအစုံဖြင့် လက်ချင်းယှက်၍ အမြဲထာဝရပေါင်း စည်းလက်တွဲနိုင်ကြပါစေကြောင်း ဆန္ဒပြုဆုတောင်းလိုက်ပါသည်။ ။

# တပ်ကုန်းမြို့နယ်တွင် ရွာလုံးကျွတ် ဆိုလာမီးလင်း

**တပ်ကုန်း မတ် ၁**

ကျေးလက်နေပြည်သူများ၏နေထိုင်မှုစနစ်တိုးတက်မြင့်မားလာစေရန်အတွက် အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းတစ်ခုအနေဖြင့် တပ်ကုန်းမြို့နယ်၊ အိုင့်ကျယ်ကျေးရွာတွင် ရွာလုံးကျွတ်ဆိုလာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် ကျင်းပခဲ့ကြောင်းသိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးကံစောလှိုင်ကဆိုလာလျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်သည့် အချက်အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူးအားလွှဲပြောင်းပေးအပ်ခဲ့ပြီး ရွာလုံးကျွတ်မီးလင်းရန် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ လျှပ်စစ်ဒုတိယအင်ဂျင်နီယာချုပ်ဦးသန်းထွန်းအောင်တို့က လျှပ်စစ်မီးဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ ဆိုလာမီးလုပ်ငန်းကို ဖေဖော်ဝါရီ ၁၂ ရက်မှစတင်၍ အိမ်ထောင်စု တစ်ခုချင်းစီလျှင် 90wဆိုလာတစ်ချပ်၊ 65Ahဘက်ထရီတစ်လုံး၊ 300w အင်ဗာတာတစ်လုံး၊ Ah Controller တစ်ခု၊ ၅မီတာမီးကြိုးတစ်ခု၊ 3W မီးသီးနှစ်လုံး၊ 20W မီးချောင်းတစ်ချောင်းတို့ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျေးရွာလုံးကျွတ်တပ်ဆင်ပြီးစီးကြောင်း သိရသည်။

ယင်းဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၆၇ ဒသမ ၈၀ သန်းဖြင့် (Jasmine Family) ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်တပ်ဆင်ပေးကြောင်းသိရသည်။

တပ်ကုန်းမြို့နယ်၊ အိုင့်ကျယ်ကျေးရွာနေ ဒေသခံ ဒေါ်လှမြင့် က "ကျေးရွာအိမ်ခြေနည်းပါးပြီး မြို့နဲ့က ၁၈မိုင်ဝေးကွာနေလို့ အရင်ကရွာထဲမှာ နာရီအနည်းငယ်သာရတဲ့အင်ဂျင်မီးနဲ့ ဖန်ချောင်းတစ်ချောင်းကို တစ်လ ငွေကျပ်၃၀၀၀နဲ့ နေထိုင်ခဲ့ရပါတယ်။ အခုဒီနေ့မှစပြီးအိမ်ထောင်စုအားလုံး အချိန်မရွေးမီးရရှိတာငွေတစ်ပြားမှမကုန်ဘဲ ကျေးရွာအရောက် အခမဲ့လာရောက် တပ်ဆင်ပေးလို့ မီးလင်းခဲ့ပါပြီ"ဟုပြောသည်။

အဆိုပါဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဦးမြင့်ရွှေ၊ လျှပ်စစ်ဒုအင်ဂျင်နီယာချုပ်ဦးသန်းထွန်းအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။ **တင်စိုးလွင်**



ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့သို့ နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်လေ့လာမှုများရှိရာ ဖေဖော်ဝါရီ ၂၄ ရက်က နိုင်ငံခြား သားဧည့်သည်များ သန်လျင်မြို့တွင်းသို့ မြင်းလှည်းများ စီးကာ ပျော်ရွှင်စွာဖြင့် လေ့လာနေကြသည်ကို တွေ့မြင်ရသည်။ **သက်နိုင် (သန်လျင်)**

# ထန်တလန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တွေ့ဆုံပွဲ ကျင်းပ

**ထန်တလန် မတ် ၁**

ထန်တလန်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ထန်တလန်မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ NGOs , CSOs နှင့် သတင်းမီဒီယာများတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးထာလာမန်းက အဖွင့်အမှာစကားပြောကြားပြီး ရွေးကောက်ပွဲကော်မရှင်ဥပဒေ ၊ နည်းဥပဒေကို မြို့နယ်ဥပဒေအရာရှိ ဦးချစ်ကောင်းကလည်းကောင်း ၊ ၂၀၁၅ ခုနှစ်အတွက် မဲရုံ ၁၁၀ ရုံလျာထားချက်နှင့် မြို့နယ်ကော်မရှင်၏ အခြားလုပ်ငန်းဆောင်ရွက်ချက်များကို မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးသန်းစိုးလင်းကတင်ပြရှင်းလင်းရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး မေးမြန်းချက်များအပေါ် သက်ဆိုင် ရာကော်မရှင်အဖွဲ့ခွဲဝင်များက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ထန်တလန်မြို့တွင် ၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ရှေ့ပြေးအစီရင်ခံစာအရ လူဦးရေ ၅၀၃၆၃ ဦးရှိပြီး လက်ရှိတွင် နိုင်ငံရေးပါတီ ငါးပါတီက ရုံးဖွင့်လှစ်ထားကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်း(၁/၂၀၁၅)ဖွင့်လှစ်

**မိုးကောင်း မတ် ၁**

မိုးကောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနကကြီးမှူး၍ တိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်း အမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံး၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကိုဖေဖော်ဝါရီ ၂၇ ရက်အထိ သင်တန်းကာလငါးရက်ကြာဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ **(၄၉၉)**


## (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၃၀)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်ရှိ တံခွန်တိုင်တောရကျောင်းတိုက်ကြီး၌ နှစ်စဉ်ကျင်းပပြုလုပ်သော အောင်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၇၆ခုနှစ်၊ တပေါင်းလပြည့်နေ့) ၄-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅ နာရီတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး သံဃာတော်တို့အား ဆွမ်းကပ်၍ လှူဖွယ်ပစ္စည်းများလှူဒါန်းကာ ဓာတ်ပွဲ၊ နတ်ပွဲ၊ ဗလိနတ်စာကျွေးမွေးပူဇော်ခြင်း၊ ၎င်းလပြည့်ကျော် (၁)ရက်နေ့ ၅-၃-၂၀၁၅ရက်မှ ၉-၃-၂၀၁၅ရက်ထိ (၅)ရက်တိုင်တိုင် သံဃာတော် (၂၄ )ပါးတို့ဖြင့် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ကုသိုလ်ပါရမီရှင်သူတော်စင်များ ကြွရောက်ပူဇော်ကုသိုလ်ယူ၍ ပဋ္ဌာန်းအောင်ပွဲ၏ ကုသိုလ်တော်တို့ကို ကျေးဇူးတော်ရှင် အောင်စေတီဆရာတော်ကြီးနှင့် ဆွေတော်မျိုးတော်တို့အား ရေစက်ချအမျှပေးဝေ သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

တံခွန်တိုင်တောရ ဝေယျာဝစ္စအဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ်(၈၈)၏ တစ်စိတ်တစ်ဒေသ ဧရိယာ (၀. ၀၉၃)ဧက၊ မြေကွက်တည်နေရာအမှတ် ၄၂/အေ၊သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (မောင်ဘအုံးဖေ၊ မဒေါ်) အမည်ပေါက် Bမြေပိုင်[၃(ခ)ပေးရန် ကျန် မြေ] မြေအား ဒေါ်အုန်းသွင် (ဘီလစ်) [၁၂/အစန (နိုင်)၀၀၄၀၈၀]က အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၆၇/၂၀၁၄ဖြင့် အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် ၃(က)လျှောက် ထားပေးစေလိုမှု၏ ၁၅-၈-၂၀၁၄ ရက်စွဲပါ စီရင်ချက် ဒီကရီ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၃၇/၁၄ ၏ နေ့စဉ်မှတ်တမ်းနှင့် အမိန့်(၃-၉-၂၀၁၄) ရက်စွဲပါ ဘီလစ်ခန့်စာတို့တင်ပြ၍ ၃(က) လက်မှတ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

POPULAR STAR Travel & Services
Find us on Facebook
လန်းဆန်းပျော်ရွှင် သကြင်္န်ခရီးစဉ်
တောင်ကြီး - အင်းလေး - ပင်းတယ
ကလော - ထမ်ဆမ်း - မွေတော်ကက္ကူ
Mar 26, Apr 11,12,13,17
မန္တလေး - ပင်းကျွန်း
ပြင်ဦးလွင် - စစ်ကိုင်း
Mar 26, Apr 12,17
Scania (2+2) Bus, 3 Stars Hotel, Restaurants
အမှတ် ၇၄ (ပထမထပ်)၊ နှံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်။
Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

## ရောင်းမည်

3I / 1---- KLUGER (2002-Black)
ရောင်းဈေး -(၂၃၀)
ဖုန်း- ၀၉-၇၉၇၆၆၆၆၈၇၊
၀၉-၄၂၁၁၃၈၄၆၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းခါ[၁၂/ဒဂန(နိုင်) ၀၂၄၃၉၄]၏ PP No.995271 နှင့် MFTB ငွေစုဘဏ်စာအုပ်မှာခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၅၁၀၈၀၂

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်- 5G/2480၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

Tah Lee Gold
တာလီ စိန်ရွှေရတနာဆိုင်
ရွှေဆိုတာ မရှိဝယ်းစား၊ ရှိတန်ဆာ................
နိုင်ငံတကာစံချိန်မှီ 99.99၊ Density 19.32 အရည်အသွေးရှိ ရွှေငါးမူးပြား၊ တစ်ကျပ်ပြားများကို (အလျော့တွက်မပါ)လက်ခဖြင့် လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
တစ်ကျပ်ပြား
ငါးမူးပြား
ရွှေလက်ပတ် ဒီဇိုင်းဆန်းလေးများ
"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၃၀)အထိ
အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

ဖတ်စရာ

# သရက်မြို့တွင်နှစ် ၁၇၀ ကျော် ယိုးဒယားပန်းတမော့ လက်ရာများဖြင့် ဆုတောင်းပြည့်စေတီဖူးမြော်နိုင်

ခဲ ဖွဲ့ထက်ရှင်

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့စည်ပင်သာယာဈေးအနောက်ဘက် ဈေးရပ်ကွက်အတွင်းရှိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် ဉာဏ်တော်အတောင် ၈၀ရှိ၍အနီးအဝေးမှဖူးမြော်နိုင်သည့်အပြင် နှစ်ပေါင်းတစ်ရာ့ခုနှစ်ဆယ်ကျော် ထူးခြားပြောင်မြောက်လှသော ယိုးဒယားပန်ခက် ပန်းတမော့များဖြင့်တည်ထားတော်မူသည်။

ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် သရက်မြို့၌ ဉာဏ်တော်အမြင့်ဆုံးစေတီတော်ဖြစ်ကြောင်း အနယ်နယ်အရပ်ရပ်မှဘုရားဖူးများလည်း အချိန်မရွေးလာရောက်ဖူးမြော်နိုင်သည်။

အဆိုပါဆုတောင်းပြည့်စေတီတော်ကြီးသည်ကုန်းမြင့်ပေါ်တွင်တည်ရှိသည့်အပြင်ဉာဏ်တော်မြင့် အတောင် ၈၀ ရှိ၍။ အနီးအဝေးမှထင်ရှားစွာဖူးတွေ့ရပါသည်။

ရှေးယခင်က ယင်းကုန်းမြင့်ပေါ်၌ စေတီငယ်ခုနစ်ဆူအတောင်အနည်းငယ်သာကွာခြားတည်ရှိကြပြီး သက္ကရာဇ် ၁၂၀၅ခုနှစ်ခန့်က စေတီငယ်ခုနစ်ဆူကိုစုပေါင်း၍ စေတီတော်ကြီးအဖြစ် တည်ထားကိုးကွယ်ခဲ့ကြောင်း၊ အလောင်းမင်းတရားကြီး၏ ထီးနန်းဆက်ဖြစ်သော ဘကြီးတော်ဘုရားသည် ၁၁၉၉ခုနှစ်တွင်နတ်ရွာစံပြီးနောက် သာယာဝတီမင်းသားနန်းတက်ချိန်ကာလတွင်တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ယခင်က စုပေါင်းပြည့်စေတီဟုခေါ်တွင်ခဲ့သော်လည်း ယခုအခါတွင် ဆုတောင်းပြည့်စေတီတော်ခေါ်တွင်လျက်ရှိကြောင်း ဘုရားသမိုင်းမှသိရှိရသည်။

ယင်းစေတီတော်ကြီး တည်ထားရာ၌ အလွန်ထူးခြားပြောင်မြောက်လှသည့် ပန်းတမော့လက်ရာများဖြင့် အောက်ခြေလိုဏ်ခေါင်းရှစ်ခုတွင် ရှစ်မျက်နှာ ဆင်းတုတော်များတည်ထားတော်မူပြီး အထက်ပြာသာဒ်ဆောင်ရှစ်ခုအား ယိုးဒယားပန်းခက် ပန်းတမော့များဖြင့်ပြီးစီးစေ၍ပြာသာဒ်ဆောင်နောက်ပတ်လည်တောင်များထားရှိရာ တောင်များ၏လိုဏ်ဝတွင် ကောဏ္ဍဂုံ၊ ဂေါဏဂုံ၊ ကဿဖ၊ဂေါတမ အစရှိသောဘုရားလေးဆူဆင်းတုတော်ငယ်ထည့်သွင်းပူဇော်ထားပါသည်။ ဘုရားလေးဆူ၏ကြားတွင် စိန်တောင်များဖြင့်ခြားထားပါသည်။

ယင်းစေတီကြီး၏အောက်ခြေဖိနပ်တော်မှ စိန်တောင်အထိ ဉာဏ်တော်အတောင်(၄၀)အမြင့်ရှိပြီး အထက်အဆင့်ဉာဏ်တော်အမြင့်ကို အတောင်(၄၀)အမြင့်ထပ်မံတည်ဆောက်ပူဇော်၍ ဖိနပ်တော် ပစ္စယံသုံးဆင့်ရှစ်တောင်ကြီးခွေ သပိတ်မှောက် ဖောင်းရစ် ကြာမှောက်ကြာလှန် ငှက်ပျောဖူး ထီးငှက်မြတ်နားတော် စိန်ဖူးတော်စသည်ဖြင့်တည်ဆောက်ထားပါသည်။

သရက်မြို့ပေါ်ရှိစေတီများအနက်ဉာဏ်တော်အမြင့်ဆုံးစေတီတော်ဖြစ်ကြောင်းသိရှိရသည်။ ဆုတောင်းပြည့်ဘုရား ဂေါပကလူကြီးများအနေဖြင့် စေတီတော်ကြီးအားဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ခြင်းရှိသော်လည်း ၁၉၄၂ခုနှစ် အင်္ဂလိပ်များ မြန်မာပြည်မှ ဆုတ်ခွာစဉ်အခါက မီးရှို့ဖျက်ဆီးခဲ့သည့်အနောက်ဘက်တွင်ရှိသော အာရုံခံတန်ဆောင်းကိုအစားထိုးတည်ဆောက်ခြင်းမပြုရသေးပေ။

အလှူရှင်လိုအပ်လျက်ရှိကြောင်း၊ မြောက်ဘက်တွင် မြသိန်းတန်ဘုရားကြီးတည်ရှိကြောင်းနှင့်အတွင်းစည်းခုံစေတီတော်များလည်းတည်ရှိပါကြောင်း၊ နှစ်စဉ်ကဆုန်လပြည့်နေ့တိုင်း သံဃာအပါးနှစ်ရာ့ငါးဆယ်တို့အား ဆွမ်း သင်္ကန်း သပိတ်များဆပ်ကပ်လှူဒါန်းခဲ့သည်။

ဆုတောင်းပြည့်စေတီတွင် နှစ်စဉ် နတ်တော်လအတွင်း သံဃာတော်(၅၄)ပါးဖြင့် ကိုးရက်တိုင်တိုင်အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများအပြင် ကမ္ဘာလှည့်ခရီးသည်ခရီးသွားများလည်း လာရောက်လေ့လာကြကြောင်း ဆုတောင်းပြည့်ဘုရား ဂေါပကတစ်ဦး၏ပြောပြချက်အရ သိရသည်။



# ကလေးမြို့နယ် ကျေးရွာချင်းဆက် မြေသားလမ်းမဖောက်လုပ်မှုပြီးစီး

**ကလေး မတ် ၁**

ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ အူဒူ - ပေါက်တော - အင်းဒင် - ရှားတောကျောက်ပြုတ် - မန္တာကျေးရွာများကိုဖြတ်၍ လမ်းအရှည် ၇ မိုင်၊ အကျယ် ၁၈ ပေ ဖြင့် ကလေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄ - ၂၀၁၅ ခုဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ ကျပ် ၉၈ သန်း အကုန်အကျခံလျက် ကျေးရွာချင်းဆက်မြေသားလမ်းကို ထက်ရတနာထွန်းကုမ္ပဏီက ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်လျက်ရှိရာ ယခုလတွင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမြေသားလမ်းသည်စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နယ်စပ်အဆုံး မန္တာကျေးရွာမှ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အစ ဝင်ဝကျေးရွာနှင့် အနောက်လယ်ကြီး-အရှေ့လယ်ကြီး-စမ်းမြို့-မြစ်သား-ရွာမ-ချောင်းပေါက်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်မည့် မြေသားလမ်းမကြီးဖြစ်သည်။

ယင်းမြေသားလမ်း ဖောက်လုပ်ပေးခြင်းကြောင့် မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများ၏ ကုန်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးများတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည့်အပြင် ခရိုင်ချင်းဆက်ကျေးရွာများ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု များစွာမြန်ဆန်လာတော့မည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသည့် မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ကျေးလက်ဒေသများအတွက် အဆိုပါကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပေးခြင်းအားဖြင့် ကျေးရွာနေပြည်သူများ၏ ပညာရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့တွင် ဖွံ့ဖြိုးတိုးတက်မှုများ အထောက်အကူပြုလာမည်ဖြစ်သည်။

**ဂျိုးနက်**

# မြစိမ်းရောင် ရန်ပုံငွေပေးအပ်ပွဲ မြောင်မြို့နယ်၌ကျင်းပ

**မြောင် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ငမြောင်တောင်ကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေး မြစိမ်းရောင် ရန်ပုံငွေ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီက အဆိုပါ ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

မြောင်မြို့နယ် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ငမြောင်တောင်ကျေးရွာ မြစိမ်းရောင်အသင်းသား ၂၄၀ ဦး အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်လျှပ်စစ်မီးလင်းရေးတို့အတွက် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ဦးညွန့်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူတို့က ပေးအပ်ခဲ့သည်။

မြောင်မြို့နယ်အတွင်း ပထမဦးဆုံးကျေးရွာအဖြစ် ထောက်ပံ့ပေးအပ်သည့် ငမြောင်တောင်ကျေးရွာ မြစိမ်းရောင် ရန်ပုံငွေအား ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိသည့် အရင်းအနှီးတစ်ခုအဖြစ် အသုံးပြုသွားကြရန် ငမြောင်တောင် ကျေးရွာ နှလုံးလှ လူမှုကူညီရေးအသင်း နာယက ဆရာတော် ဦးသောဘန (ဇေယျာ လူမှုထူးချွန်)က အသင်းသားများအား မှာကြားခဲ့သည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**



ဗိုင်ရှင်ကိုဟ်တိုင် ငှား / ရောင်းမည် ( ဈေးနှန်းညှိနှိုင်း )

1. ဗိုလ်ရာညွန့်_လမ်း။ ကုံကော်ကွန်ဒို (ပ)ထပ် (၁၈၀၀) Sq/ft
Master (၂)ခန်း၊ Single (၁)ခန်း ဖုန်း။ (4) Aircon၊ Fully Furniture
အဆင့်မြင့် ပြင်ဆင်ပြီး ( ရောင်း / ငှား )

2. 37လမ်း( အောက်ဘလောက် )၊ ယုဇနကွန်ဒို၊ မြေညီထပ် (H.K.Type)
Hall Type အဆင့်မြင့်ပြင်ဆင်ပြီး ( ငှား )

ဆက်သွယ်ရန် ဖုန်း 09- 400023580 , 01 - 398304

ရှာပါ ဖွေပါ findmyanmar
Find
www.findmyanmar.com
သင့်ရဲ့ အိမ်၊ ခြံ၊ မြေ များ
ရောင်း၊ ဝယ်၊ ငှားရမ်းခြင်း
လုပ်ငန်းများကို အလွယ်ကူဆုံး
ဆောင်ရွက်နိုင်မည့်
အကောင်းဆုံး Website
Golden Hexagon Media Group
Call Us : 01 - 2304318 , 09 - 43185047



မ-ဒဂုံ(၄၅)ပြည်ထောင်စုလမ်း ပေ(၄၀×၆၀) 2BN ၆၀၀၀
ရှုခင်းသာလမ်း ပေ (၆၀×၅၈) မြေ ၁၃၅၀၀
ရတနာပုံအိမ်ရာ ပေ(၆၀×၆၀) 2RC 4500
၄၇-ဗထူးလမ်းမ ပေ(၄၀×၆၀) 2BN 4900
၃၄-သင်းဝင်လမ်း ပေ(၄၀×၆၀) 2BN 4100
Excellent အကျိုးဆောင် Ph:09250619727
09450022298


## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်ခဲ့သော တိုက်ခန်းရှိ ကန်ထရိုက်တာရရှိသော အခန်းကို ဝယ်ယူ၍ အမည်ပြောင်းလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁ | ကန်ထရိုက်တာဦးတင်မောင်ဝင်း [၁၂/လမတ(နိုင်)၀၁၅၉၅၄]မှ ဒေါ်ငွေငွေဝင်း [၁၂/အလန(နိုင်)၀၁၆၅၁၅]မှ ဒေါ်စန်းစန်းတင့် [၁၂/သဃက(နိုင်)၀၁၁၉၈၀)မှ | ဦးကြည်ထွန်း [၁၂/အလန(နိုင်)၀၂၂၆၅၆] | တိုက်အမှတ်၁၈၇ အခန်းအမှတ်ပဉ္စမထပ် (ယာ) ငုဝါလမ်း၊ အလုံမြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## တစ်ချက်တည်းကျင်းဝင်

ငွေသော်တာဂေါက်ကွင်း (Y.C.D.C)၌ ဦးအေးမင်းသည် ၁၈-၂-၂၀၁၅ရက်တွင် ကစားဖော်များဖြစ်ကြသော ဦးသက်နိုင်ထွန်း၊ ဦးစိုးထွန်း အောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (16)ကို ၁၃၅ ကိုက်အကွာမှ Titleist PROV-1 No-3 ဘောလုံးအား Taylarmade Iron (9) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း။

**BBFG**အသင်းသားများ

## စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးဆွေးနွေး

**ပုသိမ် မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ပြည်သူများ စာဖတ်စွမ်းရည် မြှင့်တင်ရေး၊ စာများစနစ်တကျဖတ်ရှုနိုင်ရေး၊ စာကြည့်တိုက်မှူးကောင်းများ ပေါ်ထွက်လာရေးကို ရည်ရွယ်၍ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက် ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးငွေထွန်း၊ ပုသိမ်ခရိုင် ဦးစီးအရာရှိ ဒေါ်မာလာဝင်းနှင့် မြို့နယ်ဦးစီးမှူးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်မှူးများ၊ ကျေးရွာများရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

အဆိုပါ စာကြည့်တိုက်ဆွေးနွေးပွဲသို့ ပုသိမ်ခရိုင်အတွင်းရှိ စာကြည့်တိုက်များမှ သင်တန်းသား၊ သင်တန်းသူ ၅၄ ဦးတက်ရောက်ပြီး စာကြည့်တိုက်ပညာဆိုင်ရာ မိတ်ဆက်ခြင်း၊ စာကြည့်တိုက်ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲခြင်း၊ စာအုပ်မျိုးတူစုအလိုက် ဘာသာ ရပ်ခွဲခြားခြင်း၊ စာအုပ်ငှားရမ်းစစ်ဆေး ထိန်းသိမ်းခြင်း၊ စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ၊ စွမ်းဆောင်မှု မြှင့်တင်ခြင်းနှင့် ကျေးရွာရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## ကျပ်တင်ပြီးငါး တစ်ကောင်လျှင် အိန္ဒိယရူပီးငွေ ၅၀၀ အထိရရှိ

**ကလေး မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပျဉ်းခုံလေးကျေးရွာတွင် ငါးများကျပ်တင်၍ တစ်ဖက်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ တင်ပို့ပေးနေရာ တစ်ကောင်လျှင် အိန္ဒိယရူပီးငွေ ၅၀၀ အထိရရှိနေကြောင်း သိရသည်။

"ကျပ်တင်ပြီးသားငါးတွေကို ချင်းပြည်နယ် တီးတိန်၊ ရိဒ်မြို့တွေကို ပို့ပေးပါတယ်။ အဲဒီကမှတစ်ဆင့် ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းက နေမီဇိုရမ်ပြည်နယ်ဖက်ကို ပို့ပါတယ်။ မြန်မာငွေနဲ့ဆို တစ်ပိဿာ ကျပ် ၁၂၀၀၀ ပါ။သူတို့ဘက်မှာက ငါးရှားတယ်။ ကျပ်တင်ပြီးသားဆိုတော့ ကြာရှည်လည်းခံတယ်။ သူတို့ကတော့ လက်ဆောင်ပေးဖို့ အိမ်မှာစားဖို့ ဝယ်ကြတာပါ" ဟု ကျပ်တင်လုပ်ငန်းပိုင်ရှင် ဒေါ်လားဘူးလုံနီးက ပြောသည်။

"ဒီနှစ်မှာ ကလေးမြို့ကထွက်တဲ့ ငါး နည်းနည်းရှားလာတယ် အကောင်ကြီး၊ အကောင်သေး မရွေးနိုင်တော့ဘူး။ အိန္ဒိယဘက်က မှာတဲ့သူတွေ များလာတယ်။ အရင်နှစ်တွေက တစ်ပတ်မှာ ပိဿာ ၂၀၀ မှ ၃၀၀ အထိ ပို့ပေးခဲ့ရပါတယ်။ ယခုနှစ်မှာ တစ်ပတ်ကိုပိဿာ တစ်ထောင်ကျော် ပို့နေရတယ်။ အရင်နှစ်တွေကထက်ပိုပြီး ပို့ပေးနေရပါတယ်" ဟု ၎င်းက ဆိုသည်။



ငါးများကို ကျပ်တင်ရာတွင် ငါးမြစ်ချင်းများကိုသာရွေး၍ ကျပ်တင်ပြီး ငါးအစို ပိဿာ ၁၀၀ ကို ကျပ်တင်လျှင် ပိဿာ ၃၀ နီးပါးသာရသည်။ ငါးအစို တစ်ပိဿာ ၂၆၀၀ ကျပ် ဈေးပေးရကြောင်း သိရသည်။ **လင်းလက်ကြယ်စင်**

## ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် နွေစပါးစိုက်ပျိုးရေးကွင်းဆင်းကြည့်ရှု

**ရေစကြို မတ် ၁**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်သည် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းတို့နှင့်အတူ ပခုက္ကူခရိုင် စိုက်ပျိုးရေးကြီးကြပ်အဖွဲ့ဝင်များ လိုက်ပါ၍ ဖေဖော်ဝါရီ ၂၅ ရက်က ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် နွေစပါးစိုက်မည့် ကျောက်ခတ်ကွင်းသို့ ရောက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး နွေစပါးစိုက်ဧက ပြည့်မီရေး၊ အချိန်မီစိုက်ပျိုးရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ လက်ရှိစိုက်ပျိုးထားသည့် ကြားသီးနှံ ကုလားပဲနှင့် မတ်ပဲ စိုက်ခင်းများမရိတ်သိမ်းမီ စပါးပျိုးပင်များကို ကြိုတင်ပျိုးထောင်ထားရှိပြီး ကြားသီးနှံ ရိတ်သိမ်းပြီးလျှင်ပြီးချင်း နွေစပါး အချိန်မီ စိုက်ပျိုးရေး ရေပေးရန်၊ ထွန်ယက်စိုက်ပျိုးရန်တို့ကို မှာကြားခဲ့သည်။

၂၀၁၄-၂၀၁၅ နွေစပါးကို ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် ကျောက်ခတ်ကျွန်းကွင်း၌ ပုလဲသွယ် အထူးအထွက်တိုး တစ်ကွင်းတစ်စပ်တည်း ဧက ၅၀ အပါအဝင် ဧက ၂၅၀၊ ရေကျနောက်စိုက်ဧက ၈၀ မြေအောက်ရေဖြင့် ဧက ၇၀ စုစုပေါင်း နွေစပါးဧက ၄၀၀ ကို အပြည့်အဝ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် လျှပ်စစ်မြစ်ရေတင်မှ တစ်ဆင့် နှစ်မိုင်ဝေးကွာသော သောက်သုံးရေခက်ခဲနေသည့် ကျောက်ဖူးရွာ ရေရရှိရေး ပိုက်လိုင်းများ သွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

## ဒက္ခိဏသီရိမြို့နယ်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉နာရီတွင် လစဉ်ပုံမှန် လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးစောလှက ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေးနှင့် ပြည်သူများ လွယ်ကူစွာသွားလာနိုင်ရန်အတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နေမှုနှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်တိုက်မှုများမကြာခဏ ဖြစ်ပေါ်နေသောကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကျေးရွာများအတွင်း အရန်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုနှင့် ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကာ သမဝါယမအသင်းများကို ငါးယောက်တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အထောက်အကူပြု ကော်မတီဝင်များ၏ ဆွေးနွေးတင်ပြမှုအပေါ် နေပြည်တော်ကောင်စီဝင် ဦးစောလှက လိုအပ်သည်များ မှာကြားဆောင်ရွက်ခဲ့သည်။ **ဆုထက်လှိုင်**





ပညာရေးဝန်ကြီးဌာနမှ
SP PS
**Summit** ကိုယ်ပိုင်မူလတန်းကျောင်း
(မှတ်ပုံတင်အမှတ်-ကက-၁၃/၃၈/၀၄၁)
အမှတ် (၉၁)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့
၀၁-၅၃၈၃၉၈၊ ၀၉-၄၅၀၀၆၆၈၁၂၊ ၀၉-၇၃၁၅၀၃၄၇

- "စရိုက်စစ်စာမေးပွဲ"ထူးချွန်စွာအောင်မြင်ရေး ၊ သူငယ်တန်းမှစ၍ လေ့ကျင့်ပျိုးထောင်ပေးရန်။
- နိုင်ငံတကာအဆင့် အင်္ဂလိပ်စာအခြေခံ၊ ပိုင်နိုင်ကျွမ်းကျင်ရန်။
- ကျောင်းသူ/ကျောင်းသားများ၏ဘာသာစုံ၌ အရည်အချင်းအလိုက် တိုးတက်လာရန်။
- " Critical Thinking" တွေးခေါ်ကြံဆသုံးသပ်၍ လက်တွေ့အသုံးချတတ်ရန်။
- တက်စုံဖွံ့ဖြိုးတိုးတက်လာသော လူကောင်း ၊ လူတော်လေးများ ပေါ်ထွန်းလာရန်။

တနင်္လာ မှ သောကြာ - နံနက် ၈:၃၀ ~ ညနေ ၃:၀၀

edexcel

# MYANMAR NOBLE COLLEGE

- နိုင်ငံတကာတက္ကသိုလ်များတွင် အင်ဂျင်နီယာဘာသာရပ်များအားတိုက်ရိုက်တက်ရောက်နိုင်သည့် UK နိုင်ငံ Business and Technology Education Council (BTEC) ၏ Higher National Diploma (HND) တန်းခွဲသစ်အား Myanmar Noble College တွင် (9.3.2015) ရက်နေ့တွင် ဖွင့်လှစ်သွားပါမည်။
- သင်ယူနိုင်သော အင်ဂျင်နီယာဘာသာရပ်များမှာ -
  - Construction and The Built Environment (Civil Engineering)
  - Mechanical Engineering
  - Electrical and Electronic Engineering
- UK နိုင်ငံ BTEC (HND) Syllabus များအတိုင်းသင်ကြားလျက်ရှိသည့်အတွက် Myanmar Noble College မှ HND Certificate ရရှိပြီးနောက် UK နှင့် Singapore နိုင်ငံများရှိ University of the West of England(UWE) , Psb Academy , MDIS တို့တွင် (၂) နှစ်တက်ရောက်၍ Bachelor of Engineering(BE) ဘွဲ့များရရှိနိုင်ပါမည်။
- အခြေခံပညာအထက်တန်းနှင့် GCE 'O' Level အောင်မြင်ပြီးသူများ Foundation မှစတင်တက်ရောက်ရပါမည်။ နည်းပညာတက္ကသိုလ်များတွင် ဒုတိယနှစ်တက်ရောက်နေသူများ Year I မှစတင်တက်ရောက်နိုင်ပါသည်။
- နိုင်ငံတကာတက္ကသိုလ်များမှ BE ဘွဲ့များကိုအချိန်နှင့်ငွေကြေးကုန်ကျမှု သက်သာစွာဖြင့် ရရှိနိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။
- အသေးစိတ်အချက်အလက်များအား ကျောင်းသားရေးရာဌာန ဖုန်း - 01 220476 တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Myanmar Noble College - Ph:01-220476 , 09-73163975
အမှတ် (၁၀၈)၊ နှင်းဆီလမ်း (အထက်)၊ အလုံမြို့နယ်၊ ရန်ကုန်။


ပြည်သူ့အတွက်
SKY NET
၂၀၁၅ နှစ်သစ်အထူးအစီအစဉ်ကာလ ထပ်မံတိုးမြှင့်ခြင်း
သတင်းကောင်း
အစဉ်တစိုက် ကြည့်ရှုအားပေးကြသော မိဘပြည်သူများ၏
ကျေးဇူးကိုတုံ့ပြန်သောအားဖြင့် ၂၀၁၅နှစ်သစ် အထူးအစီအစဉ် ကာလကို
( ၃၁.၃.၂၀၁၅) ရက်နေ့အထိ ထပ်မံတိုးမြှင့် လိုက်ပါသည်။
SN-1 PACKAGE
ရုပ်သံလိုင်း ၃၁++
လစဉ်ကြေး ၃၆၀၀ ကျပ်
SN-3+HD PACKAGE
Full HD ၁၀ လိုင်း အပါအဝင်ရုပ်သံလိုင်း ၁၁၈++
၃၆ လအရစ်ကျစနစ်
လစဉ်ကြေး ၁၃၅၀၀ ကျပ်
PACKAGE အသစ်
SN-9 PACKAGE
Full HD ၄ လိုင်း အပါအဝင်ရုပ်သံလိုင်း ၈၀++
အထူး အစီအစဉ်ကာလ
~~လစဉ်ကြေး(၇၀၀၀)ကျပ်~~
အထူးနှုန်း
လစဉ်ကြေး ၆၃၀၀ ကျပ်
SKY NET DTH
Full HD 1080p
~~55000 Ks~~
45000 Ks
အထူး အစီအစဉ်ကာလ
HOT LINES: 01-9010220, 01-9010221, 01-9010222, 01-9010223, 01-9010224
သက်ဆိုင်ရာ မြို့နယ် RSP များထံတွင် စုံစမ်း မေးမြန်းဝယ်ယူအားပေးနိုင်ပါသည်။

# PACKAGE အလိုက်ပါဝင်သော ရုပ်သံလိုင်းများ

## SN-1 PACKAGE ၃၁⁺⁺လိုင်း

**အခြားစိတ်ဝင်စားဖွယ်ရာ:** BUDDHA, MRTV, MRTV Entertainment, mntv, Channel 9, M-Biz, CH-1, Hadaya, arirang

**ရုပ်ရှင်၊ ဇာတ်လမ်းတွဲ:** Myanmar Movies, Asian Movies, World Drama

**အားကစား:** Eurosport, Fox Sports News

**ပဟုသုတနှင့် သတင်း:** mitv, Knowledge, Nat Geo Wild, ALFC, Police Channel, Up to Date, Channel NewsAsia, Health, Hluttaw, CCTV News, Bloomberg

**ကလေး၊ လူငယ်၊ ဂီတ:** teen, Cartoon, M

## SN-9 PACKAGE ၈၀⁺⁺လိုင်း

**အခြားစိတ်ဝင်စားဖွယ်ရာ:** BUDDHA, FOX CRIME, StarWorld, Zee Premiere, BBC entertainment, Universal Channel HD, Zee TV, MCOT, NHK World, KBS World, DW, CCTV 4, eve, fyi, Fashion, MRTV, MRTV Entertainment, mntv, Channel 9, M-Biz, CH-1, Hadaya, arirang

**ရုပ်ရှင်၊ ဇာတ်လမ်းတွဲ:** World Movies, Fox Family Movies, Fox Movies Premium, Fox Action Movies HD, Star Chinese, FX, AXN, Asian Movies, Myanmar Movies, World Drama

**ပဟုသုတနှင့် သတင်း:** National Geographic, Nat Geo People, Animal Planet, Discovery Channel, TLC, Crime & Investigation, History HD, CCTV 9, Phoenix InfoNews, France 24, BBC World News, CNBC, CCTV News, Hluttaw, Health, Bloomberg, Channel NewsAsia, ALFC, Police Channel, Up to Date, mitv, Knowledge, Nat Geo Wild, Outdoor Channel

**အားကစား:** Fox Sports 1, Fox Sports 2, Fox Sports 3, Eurosport, Fox Sports News

**ကလေး၊ လူငယ်၊ ဂီတ:** BabyTV, Cartoon Network, Nick Jr., CBeebies, Discovery Kids, Animax, Zing, nick, Channel [V], teen, Cartoon, M

## SN-3 + HD PACKAGE ၁၁၈⁺⁺လိုင်း

**အခြားစိတ်ဝင်စားဖွယ်ရာ:** DIVA Universal, Sun TV, E!, Comedy Central, NHK World Premium, ITV Choice, StarWorld, Universal Channel HD, BUDDHA, FOX CRIME, Zee Premiere, BBC entertainment, Zee TV, MCOT, NHK World, KBS World, DW, CCTV 4, eve, fyi, Fashion, MRTV, MRTV Entertainment, mntv, Channel 9, M-Biz, CH-1, Hadaya, arirang

**ရုပ်ရှင်၊ ဇာတ်လမ်းတွဲ:** Red by HBO, Cinemax, HBO, Sky Net Movies HD, HBO HD, World Movies, Fox Family Movies, Fox Movies Premium, Fox Action Movies HD, Star Chinese, FX, AXN, Asian Movies, Myanmar Movies, World Drama

**အားကစား:** Sky Net Sports HD, Sky Net Sports 1, Sky Net Sports 2, Sky Net Sports 3, Sky Net Sports 4, Sky Net Sports 5, Sky Net Sports 6, MUTV, Golf Channel, Eurosport News, ASN, Edge Sport, Fox Sports 1, Fox Sports 2, Fox Sports News, Eurosport, Fox Sports HD

**ပဟုသုတနှင့် သတင်း:** H2, Lifetime, NDTV 24x7, Travel Channel, Motorvision, Discovery Science, DMAX, CNN, National Geographic, Nat Geo People, Discovery HD World, Animal Planet, Discovery Channel, Fox News, TLC, Crime & Investigation, Sky News, CCTV 9, Phoenix InfoNews, France 24, CNBC, CCTV News, Hluttaw, Health, Bloomberg, Channel NewsAsia, BBC World News, ALFC, Police Channel, Up to Date, mitv, History HD, Knowledge, Nat Geo Wild, Outdoor Channel

**ကလေး၊ လူငယ်၊ ဂီတ:** Nat Geo Music, MTV Live HD, MTV China, MTV SEA, BabyTV, Cartoon Network, Discovery Kids, Nick Jr., Animax, CBeebies, nick, Zing, Channel [V], Cartoon, teen, M

CHINDWIN BUSINESS SCHOOL

# MBA



## MBA for Working Executives


- ဘွဲ့တစ်ခုရရှိထားပြီး၊ လုပ်သက်၃နှစ်၊ အသက် ၂၃နှစ်ပြည့်ပြီးသူများ တက်ရောက်နိုင်သည်။ (ထူးချွန်သူများကို အသက်နှင့် လုပ်သက် exemption ပေးမည်)
- တစ်လလျှင် ၄ရက် intensive ရန်ကုန်၊ နေပြည်တော်၊ မန္တလေး နှင့် ASEAN မြို့တော်များတွင် အလှည့်ကျ တက်ရောက်ရမည်။
- 100% Assignment Based Assessment ဖြစ်သည်။
- ၁၀လတက်ရောက်အောင်မြင်လျှင် BTEC Level 7 Leadership & Management Diploma ရရှိမည်။ ဆက်လက်ပြီး Dissertation ၆လပြုလုပ်အောင်မြင်လျှင် University of Sunderland မှ ချီးမြှင့်သည့် MBA ရရှိမည်။

First 10 Candidates အတွက် Early Bird Discount ရှိပါသည်

**Yangon** | No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon. ☎ 01 297673, 298137
**Mandalay** | Corner of (77x78)st & (31x32)st, Sebal Building, Greatwall Condo Complex. ☎ 02 72179, 74179

www.facebook.com/chindwincollege

CHINDWIN COLLEGE
*helping you engineer your future*



## CHINDWIN BUSINESS SCHOOL

- 2015 First Semester အတွက် Foundation နဲ့ BTEC Higher National Diploma တန်းများစတင် ဖွင့်လှစ်နေပြီ။
- ၁၀တန်းအောင်ပြီးသူများ ပထမနှစ်တက်နေသူများ၊ Foundation တန်း တက်ရောက်နိုင်သည်။ Foundation ပြီးလျှင် Management, Accounting, Hospitality ၃မျိုးရွေးချယ်ခွင့်ရှိသည်။
- - Foundation ပြီးသူများ
  - ဒုတိယနှစ်တက်နေသူများ
  - LCCI Level 3 ပြီး သူများ
  - ABE Advanced Diploma ပြီးသူများ
  BTEC Higher National Diploma လ ၂၀သင်တန်း တက်ရောက်နိုင်သည်။
- BTEC HND ပြီးလျှင် UK တက္ကသိုလ်များတွင်ဖြစ်စေ၊ Chindwin TU International College တွင်ဖြစ်စေ နောက်ဆုံးနှစ် တက်ရောက်နိုင်သည်။

Business ယခုလအတွင်း ကျောင်းအပ်နှံလျှင် Foundation 20% BTEC HND 10% Discount ပေးမည်။

www.facebook.com/chindwincollege

**Yangon** | No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon. ☎ 01 297673, 298137
**Mandalay** | Corner of (77x78)st & (31x32)st, Sebal Building, Greatwall Condo Complex. ☎ 02 72179, 74179

# မွေးနေ့ဆုမွန်လွှာ

တပည့်တစ်ဦးတိုင်း တစ်ယောက်တိုင်းရဲ့

ဘဝများကို အမြဲနွေးထွေးလုံခြုံစေတဲ့

ချစ်သော "ဆရာ ဦးဝေလွင်" ၏

ယနေ့ကျရောက်သော မွေးနေ့မှသည်

နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်ပြည့်စုံသော

မိသားစုနှင့်အတူ ကျန်းကျန်းမာမာ

စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေလို့

**TMW Group of Companies** ဝန်ထမ်းများမှ

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးခင်စော (စစ်တွေ)**

**အဖွဲ့စိတ်မှူး(ငြိမ်း)၊ ကုန်သွယ်လယ်ယာ**

**အသက်(၈၁)နှစ်**

သူငယ်ချင်းဒေါက်တာစိုးခန့်၏မိခင်သည် ၂၃-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1982-1991 Batch B.V.S မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**Pi Simona Ngai Sian Luan**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသက်(၆၆)နှစ်**

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)၏ အလုပ်အမှုဆောင်ကော်မတီဝင် Pi Simona Ngai Sian Luan မြို့နယ်ပညာရေးမှူး(ငြိမ်း)သည် ၁၄-၂-၂၀၁၅ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တီးတိန်မြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်စိန် (၈၁)နှစ်**

ဗိုလ်မှူးချုပ်ငွေးနိုင်-ဒေါ်ဥမ္မာမြင့်တို့၏ဖခင် ဦးအောင်စိန်(၈၁)နှစ်သည် သံတွဲမြို့နယ်၊ ကင်းမွန်ရွာ၌ ၂၀-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၆)မှ**

**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးရွှေ**

**ဂုဏ်ထူးဆောင်နာယကကြီး၊ ကျိုက်လတ်မြို့နယ်အသင်း**

ကျိုက်လတ်မြို့နယ်အကျိုး၊ မိသားစုအကျိုးအတွက် စေတနာအပြည့်အဝထားဆောင်ရွက်ခဲ့သည့် နာယကကြီးသည် ရောက်ရှိရာဘုံဘဝမှသည် မြတ်နိဗ္ဗာန်သို့တိုင်အောင် တက်လှမ်းရောက်ရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အမျှပေးဝေအပ်ပါသည်။

**အသင်းနာယကကြီးများဖြစ်သည့်**
**စည်သူဗိုလ်ကလေးတင့်အောင်**
**ဦးမင်းနိုင်နှင့်အသင်းအမှုဆောင်များ**
**ကျိုက်လတ်မြို့နယ်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးစိန်မြင့်**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ရန်ကုန်-အင်းစိန်လမ်းမကြီးနေ ဦးမာတင်-ဒေါ်အေးရွှေတို့၏အစ်ကို၊ (ဦးတင်ညွန့်)၊ (ဦးမျိုးအောင်)-ဒေါ်မူယာ၊ ဦးအောင်မြင့်ငွေး(လ/ထ အထွေထွေမန်နေဂျာ-ဖောင်ဖွဲ့ရေး)-ဒေါ်ချိုချိုမြင့်၊ ဦးကြည်ဆန်း-ဒေါ်မြင့်မြင့်စန်းတို့၏ဖခင်၊ (ဒေါ်အေးမြိုင်)၏ ခင်ပွန်း ဦးစိန်မြင့် အသက်(၈၄)နှစ်သည် ၂၁-၂-၂၀၁၅ ရက် (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသန့်-ဒေါ်ရီရီမြ**
**ဒုတိယအထွေထွေမန်နေဂျာနှင့်**
**မြန်မာ့သစ်လုပ်ငန်း**
**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအေးထိုက်လွင်(ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန၊ တိုက်ကြီးမြို့)**

(ဦးတင်ပို-ဒေါ်စောကျင်)တို့သား (ဦးတာကြဲ-ဒေါ်ဝိုင်းလေး)တို့၏ သားသမက် (ဒေါ်တင်ရီ)၏ခင်ပွန်း ဦးအေးထိုက်လွင် အသက်(၅၉)နှစ်သည် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(တိုက်ကြီး)**
**ဆည်မြောင်းဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းကြည်**

**အသက်(၈၀)**

ရန်ကုန်မြို့ ဗိုလ်ကြီးခင်မျိုး(ငြိမ်း)- ဒေါ်မြင့်မြင့်သန်းတို့၏မိခင်ဖြစ်သူ ဒေါ်သိန်းကြည်သည် ၂၁-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

**စာအုပ်စာပေလှူမိတ်ဆွေ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အုံးကြည်**

**အသက်(၈၁)နှစ်**

**(ဆိပ်ခွန်ရွာ)**

ဦးသိန်းထူး-ဒေါ်ကြည်ကြည်ထွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂၅-၂-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မိုး-ဒေါ်အေးမြအောင်**

Steel Dragon ဆိုင်အမှတ်(၁)၊ အမှတ်(၄၀-၄၁)၊ သီရိမွန်ပလာဇာဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
Steel Dragon ဆိုင်အမှတ်(၂)၊ အမှတ်(၁၄၉၇)၊ ပြည်ထောင်စုလမ်းမကြီး၊ တ/ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
Steel Dragon ဆိုင်အမှတ်(၃)၊ အမှတ်(ပ-၁၇၆)၊ ဘောဂသီရိအဝေးပြေးယာဉ်နားစခန်း၊ နေပြည်တော်
Steel Dragon ဆိုင်အမှတ်(၄)၊ အမှတ်(၉၈)၊ ကျိုက္ခမီလမ်း၊ ဒေါင်းဇရပ်၊ မော်လမြိုင်မြို့
Steel Dragon ဆိုင်အမှတ်(၅)၊ ၄၂ လမ်း၊ ၈၁×၈၂ ကြား၊ မန္တလေးမြို့ **မှ ဝန်ထမ်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ/(S-71)၊ မြေကွက်အမှတ်-V၁၇၃၊ မြေကွက်တည်နေရာအမှတ်-၁၀၀၊ အောင်မင်္ဂလာလမ်း၊ကျောက်မြောင်းကြီးရပ်ကွက် L.D David အမည်ပေါက်၊ နှစ်(၉၀)ဂရန်မြေအား ပိုင်ဆိုင်စာချုပ်-၉၁/၁၉၅၆ အရ ဦးမောင်လှ၊ ဒေါ်စန်းရင်တို့မှပိုင်ဆိုင်ပြီး၊ အရောင်းအဝယ်စာချုပ် ၈၁/၁၉၅၆ဖြင့် ဦးဘိုးသွယ်၊ ဒေါ်ခင်မြတို့မှပိုင်ဆိုင်ကာ ၎င်းတို့ကွယ်လွန်၍ ပိုင်ဆိုင်စာချုပ်-၉၈၄၅/၂၀၁၄နှင့် စွန့်လွှတ်စာချုပ်-၉၈၄၅/၂၀၁၄အရ ဦးကျော်မြင့်[၁၂/ဗဟန(နိုင်)၀၉၄၄၀၄]မှ ပိုင်ဆိုင်လာပြီး ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းတို့၏ထောက်ခံချက်များတင်ပြကာ ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဒဂုံဆိပ်ကမ်း အလက(၁)ထခွဲ နဝမတန်း (A)တွင် ပညာသင်ကြားနေသော မောင်ဖိုးရှယ်၏ အမည်မှန်မှာ မောင်ဝင်းလွင်မျိုး ဖြစ်ပါသည်။ **မောင်ဝင်းလွင်မျိုး**

## ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ) Ph.D,D.Lit

**ကဗျာစာဆိုသရဖူဘွဲ့ရ(ဂျပန်ပြည်)**

**One Thousand Great Asians England**

**ဒုတိယဝန်ကြီး(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

၂-၁၀-၂၀၀၉ရက်တွင် ကွယ်လွန်သွားခဲ့သော အလှူ့ဒါယကာကြီး ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)အား (၅)နှစ်(၅)လပြည့်ရည်မှန်း၍ ရေတွင်းကုန်းကျောင်းတိုက်ဆရာတော်အား ဆွမ်းကပ်ခြင်း၊ အလှူငွေထည့်ခြင်း၊ ပို့ဆွမ်းများဆက်ကပ်ခြင်းစသော ကောင်းမှုဒါနအစုစုအား မိသားစုမှ ပြုလုပ်ပါသည်။ ရောက်ရှိရာဘုံဘဝမှ အေးချမ်းစွာ အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

အမျှ အမျှ အမျှ

**ချစ်ဇနီး-ဒေါ်လှယဉ်ယဉ်စိုးနှင့်မိသားစု**

## ထပ်တူဝမ်းနည်းကြေကွဲခြင်း

**ဦးအေးမင်းချို(ခ)ချိုကြီး**

**အသက်(၆၀)**

သူငယ်ချင်းဒေါ်နှင်းဆီ(သျှင်ပါကူ၊ စင်ထရယ်ဓာတ်ခွဲခန်း)၏ ခင်ပွန်းသည် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**၁၉၇၉ ခုနှစ်၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးညွန့်တင် (တိုက်ကြီး)**

**အသက်(၇၉)နှစ်**

**ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဒေါ်အိအိတင်၏ဖခင် ကန်တော့ခံ သက်ကြီးသတင်းစာပညာရှင် ဦးညွန့်တင်သည် ၂၆-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**

## အထူးကျေးဇူးတင်လွှာ

၁၈-၂-၂၀၁၅ ရက်တွင် လောက်ကိုင်စစ်ဆင်ရေးအတွင်း ကျဆုံးခဲ့သော ဗိုလ်ကြီးရဲစည်သူအောင် အမှတ်စဉ်(၅၅)၏ ဈာပနအခမ်းအနားနှင့် ရက်လည်ဆွမ်းသွတ်အခမ်းအနားကို ဦးဆောင်စီစဉ်ပေးခဲ့သော တပ်မ (၁၁) တပ်မမှူးနှင့် ခမရ (၂၁၇) တပ်ရင်း၊ ကွမ်လုံဗျူဟာရုံးမှ အရာရှိစစ်သည်များ၊ ကွမ်းလုံမြို့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပံ့ပိုးကူညီခဲ့ကြသည့် မိတ်ဆွေများ၊ မိသားစုများအား အားပေးနှစ်သိမ့်ပေးကြသည့် မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုင်းကျော်စွာခင်**

**အသက်(၅၆)နှစ်**

မြန်မာနိုင်ငံသတင်းစာဆရာအသင်းနာယက ဦးခင်မောင်လေး(ဆရာကြီးဖိုးသောကြာ)၏စတုတ္ထသား ဦးစိုင်းကျော်စွာခင်သည် ၂၄-၂-၂၀၁၅(အင်္ဂါနေ့) ည ၈း၀၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**မောင်ကေမင်းထက်**

**အသက်(၂၁) နှစ်**

တောင်ကြီးမြို့နေ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မင်း(ငြိမ်း) ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)၊ ဒေါ်နန်းလင်းသီတို့၏သားထွေး မောင်ကေမင်းထက်သည် ၂၁-၂-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့် ဦးထွန်းအောင်ဇံနှင့်တောင်ကုတ်စည်ပင်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**‘ဘုရား ၊ ရဟန်း ၊ သိမ် ၊ ကျောင်း ၊ ဇရပ်ဒါယိကာမကြီး’**

**အုံရှုတား (ခ) ဒေါ်ငွေးကြည်**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့နေ ၊ဦးထွန်းကြည် (ExecutiveDirector)၊ ဒေါ်တင်လှမြင့် (Director) တို့၏ မိခင်ကြီး အုံရှုတား(ခ) ဒေါ်ငွေးကြည် အသက် (၇၁)နှစ်သည် (၂၄.၂.၂၀၁၅) ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Ta-Fa Trading Co., Ltd. ဒါရိုက်တာများနှင့် ဝန်ထမ်းမိသားစုများ၊**
**Myanmar Super Dragon Group ဒါရိုက်တာများနှင့် ဝန်ထမ်းမိသားစုများ၊**

## အထူးဝမ်းနည်းကြေကွဲခြင်း

**‘ဘုရား ၊ ရဟန်း ၊ သိမ် ၊ ကျောင်း ၊ ဇရပ်ဒါယိကာမကြီး’**

**အုံရှုတား (ခ) ဒေါ်ငွေးကြည်**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့နေ ၊ဦးထွန်းကြည် (ExecutiveDirector)၊ ဒေါ်တင်လှမြင့် (Director) တို့၏ မိခင်ကြီး အုံရှုတား(ခ) ဒေါ်ငွေးကြည် အသက် (၇၁)နှစ်သည် (၂၄.၂.၂၀၁၅) ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Noble Beauty Business Group Co., Ltd. ဒါရိုက်တာများနှင့် ဝန်ထမ်းမိသားစုများ၊**
**Great Lucky Star Co., Ltd. ဒါရိုက်တာများနှင့် စက်ရုံဝန်ထမ်းမိသားစုများ၊**

Hot Line No-0930500100

ကျွန်တော်တို့ သတိပြုရမယ့်အချက်တစ်ခုဟာ အခွင့်အရေးတစ်ခုကို လွဲမှားစွာအသုံးပြုခြင်းဖြင့် အခြားအခွင့်အရေးများကို ဆုံးရှုံးစေတယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ မေလ ၅ ရက်နေ့ မိန့်ခွန်းမှ ကောက်နုတ်ချက်)

# တောင်သူလယ်သမားနေ့ အထိမ်းအမှတ်ပွဲတော် ကျင်းပ

**ရန်ကုန်　　မတ်　　၁**

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)မှ ကြီးမှူးကျင်းပသောတောင်သူလယ်သမား ဂုဏ်ပြုပွဲတော်နှင့် ကောက်သစ်စားပွဲတော်ကို ယဉ်ကျေးမှုပြပွဲနှင့်အတူ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံ၌ မတ် ၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ အနယ်နယ်အရပ်ရပ်မှလာရောက်ကြသော ဟိန္ဒူ ဘာသာဝင် တမီလ်မျိုးနွယ်စုများဖြင့် အထူးစည်ကားလျက်ရှိသည်။

၂၀၁၅ ခုနှစ် ပွဲတော်ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ကပ္ပတိန် ဦးဟင်နရီခင်မောင်က "တောင်သူလယ်သမားတွေကိုဂုဏ်ပြုတယ်ဆိုတာက တကယ်တမ်းတော့ မြေကိုအသုံးပြုပြီး သီးနှံကောင်းအောင် သူတို့ကပြုလုပ်ခဲ့ကြတယ်လေ။ ဒါကြောင့် ရာသီဥတုမှာမှအထူးလိုအပ်တဲ့ နေမင်းကြီးအပါအဝင် လယ်တောထဲမှာ ရုန်းကန်ခဲ့တဲ့ ကျွဲ၊ နွားတွေကို လေးစားစွာဂါရဝပြုတဲ့အနေနဲ့ ဒီလိုပြုလုပ်ပေးလိုက်တာပါ။ ကျွန်တော်တို့ မျိုးနွယ်စုအများစုကတောင်သူလယ်သမားမျိုးနွယ်စုကဆင်းသက်လာကြတာလေ။ ဒါကြောင့်တောင်သူလယ်သမားတွေကို ပြန်ပြီးဂုဏ်ပြုပေးလိုက်တာပါ။ အိန္ဒိယနိုင်ငံက တမီလ် မျိုးနွယ်စုတွေအားလုံးဟာလည်း အိန္ဒိယနိုင်ငံ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်း ဇန်နဝါရီ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**



# လေပြင်းတိုက်ခတ်မည့် သတိပေးချက်

**နေပြည်တော်　　မတ်　　၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ နွေကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီ မကျရောက်မီ နွေကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(ကြေးမုံ)

# (၂၃)မိုင်ရှိ သောင်းကျန်းသူအခြေပြုတောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ရှင်းလင်းသိမ်းပိုက်ပြီး လောက်ကိုင်-ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်းဖွင့်လှစ်

သတင်းစာမျက်နှာ - ၁၁

## ယနေ့မာတိကာ


မင်းသားဝီလျံ ဂျပန်ခရီးစဉ်တွင် ဆူနာမီဘေးဒဏ်မှ လွတ်မြောက်သူများနှင့် တွေ့ဆုံ　စာမျက်နှာ - ၄

ထုံးမီးစံမျှ အုန်းလောက ဇီဝလောင်စာ ထုတ်တော့မည်　စာမျက်နှာ - ၅

တပေါင်းသာခေါင် လမျှားနောင်　စာမျက်နှာ - ၁၀


# ထိပ်ဆုံးမှရန်ကုန်အသင်း ရှစ်ပွဲဆက်တိုက်အနိုင်ရ

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

**၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်နှင့် ဇွဲကပင်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။**

**(တောင်ကြီးကွင်း)**

ရန်ကုန် - သုံးဂိုး

(ကြည်လင်း- နှစ်ဂိုး၊ ကျော်ကိုကို-တစ်ဂိုး)

ကမ္ဘောဇ - တစ်ဂိုး

(အာရစ်-တစ်ဂိုး)

နိုင်ပွဲဆက်နေသည့် ရန်ကုန်အသင်းကို အိမ်ကွင်း၌ ကမ္ဘောဇအသင်းကလည်း ရပ်တန့်နိုင်ခြင်းမရှိခဲ့ပေ။ ယခုပွဲတွင် တိုက်စစ်မှူး ဆီဇာ၏ ဂိုးသွင်းဆက်နေမှု ရပ်တန့်ခဲ့သော်လည်း ရန်ကုန်အသင်းမှာ ရှစ်ပွဲဆက်အနိုင်ရပြီး ထိပ်ဆုံး၌ ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။

ရန်ကုန်အသင်းတွင် ဆီဇာ၊ ကြည်လင်း၊ ကျော်ကိုကို၊ အီမာဆင်တို့ဖြင့် လူစုံပါဝင်ခဲ့သလို ကမ္ဘောဇအသင်းတွင်လည်း ဝင်းမင်းထွန်း၊ ကျော်ဇင်ထက်၊ စိုးမင်းဦးတို့ဖြင့် လူစုံခဲ့သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●**




""လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲဖို့ နယူးဟော်လန်ထွန်စက်များကို သုံးကြစို့""

ဧရာဝတီတိုင်း၊ ပဲခူးတိုင်း နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ နယူးဟော်လန်ထွန်စက်များ၏ ကြံ့ခိုင်မှုအတွက်(၁၆.၃.၂၀၁၅) မှ (၈.၅.၂၀၁၅) အထိ လယ်ကွင်းထဲအရောက် အခမဲ့လာရောက်စစ်ဆေးပေးမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ် များသို့ ဆက်သွယ်ကြပါရန်လေးစားစွာအသိပေးအပ်ပါသည်။




(၃)နှစ် (၄)ရစ် စနစ်ဖြင့်ရောင်းချပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ

အမှတ်(၁၁၅၉)၊ ဂိတ်အမှတ်(၂)၊ FMI ပဒေသာပင်မြို့တော်၊ ရန်ကုန်-ပုသိမ် လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

အရောင်းဌာန(ဖုန်း) - (၀၁)၆၈၇၀၀၁၂၊ ၆၈၇၀၀၀၃၊ ၆၈၇၈၈၈၀၊ (၀၉) ၂၅၀၁၇၀၀၈၂၊ ၇၃၀၇၀၈၃၀၊ ပြုပြင်ရေးဌာန (ဖုန်း) - (၀၉) ၇၉၉၅၂၀၃၈၀၊ ၇၉၉၅၂၀၃၈၂

